# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၈၁)


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏ ။

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၄၅)

# ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီ၏ စွမ်းရည်များ တိုးတက်လာအောင်ဖော်ထုတ်

# လေးစားဂုဏ်ယူအားထားရသည့် ဝန်ထမ်းအဖွဲ့အစည်းကောင်းတစ်ရပ်ဖြစ်လာရေး ကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်ထုတ်ပြန်ကြေညာသည့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံရုံးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်**
(သတင်းစဉ်)

**မြန်မာတိုင်းရင်းနည်းဖြင့် မျက်စိကုသမှုတွင် ဆိုးကျိုးများရှိနေကြောင်း မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းက ရှင်းလင်းပွဲပြုလုပ်**

စာ » ၅

**မိုဆူးလ်မြို့ကို အောင်နိုင်ခဲ့သည့် လက်နက်ကိုင်တပ်ဖွဲ့ဝင် အင်အားစုများကို အီရတ်ဝန်ကြီးချုပ်ဂုဏ်ပြု**

စာ » ၁၀

**ကြီးအုံကြီးဝ ရေလှောင်တမံ ကန်ရေပြည့် ပမာဏထက် ကျော်လွန်လျက်ရှိ**

စာ » ၁၁


YOKOHAMA

မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် -

အနော်ရထာ တာယာအရောင်းပြခန်း

အမှတ် - ၂၆၉၊ ဘားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မြေနီကုန်း - 01-501901, 09-421167021, 535837, 09-420237009, 539539, 532174, 527149, 523766

ဘုရင့်နောင် - 01-682562, 683665,683200, 686419



မြန်မာ့အလင်း

# နောက်ထပ်မမြင်လို၊ မကြားလိုတော့ပါ

ခရီးသည်အများအပြား သေဆုံးခဲ့ပြီး စိုးရိမ်ရသော အခြေအနေများဖြင့် ဒဏ်ရာရသူများကို ဆေးရုံတင်ကုသထားရသည့် အဆိုးရွားဆုံးမှတ်တမ်းဝင် ဝိုင်ဘီအက်စ် ယာဉ်တိုက်မှုကြီး၏နောက်ဆက်တွဲဖြစ်ရပ်များမှာ သင်ခန်းစာယူဖွယ်၊ သံဝေဂရဖွယ်၊ စိတ်မကောင်းဖွယ်ရာများပင်ဖြစ်သည်။ ယာဉ်တိုက်မှုတွင် အဓိကတာဝန်ရှိသူ ဝိုင်ဘီအက်စ် ၅၅ ယာဉ်မှ ယာဉ်မောင်းမှာ သေဆုံးသွားခဲ့ပြီဖြစ်သလို အဆိုပါယာဉ်လိုင်းမှ တစ်ဦးချင်းပိုင်ကားများမှာလည်း ပြေးဆွဲခွင့် ပိတ်သိမ်းခံခဲ့ရပြီဖြစ်သည်။

ရန်ကုန်မြို့ ခရီးသည်တင် ဘတ်စ်ကားစနစ်သစ် စတင်ခဲ့သည့် ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ စနစ်အကူးအပြောင်းကာလ အဆင်မပြေမှုများအပေါ် ဝေဖန်မှုများ အများအပြားရှိနေခဲ့ရာ အဓိကအားဖြင့် မထသ စနစ်ဟောင်းကအတိုင်း ယာဉ်နောက်လိုက်များ ဝန်ဆောင်မှုညံ့ဖျင်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ချိုးဖောက်ခြင်း၊ မော်တော်ယာဉ်ဟောင်းများကို ဆက်လက်သုံးစွဲနေရာတွင် ကြံ့ခိုင်မှုများအားနည်းနေခြင်း၊ ကိုယ်ရကိုယ်ယူစနစ်ကြောင့် ခရီးသည်လုရာမှ အပြိုင်မောင်းနှင်ခြင်း၊ ခရီးသည်များကို ဆွဲတင် တွန်းချခြင်းစသည့် ပုံရိပ်ဟောင်းများ ပျောက်ကွယ်သွားခြင်းမရှိဘဲ ဝိုင်ဘီအက်စ်စနစ်တွင်ပါ ဆက်လက်ဖြစ်ပေါ်နေခြင်းကို ထောက်ပြကြခြင်းဖြစ်သည်။ ရန်ကုန် ပြည်လမ်းပေါ် ရွှေညောင်ပင်အနီးတွင် ဇူလိုင် ၇ ရက်က ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုကြီး၏ အခြေခံအကြောင်းတရားမှာ အရှိန်ပြင်းမောင်းနှင်ခြင်းကြောင့်ဖြစ်ပြီး ကြံ့ခိုင်မှုမကောင်းတော့သည့် ယာဉ်တစ်စီးအနေဖြင့် ရုတ်တရက် ချွတ်ယွင်းမှုဖြစ်ပေါ်လာသည့်အခါ မထိန်းနိုင်တော့ဘဲ အပြစ်မဲ့ခရီးသည်အများအပြား အသက်အန္တရာယ်ကျရောက်သည်အထိ ဖြစ်ခဲ့ရခြင်းပင်ဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ရပ်တွင် ဝိုင်ဘီအက်စ် ၅၅ ယာဉ်လိုင်းမှ ယာဉ်နှစ်စီး ခရီးသည်ရရှိရေးအတွက် အပြိုင်အဆိုင် အရှိန်ပြင်းမောင်းနှင်ခဲ့ကြောင်း မျက်မြင်သက်သေများက ဆိုထားရာ မဆင်မခြင် မောင်းနှင်မှုများ၏နောက်ကွယ်မှ လောဘ၏တွန်းအားကိုလည်း တွေ့ရှိနိုင်မည်ဖြစ်သည်။ ယာဉ်လိုင်းသိမ်းချိန်တွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ ဝေပုံကျခွဲဝေယူရမည့် ငွေပုံကို ကြီးနိုင်သမျှ ကြီးစေရေးအတွက် လမ်းပေါ်၌ အပြိုင်အဆိုင်ရှာဖွေရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဥပဒေ၊ လူ့ကျင့်ဝတ် စသည်တို့ကို ချိုးဖောက်ကျော်လွှားပြီး အထိန်းအကွပ်မဲ့စွာ ကားကိုမောင်းနှင်နေသူများမှာ အကယ်စင်စစ်အားဖြင့် လောဘ၊ ဒေါသနှင့် မောဟတရားတို့ကသာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များဖြစ်ကြသည်ဟုပင် ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပေါ့ဆမှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့် တိုင်းပြည်၏အနာဂတ်ရတနာလေးများလည်း အချိန်မတိုင်မီ ကြွေခဲ့ရပြီး သေဆုံးသူ၊ ဒဏ်ရာရသူတို့၏ မိသားစုဘဝများမှာလည်း ကံကြမ္မာအဆိုးနှင့်ကြုံခဲ့ကြရပြီဖြစ်သည်။ လက်ရှိအခြေအနေတွင်မူ တာဝန်ရှိသူအသီးသီးတို့က မော်တော်ယာဉ်များ၏ ကြံ့ခိုင်ရေးကို စစ်ဆေးတော့မည်၊ ကိုယ်ရကိုယ်ယူစနစ်ကို ဖျက်သိမ်းတော့မည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ မလိုက်နာပါက အရေးယူမည်၊ ယာဉ်ပျက်များကိုမပြင်ပါက အရေးယူမည် စသည် စသည်တို့ကို ထုတ်ဖော်ပြောကြားကြကြောင်း သတင်းများတွင် ဖတ်ရှုရပါသည်။

ရန်ကုန်မြို့သည် နိုင်ငံ၏မျက်နှာစာ စီးပွားရေးမြို့တော်ဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်နှင့် နိုင်ငံအတွင်းရှိ ကားစီးရေ၏ ထက်ဝက်ခန့်တို့ တည်ရှိသည့်နေရာဖြစ်သည့်အလျောက် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာ အနာဂတ်ကာလများအထိ ဆောင်ရွက်နေရဦးမည်ဖြစ်သည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် မည်သည့်စနစ်၊ မည်သည့်ယာဉ် ရထားကို အသုံးပြုသည်ဖြစ်စေ စီးနင်းသွားလာသူခရီးသည်များ လိုရာခရီးသို့ လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးကို ရည်ရွယ်၍ ကောင်းမွန်သော စီမံခန့်ခွဲမှု ၊စည်းကမ်းထိန်းသိမ်းမှုနှင့် စစ်ဆေးကြပ်မတ်အရေးယူမှုတို့ကို စဉ်ဆက်မပြတ် အခါမလပ် ဆောင်ရွက်နိုင်မှသာ အနိဋ္ဌာရုံအဖြစ်ဆိုးတို့ ထပ်မံဖြစ်ပေါ်ခြင်းမှ ရှောင်လွှဲနိုင်မည်ဖြစ်ပါကြောင်း။ ။

## အာဇာနည်နေ့ အကြိုဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် နှစ် (၇၀)ပြည့် အာဇာနည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇူလိုင် ၁၀ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ အာဇာနည်နေ့ အကြိုဟောပြော ပွဲကျင်းပသည်။

အခမ်းအနားမှူးအဖြစ် အထက်တန်းပြဆရာမ ဒေါ်ချိုမာထွန်းက ဆောင်ရွက်သည်။ ရှေးဦးစွာ ဆရာမဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)က "အလေးအမြတ်ပြုအပ်သည့် အာဇာနည်" အကြောင်း၊ ဆရာဦးစိုးဝင်း (စိုးဝင်းပိုလ်-အရာတော်)က "မျိုးချစ်စိတ်ဓာတ်နှင့် လူ့တန်ဖိုး"ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ဟောပြောသူ စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ပြည်ထောင်စုတရားလွှတ်တော် "စုံညီခုံရုံး"မှ တရားမ အထူးအယူခံမှုများ ကြားနာ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော "စုံညီခုံရုံး" သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမ အထူး အယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## နေပြည်တော် တပ်ကုန်း ပုံ့ကျဈေးသည်များအား နေရာချထားပေးမှုကြောင့် ဈေးဝယ်၊ ဈေးသည်များ အဆင်ပြေ



**တပ်ကုန်း ဇူလိုင် ၁၀**

ဇွန် ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ ထင်သာမြင်သာပြုပြင်စရာ ကဏ္ဍတွင်ဖော်ပြပါရှိသည့် တပ်ကုန်းမြို့ ဗိုလ်ချုပ်လမ်းမပေါ် ရောင်းဝယ်ဖောက်ကားနေသည့် ဈေးသည်များကို စနစ်တကျနေရာချထားပေးစေလို ခေါင်းစဉ်ဖြင့်ဖော်ပြပါရှိရာ ဇူလိုင် ၉ ရက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် တပ်ကုန်းစည်ပင်ဝန်ထမ်းများသည် ဗိုလ်ချုပ်လမ်းမပေါ်ရှိ ပုံ့ကျဈေးသည်များအား ကွန်ကရစ်ဈေးသစ်ပေါ်ရှိခြောက်ပေပတ်လည် ဆိုင်နေရာပေါင်း ၃၀၉ ကွက်ကို ကိုယ်တိုင်နှိုက်မဲစနစ်ဖြင့် စနစ်တကျနေရာချထားပေးခဲ့သည်။

ယခုအခါ ဗိုလ်ချုပ်လမ်းမကြီး ရှင်းလင်းသွားသဖြင့် လမ်းသွား လမ်းလာများ အဆင်ပြေသွားကြပြီး ပုံ့ကျဈေးသည်များလည်း ကွန်ကရစ်ဈေးသစ်ကြီးပေါ်တွင် စနစ်တကျ၊ သန့်သန့်ရှင်းရှင်းရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့မြင်ရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၀-၇-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ . ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ . ၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ

**ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ။ ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ။ ကိုယ့်အမျိုး ကိုယ်ချစ်ပါ။ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဂွစာတွေ၊ လူမတရားတွေ ဒီလိုကမ္ဘာမှာ အထင်ခံရအောင် မလုပ်ပါနဲ့။ ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဒုတိယပတ်ဗိုလ်သင်တန်းဆင်းပွဲမိန့်ခွန်းမှ ကောက်နုတ်ချက်)

*ရွှေဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်သည် လာမည့်နှစ်များအတွင်း မိမိနိုင်ငံအတွက် အကျိုးရှိစေမည့် အထူးလိုအပ်လျက်ရှိနေသည့် ဆန်းသစ်တီထွင်ထားသည့်၊ ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်နိုင်ရန်အတွက် တန်ဖိုးရှိသည့် မူဘောင်တစ်ခုဖြစ်ပါကြောင်း၊ ကျင့်ဝတ်သိက္ခာကောင်းမွန်ခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ခံမှုရှိခြင်းဆိုသည့် "မူ"များအပေါ်အခြေခံပြီး လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက် ခိုင်မာမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်းသည် ကောင်းမွန်သော ဒီမိုကရေစီအုပ်ချုပ်ရေး၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်ပါကြောင်း။

**ထိန်းသိမ်းဆောင်ရွက်**

အရွေးချယ်ခံ အစိုးရအဖွဲ့ဝင်များသည် ပြည်သူ့ဆန္ဒနှင့်အညီ တက်လာလိုက်၊ ဆင်းသွားလိုက်ဖြင့် ပြောင်းလဲနေမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား အဆက်ပြတ်မသွားရေး၊ အဖွဲ့အစည်းတစ်ခုလုံးအတွက် မှတ်တမ်းမှတ်ရာများ မေ့ပျောက်မသွားရေး၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစသည့် နိုင်ငံတော်ယန္တရားကြီးကို ဟန်ချက်ညီညီ တည်တည်ငြိမ်ငြိမ် လည်ပတ်စေသည့်ကိစ္စအရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်ရသည်မှာ ပြည်သူ့ဝန်ထမ်းများ ဖြစ်ပါကြောင်း။

**ဒီမိုကရေစီစနစ်က အားပေး**

ဒီမိုကရေစီစနစ်သည် ပြည်သူ့ဝန်ထမ်းများကို တာဝန်အသစ်နှင့်ဝတ္တရားအသစ်များ အပ်နှင်းပေးပါကြောင်း၊ ဒီမိုကရက်တစ်အစိုးရများ၏ လက်အောက်တွင် ပြည်သူ့ဝန်ထမ်းများသည် ကိုယ်တိုင်ကြံဆဖော်ဆောင်နိုင်သည့် အရည်အချင်းရှိကြရမည်ဖြစ်ပါကြောင်း၊ သုံးသပ်ရွေးချယ်နိုင်ရန် မူဝါဒများ ဖော်ထုတ်တင်ပြခြင်း၊ ခက်ခဲသည့်ပြဿနာရပ်များနှင့်ပတ်သက်၍ ဖြေရှင်းနည်းအဆိုပြုချက်များတင်ပြပေးခြင်းတို့ကို လုပ်ဆောင်နိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများသည် လုပ်ငန်းတစ်ရပ်ဆောင်ရွက်ရာတွင် မိမိတို့ အထက်အရာရှိ၊ ဝန်ကြီးများ သိရမည့် အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား၊ ဘက်လိုက်မှုကင်းကင်းနှင့် သတ္တိရှိရှိတင်ပြနိုင်ရမည်ဖြစ်ပါကြောင်း၊ တင်ပြရန် တာဝန်လည်း ရှိကြပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မလိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဖယ်ရှားပေးနိုင်ရန် ဌာနတစ်ခုနှင့်တစ်ခုအကြား၊ ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခုအကြား ပူးပေါင်းလုပ်ဆောင်မှုကို အဟန့်အတားဖြစ်စေသည့် အတွေးအခေါ်၊ အစဉ်အလာများကို ပယ်ဖျက်ပေးရန်၊ အစိုးရအဖွဲ့ကြီးတစ်ခုလုံး ထိရောက်ကောင်းမွန်လာစေမည့် တီထွင်ကြံဆမှုနှင့် အတွေးအခေါ်သစ်များ ထုတ်ဖော်ပေးရန်တို့ကို ဒီမိုကရေစီစနစ်က အားပေးပါကြောင်း။

**အလားအလာရှိ**

ဒီမိုကရေစီစနစ်တွင် "မလုပ်၊ မရှုပ်၊ မပြုတ်" အတွေးအခေါ်အတွက် နေရာမရှိနိုင်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအပေါ်တွင် တာဝန်ခံရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သမာသမတ်ရှိရှိ၊ လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက နိုင်ငံ့ဝန်ထမ်းများသည် ယင်းမျှော်လင့်ချက်များကို ပြည့်ဝလာအောင် အကောင်အထည်ဖော်ပေးနိုင်ရုံသာမက ကမ္ဘာပေါ်တွင် အထက်မြက်ဆုံး ဝန်ထမ်းကောင်းများ ဖြစ်လာနိုင်သည့် အလားအလာရှိကြသည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့အခွင့်အခါကြုံကြိုက်စဉ်တွင် အသိအမှတ်ပြုခံလိုခြင်းအတွက်၊ ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်အတွက်၊ ဂုဏ်ကျော်ကြားမှုအတွက် မဟုတ်ဘဲ၊ ပြည်သူကို အကျိုးပြုဖို့သက်သက်၊ မကြာခဏပေါ်ပေါက်တတ်သည့် အခက်အခဲစိန်ခေါ်မှုအမျိုးမျိုးအကြားတွင် တာဝန်ထမ်းဆောင်နေသည့် ပြည်သူ့ဝန်ထမ်းများအားလုံးကို ဂုဏ်ပြုလိုက်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်နေကြသည့် လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူကြပါ၊ ပြည်သူအများ မျှော်လင့်တောင့်တနေသည့် တည်ငြိမ်လုံခြုံပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကို ဖော်ဆောင်ပေးရာတွင် နေ့စဉ်နေ့တိုင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိစေသည့် မိမိတို့၏အခန်းကဏ္ဍကို ဂုဏ်ယူကြပါဟု ပြောကြားလိုပါကြောင်း။

**ဖြည်းဖြည်းချင်း တိုးမြှင့်**

မိမိတို့ အစိုးရအဖွဲ့အနေဖြင့်လည်း မိမိတို့၏ ဝန်ထမ်းများကို ဂရုတစိုက်စောင့်ရှောက်ပေးရမည့် တာဝန်များရှိသည်ကို သိရှိနားလည်ထားပါကြောင်း၊ မိမိတို့ ဝန်ထမ်းများ သင့်လျော်မျှတသည့် လုပ်ခလစာရရှိရေး၊ ကောင်းမွန်သည့် အထွေထွေ ခံစားခွင့်များ ရရှိခံစားနိုင်ရေး အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းအများစု၏ လုပ်ခလစာနှုန်းထားသည် အခြားနယ်ပယ်များက ဝန်ထမ်းများနှင့်နှိုင်းယှဉ်ပါက နိမ့်ကျနေသေးသည်ကို မိမိတို့သိရှိပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းပြောပြလိုပါကြောင်း၊ ယင်းပြဿနာကို ချက်ချင်းဖြေရှင်းပေးနိုင်မည့် နည်းမရှိသေးပါကြောင်း၊ လုပ်ခလစာတိုးမြှင့်ပေးသည့် အချိန်တွင် လေးလေးနက်နက် စဉ်းစားသုံးသပ်ပြီး ရေရှည်တည်တံ့အောင် ဖြည်းဖြည်းချင်း တိုးမြှင့်ပေးရမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းအခြေအနေနှင့်အညီလည်း ဆောင်ရွက်ရပါကြောင်း။

လစာတိုးမြှင့်ရေးသည် မိမိတို့ဝန်ထမ်းများ မျှော်လင့်သကဲ့သို့ ချက်ချင်းမဖြစ်နိုင်သေးသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဝန်ထမ်းများကို အခြားနည်းလမ်းများနှင့် ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ပိုမိုကောင်းမွန်သည့် အလုပ်ခွင်ဖန်တီးခြင်း၊ မိသားစုဝင်များအတွက် နေမှုထိုင်မှုအခြေအနေ ပိုပြီးကောင်းမွန်လာစေခြင်းတို့ဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတင်လုပ်ဆောင်နေသည့် လုပ်ရပ်တစ်ခုအနေဖြင့် အဆင့်မြင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေသကဲ့သို့ အငြိမ်းစားယူပြီး ပြည်သူ့ဝန်ထမ်းများအားလုံး နိုင်ငံအပေါ်သစ္စာရှိစွာ နှစ်ရှည်လများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် လုံလုံခြုံခြုံ၊ သိက္ခာရှိရှိနေထိုင်သွားနိုင်ရန် အိမ်ရာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်**

မိမိတို့မြန်မာနိုင်ငံသည် ထူးကဲသည့် နည်းပညာနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ယင်းစိန်ခေါ်မှုများထဲတွင် ရှုပ်ထွေးနက်နဲသည့် မူဝါဒချမှတ်မှုများနှင့် အလျှော့အတင်းလုပ်ရမည့် ကိစ္စများလည်းပါရှိနေပါကြောင်း၊ အခြားနိုင်ငံများတွင် ဆယ်စုနှစ်ပေါင်းများစွာ တဖြည်းဖြည်းချင်းဖြေရှင်းယူလာခဲ့သည့် ပြဿနာများကို မိမိတို့နိုင်ငံအနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း၌ ဖြေရှင်းယူရမည့် အနေအထားတွင် ရှိနေပါကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများ၏ အောင်မြင်မှု၊ မှားယွင်းမှုများကို သင်ခန်းစာယူပြီး တစ်ဖက်တွင်လည်း နည်းပညာသစ်များ၊ တီထွင်ကြံဆမှုများနှင့် အခွင့်အလမ်းများကို ခုန်ပျံကျော်လွှား ရှာဖွေကြိုးပမ်းအားထုတ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖက်ဒရယ်အစိုးရထွက်ပေါ်လာခြင်းဖြင့် ကြုံတွေ့လာနိုင်သည့် ပြောင်းလဲမှု၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ထားရန် လိုအပ်ပါကြောင်း။

**ဦးစားပေးဆောင်ရွက်**

ထိုသို့ဆောင်ရွက်နိုင်ရန် အဓိကအားဖြင့် ဉာဏ်ပညာထက်မြက်မှု၊ ခက်ခဲနက်နဲသည့် စီမံခန့်ခွဲမှု၊ ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်တတ်မှုနှင့် ထက်ထက်မြက်မြက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်မှု စသည့် အရည်အချင်းများလိုအပ်ပါ ကြောင်း၊ ယင်းတို့ကို ကြိုးပမ်းဖော်ဆောင်ပေးရမည့်သူများ၊ လုပ်ငန်းများ၏ အောင်မြင်မှုအတွက် အဓိကကျသည့်သူများမှာ ပြည်သူ့ဝန်ထမ်းများပင် ဖြစ်ပါကြောင်း၊ ဒါကြောင့် ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများကို မိမိတို့၏တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်သည့် ဝန်ထမ်းများ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးကြရန် တိုက်တွန်းနေခြင်းဖြစ်ပါကြောင်း။

**ပညာရပ်များရရှိ**

လက်ရှိအချိန်တွင် ပြည်သူ့ဝန်ထမ်းများအတွက် နိုင်ငံရပ်ခြားတွင် လေ့ကျင့်ရေးသင်တန်းများ သွားရောက်လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ပိုမိုပြီးပွင့်လန်းလာသည့်အတွက် ကျေနပ်အားရမိပါကြောင်း၊ ထိုအခွင့်အလမ်းများကို စနစ်တကျအစီအစဉ်များ ချမှတ်ပြီး လက်တွေ့ကျကျ အာရုံစိုက်အသုံးချသွားနိုင်မည်ဆိုပါက မိမိတို့၏ ပြည်သူ့ဝန်ထမ်းများအတွက် အဖိုးထိုက်တန်သည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအသစ်များနှင့် မူဝါဒဆိုင်ရာ ပညာရပ်များ ရရှိတိုးပွားလာမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

> ○ နိုင်ငံတော်ယန္တရားကြီးကို ဟန်ချက်ညီညီ တည်တည်ငြိမ်ငြိမ်လည်ပတ်စေသည့် ကိစ္စအရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်ရသည်မှာ ပြည်သူ့ဝန်ထမ်းများဖြစ်
>
> ○ မိမိတို့ ဝန်ထမ်းများ သင့်လျော်မျှတသည့် လုပ်ခလစာရရှိရေး၊ ကောင်းမွန်သည့် အထွေထွေခံစားခွင့်များရရှိခံစားနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည်

*စာမျက်နှာ ၃ မှ*

ယနေ့ထုတ်ပြန်လိုက်သည့် မဟာဗျူဟာစီမံချက်သည် ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းကို အခြေခံပြီး ချီးမြှင့်မြှောက်စားမှုပြုသည့် ယဉ်ကျေးမှုအစဉ်အလာနှင့် စနစ်ထွန်းကားရေးအတွက် အရေးပါမှုကို အသိအမှတ်ပြုထားပါကြောင်း။

**လူမှန်နေရာမှန်ဖြစ်**

ဝန်ထမ်းများကို ရာထူးတိုးမြှင့်မြှောက်စားရာတွင် ဓမ္မဓိဋ္ဌာန်ကျပြီး ပွင့်လင်းမြင်သာမှုရှိသည့် သတ်မှတ်တိုင်းတာချက်များဖြင့် ဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ရည်ကိုင်ရည်နှင့် စွမ်းရည်အလားအလာရှိမှုကို သုံးသပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ဘက်လိုက်မျက်နှာသာပေးခြင်းနှင့် နီးစပ်သူကို ချီးမြှောက်သည်ဟု အထင်အမြင် စိုးစဉ်းမျှပင်မရှိစေနိုင်ရန် အစွမ်းကုန်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူ့ဝန်ထမ်းများ၏ ကြိုးစားအားထုတ်လိုစိတ်၊ တက်တက်ကြွကြွ အလုပ်လုပ်ကိုင်လိုစိတ်များ အမှန်တကယ်ပေါ်ထွန်းလာစေပြီး တစ်ဖက်တွင်လည်း လုပ်ငန်းခွင်တွင် လူမှန်နေရာမှန် ဖြစ်လာစေမည် ဖြစ်ပါကြောင်း။

**အကျိုးဖြစ်ထွန်းမှုရရှိ**

မိမိတို့နိုင်ငံ၏ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများသည် နိုင်ငံအတွင်းရှိသည့် မတူကွဲပြားမှုများကို ရောင်ပြန်ဟပ်ရန်အရေးကြီးပါကြောင်း၊ ယနေ့အထက်တန်း ကျောင်းသူ၊ ကျောင်းသားတိုင်းသည် ၎င်းတို့၏ မွေးရပ်ဇာတိမြေ၊ လူမျိုးစု၊ ကိုးကွယ်သောဘာသာ၊ အသိုင်းအဝိုင်း၊ ဥစ္စာဓန၊ ကျား / မ လိင် ကွာခြားမှုများကြောင့် အနာဂတ်တွင် ဝန်ထမ်းလောကထဲသို့ ဝင်ရောက်နိုင်ရေး အခွင့်အလမ်းများ ပိတ်ဆို့နေမည်ကို မခံစားစေသင့်ပါကြောင်း၊ မည်သည့်နောက်ခံအသိုင်းအဝိုင်းကဖြစ်ဖြစ် အကောင်းဆုံး၊ အတော်ဆုံးများကို ပြည်သူ့ဝန်ထမ်းလောကအတွင်း ဝင်ရောက်ပြီး အနေမြဲစေမည့် ဝန်ထမ်းရွေးချယ်ခန့်အပ်ရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမှန်တကယ် အားလုံးပါဝင်ခွင့်ရှိသည့် ဝန်ထမ်းလောကကို ဖန်တီးနိုင်ခြင်းသည် မှန်ကန်သည့် တန်ဖိုးထားမှုများ မြှင့်တင်ပေးသည့်အပြင် လက်တွေ့ကျသည့် အကျိုးဖြစ်ထွန်းမှုကိုလည်း ရရှိစေမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်သူ့ဝန်ထမ်းကျင့်ဝတ် တောင့်တင်းခိုင်မာရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် လေ့ကျင့်သင်ကြားမှုများပေးရန်၊ တိုင်ကြားရေးနှင့် ဖော်ထုတ်ရေးဆိုင်ရာ ယန္တရားထိရောက်မှုရှိရန်၊ အဆင့်မြင့်ရာထူးရာခံရှိသူများ၏ ပိုင်ဆိုင်မှုများကို ထုတ်ဖော်ကြေညာရန်၊ နည်းပညာအသစ်များနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားနိုင်မှုအခွင့်အလမ်းကို နည်းပါးအောင်ဆောင်ရွက်ရန် စသည့်အစီအစဉ်များလည်း ထည့်သွင်းဆောင်ရွက်ထားပါကြောင်း။

**အပြန်အလှန်လေးစား**

အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်းသည် မဟာဗျူဟာစီမံချက်တစ်ခုလုံး၏ ရည်မှန်းချက် အောင်မြင်ရေးကို အထောက်အကူ ဖြစ်စေမည့်အပြင် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိမိတို့ ဝန်ဆောင်မှုပေးနေသည့် လူ့ဘောင်အဖွဲ့အစည်းအကြားတွင် ယုံကြည်မှုကိုလည်း တိုးတက်ဖြစ်ထွန်းစေပါကြောင်း၊ ယုံကြည်မှုကို တည်ဆောက်သည့်နေရာတွင် ပြည်သူ့ဝန်ထမ်းအနေဖြင့် သိက္ခာရှိရှိနေတတ်ရန်၊ ဘက်လိုက်မှုကင်းရှင်းရန်၊ မိမိအလုပ်နှင့်ပတ်သက်ပြီး တာဝန်ယူမှုရှိရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အများပြည်သူဘက်ကလည်း ပြည်သူ့ဝန်ထမ်းများအပေါ် လေးစားမှုနှင့် ယဉ်ကျေး ပျူငှာစွာဆက်ဆံရန် လိုအပ်ပါကြောင်း၊ ထိုသို့ အပြန်အလှန် ယုံကြည်လေးစားမှုကို အချိန်ယူတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ တည်ဆောက်နိုင်မှလည်း အများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

**ခက်ခဲရှုပ်ထွေး**

နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်သည် ရှုပ်ထွေးနက်နဲသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ အပြောင်းအလဲကို ရှာဖွေဖော်ဆောင်ရာတွင် လက်ရှိဖွဲ့စည်းတည်ဆောက်မှုနှင့် လုပ်ငန်းစဉ်များကို သာမက ယဉ်ကျေးမှုတစ်ရပ်ဟု ခေါ်ဆိုနိုင်သည့် ကာလရှည်ကြာစွာ အမြစ်တွယ်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အကျင့်စရိုက်ဟောင်းများကို ပယ်ဖျက်ပစ်ပြီး ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ခက်ခဲရှုပ်ထွေးပါကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် အနာဂတ်တွင် ဖက်ဒရယ်စနစ်ကျင့်သုံးရာမှ ထွက်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် လိုအပ်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ယင်းတာဝန်ကို မတွန့်မဆုတ် အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း၊ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း မိမိတို့နိုင်ငံ၏ အစွမ်းအစများကို အမှန်တကယ်ထွက်ပေါ်လာစေလိုလျှင် မိမိတို့၏ ပြည်သူ့ဝန်ထမ်း တစ်ဦးတစ်ယောက်ချင်းစီ၊ အစုအဖွဲ့တစ်ခုချင်းစီ၏ စွမ်းရည်များကို တိုးတက်လာအောင် ဖော်ထုတ်ပေးရမည်ဖြစ်ပါကြောင်း။

**ညီညီညွတ်ညွတ် ကြိုးပမ်း**

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်လမ်းကြောင်းကို လျှောက်လှမ်းပြီး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး အမှန်တကယ်လေးစား ဂုဏ်ယူအားထားရသည့် ဝန်ထမ်းအဖွဲ့အစည်းကောင်းတစ်ရပ်ဖြစ်လာရေးဆိုသည့် ဘုံရည်မှန်းချက်အတွက် မိမိတို့အားလုံး တစ်သွေးတစ်သားတည်း ညီညီညွတ်ညွတ် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်၍ ဆက်လက်ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီစဉ်မှ Country Director, Mr. Peter Batchelor တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ထုတ်ပြန်ကြေညာ**

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ ဦးဆောင်သည့် ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်မှ အကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ အကြီးအကဲများ ရှေ့မှောက်တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (Civil Service Reform Strategic Action Plan 2017-2020)ကို ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အတွက် ၂၀၁၆ ခုနှစ် သြဂုတ်လတွင် ကျင်းပခဲ့သည့် ပထမအကြိမ် အကြံပြုအလုပ်ရုံဆွေးနွေးပွဲဖြင့် လုပ်ငန်းစဉ်ကို အစပျိုးပေးခဲ့ပြီး နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ အနာဂတ်မျှော်မှန်းချက်ကိုလည်း ချမှတ်ပေးနိုင်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲပြီးနောက် အကြံပြုအလုပ်ရုံဆွေးနွေးပွဲ လေးခုကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ကျင်းပခဲ့ရာ ကိုယ်စားလှယ်စုစုပေါင်း ၁၂၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**တုံ့ပြန်အကြံပြု**

ထို့ပြင် မဟာဗျူဟာစီမံချက် ရေးဆွဲရာတွင် အကြံပြုချက်များကို ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးနှင့် ပြည်သူများထံ တိုင်ပင်ဆွေးနွေးမှုပြုနိုင်ရန် ၂၀၁၇ ခုနှစ် ဧပြီလတွင် မဟာဗျူဟာစီမံကိန်း၏ ရလဒ်များနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များနှင့် Facebook account များဖွင့်လှစ်၍ ပွင့်လင်းမြင်သာမှုရှိစွာ ကြေညာပေးခဲ့သည်။ လူမှုမီဒီယာနှင့် သမားရိုးကျမီဒီယာများကို အသုံးပြု၍ ပြည်သူလူထုသိရှိနိုင်ရေး ဆောင်ရွက်ခဲ့သကဲ့သို့ ပိုမိုကျယ်ပြန့်သည့် ဆက်စပ်ပတ်သက်သူ အမျိုးမျိုးထံမှလည်း တုံ့ပြန်အကြံပြုမှုများ ရရှိနိုင်ရန် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကြံပြုအလုပ်ရုံဆွေးနွေးပွဲများမှ မဟာဗျူဟာစီမံချက်မူကြမ်းကို အကြိမ်ကြိမ် ဆွေးနွေးပြင်ဆင်ခဲ့ပြီးနောက် ယနေ့တွင် မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ခြင်း ဖြစ်သည်။

မဟာဗျူဟာစီမံချက်ကို နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်ပြည့်ဝရေး၊ ပွင့်လင်းမြင်သာမှုရှိရေးနှင့် အားလုံးပါဝင်နိုင်ရေးတို့အတွက် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လုပ်ထုံးလုပ်နည်းများဆွေးနွေး**

ယင်းနောက် နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက နိုင်ငံ့ဝန်ထမ်း အုပ်ချုပ်မှုပုံစံသစ်ကို လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇရတ်ဆင်းက အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့် စနစ်များကို လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးက ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်က နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုများကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်လေ့လာမှု လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဦးစားပေးနယ်ပယ်(၄) ခုအပေါ် အုပ်စုရှစ်စုခွဲ၍ အသေးစိတ်ဆွေးနွေးကာ အဖွဲ့လိုက်ဆွေးနွေးရရှိမှုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်(အငြိမ်းစား) ဦးမြသိန်း ဦးဆောင်၍ ပြန်လည်တင်ပြသုံးသပ်ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါ ဖိုရမ်ကို ဇူလိုင် ၁၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း



ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီစဉ်မှ Country Director, Mr. Peter Batchelor



**နောက်ဆက်တွဲ - ၁ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်၏ အုပ်ချုပ်မှုအစီအမံများ**



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟတ္တမဂန္ဒီပြတိုက်သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၀**

အိန္ဒိယသမ္မတနိုင်ငံ ဂူဂျာရတ်ပြည်နယ် အာမက်ဒါဘတ်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် ညပိုင်းတွင် River Front သို့သွားရောက်၍ အာမက်ဒါဘတ်မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသည့် ဆာဘာမတ်တီမြစ်၏ ညအလှကို လေ့လာကြည့်ရှုကြသည်။ အာမက်ဒါဘတ်မြို့အတွင်း ရှေးယခင်က မိုးတွင်းအချိန်ကာလများတွင် ဆာဘာမတ်တီမြစ်ရေလျှံလေ့ရှိသော်လည်း ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ် မိုဒီလက်ထက်တွင် ဆည်များ၊ ရေတမံများဖြင့် မြစ်ရေကို စနစ်တကျ ထိန်းသိမ်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုများ မဖြစ်ပွားတော့သည့်အပြင် မြစ်ကမ်းနံဘေးတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများအား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လာခဲ့ကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အာမက်ဒါဘတ်မြို့ရှိ TATA Motors Sanand Plant သို့ရောက်ရှိကြပြီး စက်ရုံအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Gujarat Energy Research Management Institute ၏ Solar Plant သို့ရောက်ရှိလေ့လာကြရာ တာဝန်ရှိသူများကရှင်းလင်းတင်ပြကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်း Solar Plant သည် ဧရိယာအားဖြင့် ငါးဧကခန့်ရှိပြီး ဆိုလာပြားလေးထောင်ကျော်အသုံးပြု၍ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင် ထုတ်ယူလျက်ရှိသည်။ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ထုတ်ယူရာတွင် ဘက်ထရီများဖြင့် တစ်ဆင့်ခံ စုဆောင်းခြင်းမဟုတ်ဘဲ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ကို တိုက်ရိုက်မဟာဓာတ်အားလိုင်းအတွင်း ပေးပို့သည့် နည်းပညာအသုံးပြု ထုတ်ယူနေခြင်းဖြစ်ပြီး အိမ်ခြေ တစ်ထောင်ခန့် အသုံးပြုနိုင်သည့် လျှပ်စစ်စွမ်းအား ၁ မီဂါဝပ်ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂူဂျာရတ် ပြည်နယ်အတွင်းရှိ Anand မြို့သို့သွားရောက်၍ Amulနို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်လေ့လာကြသည်။

Amul နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည် အိန္ဒိယတစ်နိုင်ငံလုံး၌ စက်ရုံပေါင်း ၆၇ ရုံဖြင့် ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများစွာသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးနှင့် အဖွဲ့ဝင်များ မဟတ္တမဂန္ဒီပြတိုက်ရှေ့တွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားကြသည်။**

ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမရရှိသော သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအသင်းကို ဆုဖလားအားလည်းကောင်း**(ယာပုံ)**၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ငွေသားဆုအား လည်းကောင်း၊ ဒုတိယရရှိသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အသင်းကို ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လည်းကောင်း၊ တတိယဆုရရှိသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းကို ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာတိုင်းရင်းနည်းဖြင့် မျက်စိကုသမှုတွင် ဆိုးကျိုးများရှိနေကြောင်း မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်းက ရှင်းလင်းပွဲပြုလုပ်

မန္တလေး ဇူလိုင် ၁၀

**မြန်မာတိုင်းရင်းဆေးနှင့် မျက်စိကုသမှုတွင် ဆိုးကျိုးများရှိနေကြောင်း ရှင်းလင်းပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်း နှစ်လယ်ညီလာခံတွင် ထည့်သွင်းပြုလုပ်ခဲ့ကြောင်း သိရသည်။**




အဆိုပါရှင်းလင်းပွဲတွင် လွန်ခဲ့သည့်လအတွင်းကသတင်းစာများတွင် ဖော်ပြခဲ့သည့် တိုင်းရင်းဆေးဆရာတစ်ဦး၏မျက်စိကုထုံးသည် အလွန်ရှေးကျသော ကုသနည်းဖြစ်ပြီး ခေတ်နှင့် လိုက်လျောညီထွေမှုမရှိသည့်အပြင် နောက်ဆက်တွဲဆိုးကျိုးမှုများရှိနေသဖြင့် ပြည်သူများအားမီဒီယာများမှတစ်ဆင့် အသိပညာပေးရှင်းလင်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းအဖွဲ့ခွဲမှ အဖွဲ့ဝင် မုံရွာပြည်သူ့ဆေးရုံ မျက်စိခွဲစိတ်ကုသဆရာဝန်ကြီး ဒေါက်တာဦးအေးကိုက ပြောသည်။

“သတင်းဖော်ပြချက်က မမှားပေးမယ့် ဒီကုသနည်းက BC 600 လောက် အိန္ဒိယနိုင်ငံကတစ်ဆင့် ဆင်းသက်လာတဲ့ ရှေးကျတဲ့ နည်းပညာတစ်ရပ်ဖြစ်တယ်။ ဒါကြောင့် ဆိုးကျိုးမရှိတဲ့ ခေတ်မီနည်းပညာရပ်တွေကိုအားကိုးပြီး ကုသစေချင်တယ်တဲ့ဆန္ဒနှင့် အခုလို ဆွေးနွေးခြင်းဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

ထို့အပြင် အဆိုပါသတင်းစာများတွင်ပါဝင်သည့် သတင်းကြောင့် ပြည်သူများ မျက်စိကုသမှုအပိုင်းတွင် အတွေးအခေါ်များလွဲမှားသွားနိုင်သဖြင့် ဆိုးကျိုးနည်းပြီး ကောင်းကျိုးပိုများသည့် ခေတ်မီနည်းပညာရပ်များ ပေါ်ထွန်းနေကြောင်းကို ပြည်သူများအား အသိပညာဖြန့်ဝေပေးလိုသည့် ရည်ရွယ်ချက်ဖြင့် အခုလို နှစ်လည်ညီလာခံတွင် ထည့်သွင်းရှင်းလင်းခြင်းဖြစ်ကြောင်း ရန်ကုန်မျက်စိဆေးရုံကြီးမှ မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိအဖွဲ့ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဥမ္မာခိုင်က ပြောသည်။

“ဒီကုသနည်းက အတွင်းတိမ်ခွဲမှုရဲ့ ပထမဦးဆုံးပေါ်လာတဲ့ ကုသနည်းဖြစ်တာကို လက်ခံပါတယ်။ လက်ရှိဆရာဝန်တွေ အနေနဲ့လည်း ပြည်သူတွေ အမြင်အာရုံကောင်းမွန်ဖို့ ကြိုးစားပြီး ခေတ်မီတဲ့ ကုသနည်းတွေနဲ့ ကုသပေးနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ အတွင်းတိမ်မျက်စိခွဲစိတ်မှုကို အခမဲ့ဆောင်ရွက်ပေးနေပါတယ်။ ကုန်ကျစရိတ်အတွက် ပူပင်စရာမလိုဘဲ အားကိုးပြီး လာရောက်ကုသမှုခံယူစေချင်ပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ တိုင်းရင်းဆေးနည်းဖြင့် ကုသသည့် မျက်စိကုဆရာက သူ၏ ကုထုံးများကို တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားပေးမည်ဟုအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် မြန်မာတိုင်း(မ်)သတင်းစာတွင် ဖော်ပြသည့်သတင်းကြောင့် ယခုဆွေးနွေးပွဲသို့ တက်ရောက်ခြင်းဖြစ်ပြီး သင်ကြားရေးကိစ္စများ ခေါ်ယူညှိနှိုင်းထားခြင်းမရှိကြောင်း တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ခေတ္တပါမောက္ခချုပ် ဒေါက်တာဦးသိန်းကျော်က ပြောသည်။

အဆိုပါသတင်းကို သွားရောက်မေးမြန်းသည့် မြန်မာတိုင်း(မ်)သတင်းထောက်ကလည်း အဆိုပါမျက်စိကုသသည့်ဆရာမှ သူ့၏ပညာရပ်များကို လက်ဆင့်ကမ်းစေချင်သည့် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းဆေးတက္ကသိုလ်သို့ လှူဒါန်းချင်သည်ဟု ပြောထားသည့် ဖြေကြားသည့်အတိုင်း မိမိအနေဖြင့် မြန်မာလိုရေးထားသော်လည်း အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် အယူအဆလွဲမှားမှု ဖြစ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မီဒီယာမှ ဘာသာပြန်မှားယွင်းမှု ဖြစ်နိုင်သည်ဟု ပြောကြားခဲ့သော်လည်း တစ်ဖက်မှ မှားယွင်းမှုကို အတည်ပြုသွားသည့်အတွက် အခုကဲ့သို့ရှင်းလင်းရခြင်းဖြစ်ပြီး တိုင်းရင်းဆေးဖြင့် မျက်စိကုသနည်းတွင် သောက်ဆေး၊ လိမ်းဆေး၊ စားဆေးနှင့် မျက်စဉ်းဆေးတို့သာရှိ၍ အဆိုပါကုထုံးမှာ လက်ရှိကုသမှုနှင့် ကိုက်ညီမှုမရှိတော့သည့်အတွက် ရပ်ဆိုင်းသင့်ပြီးဟု ယူဆကြောင်း တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးထွန်းမြင့်က အဆိုပါဆွေးနွေးပွဲတွင် ပြောသည်။

“ကျွန်တော်တို့ တိုင်းရင်းဆေးဆရာကြီးတွေ အမြဲတမ်းပြောဆိုနေတဲ့ စကားက ဟောင်းလည်းဟောင်း၊ ကောင်းလည်းကောင်းရမယ်၊ သစ်လည်းသစ်မယ်၊ ခေတ်လည်းဖြစ်မယ့် ကုသမှုနည်းတွေကို သုံးရမယ်လို့ဆိုထားပါတယ်။ အခုကုသမှုက ဟောင်းတော့ဟောင်းပေးမယ့် မကောင်းတဲ့အနေအထား ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ကောင်းတဲ့ကုသမှုတွေ ရှိလာပြီဖြစ်တဲ့အတွက်ကြောင့်ပါ” ဟု ၎င်းက ရှင်းလင်းပြောသည်။

အဆိုပါရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်သူ့ဝန်ဆောင်မှုစွမ်းရည် တိုးမြှင့်ရေး

**ဆင်ဖြူကျွန်း သန်းထွန်း**

**မျက်မှောက်ကာလတွင် နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာရန် လိုလားလျက်ရှိကြပါသည်။ ကျန်းမာရေးနှင့် ပညာရေးနယ်ပယ်တွင် ဘတ်ဂျက်အသုံးစရိတ်များ တိုးမြှင့်ပေးခြင်းနှင့်အတူ အခြားပြုပြင်ပြောင်းလဲရေးများကြောင့် တိုးတက်မှုများကို မြင်တွေ့နေရပါသည်။ အလားတူ အခြားသော နယ်ပယ်များတွင်လည်း နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ လူတိုင်းနှင့် ထိတွေ့ဆက်စပ်မှုများပြားသော နယ်ပယ်များတွင် ဝန်ဆောင်မှုအရည်အသွေး ကောင်းလျှင်ကောင်းသလို၊ ဝမ်းမြောက်စကားများ ကြားသိရပြီး မကောင်းလျှင်လည်း ချက်ချင်း သတင်းဆိုးများ ချက်ချင်း ပျံ့နှံ့သွားပါသည်။**

နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုများ ကောင်းမွန်လာရေးနှင့်ဆက်စပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ တွေးခေါ်မှုအလေ့အထ (mind-set) ကို ပြုပြင်ပေးရန်လိုသည်ဟု မကြာခဏ ပြောဆိုရေးသားနေ ကြပါသည်။ လက်ရှိအချိန်တွင် နိုင်ငံ့ဝန်ထမ်းများသည် မည်သို့သော စိတ်ထားများ၊ စိတ်ဓာတ်များ၊ တွေးခေါ်မှုအလေ့အထများ ရှိနေသည်လဲဟု ဦးစွာစိစစ်ကြည့်ရန် လိုပါသည်။

အများအားဖြင့် နိုင်ငံ့ဝန်ထမ်းများသည် အလုပ်ကို ကျေပွန်စွာမလုပ်ဘဲ နေကြသည်။ ရုံးချိန်တွင် ရုံးခန်းအတွင်း မရှိသည်က များနေပြီး ရှိနေသည့်တိုင် အလုပ်မလုပ်ဘဲ နေကြသည်။ အလုပ်လုပ်နေသည့်တိုင် အချိန်ဆွဲနေကြသည်။ တစ်ကြိမ်တစ်ခါတည်း ပြီးရမည့်အလုပ်ကို အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲနေကြသည်။ စသည်ဖြင့် ကြားနေရပါသည်။

တစ်ပြိုင်တည်းလိုပင် နိုင်ငံ့ဝန်ထမ်းများသည် လုံလောက်သော တတ်ကျွမ်းနားလည်မှုများမရှိဘဲ ဖြစ်နေသည်။ အလုပ်ခွင်တွင် လိုအပ်သောထောက်ပံ့ပစ္စည်းများ မလုံမလောက်ဖြစ်နေသည်။ ထို့ကြောင့် လျင်မြန်ထိရောက်စွာ ဝန်ဆောင်မှုများကို မဆောင်ရွက်နိုင် ဖြစ်နေကြသည်ဟုလည်း ကြားနေရပါသည်။

တစ်ဖန် ဝန်ထမ်းလောကတွင် လုပ်ခွင်စည်းကမ်းများ လျော့နည်းနေသည်။ မျက်နှာသာပေးမှု အမျိုးမျိုးရှိနေသည်။ လူ-မုန်းလျှင် မှု-သုံးသည်၊ လူ-ခင်လျှင် မှု-ပြင်သည်၊ မလုပ်-မရှုပ်-မပြုတ် ဆိုသော မ-သုံးလုံးနှင့်၊ ခေါ်လျှင်သွား၊ ခိုင်းလျှင်လုပ်၊ ခံမပြောနှင့် ဆိုသော ခ-သုံးလုံး ဆောင်ပုဒ်များကို ကျင့်သုံးနေသည်၊ အလုပ်ကို တက်ကြွစွာ လုပ်ကိုင်ရန် ဆန္ဒမရှိ၊ စိတ်ဓာတ် မရှိဖြစ်နေကြသည်- စသည်တို့ကိုလည်း ကြားသိနေရပါသည်။

ထိုမျှမက နိုင်ငံ့ဝန်ထမ်းများသည် အဂတိလိုက်စားနေကြသည်။ အများပြည်သူများနှင့် ဆက်ဆံပြီး ဝန်ဆောင်မှုများပေးရာတွင် တံစိုးလက်ဆောင်များကို မျှော်လင့်နေကြသည်။ မိမိ၏ ရာထူးဌာန၊ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်ကို အသုံးချပြီး ကိုယ်ကျိုးရှာနေသည်။ ရေလောင်းပေးမည်ကို မျှော်လင့်နေကြသည်။ လက်ဆောင်ပစ္စည်းရရှိရန် အချိန်ဆွဲခြင်း၊ မပြည့်မစုံ ပြုလုပ်ပေးခြင်း၊ နောက်တစ်ကြိမ် ချိန်းဆိုခြင်း စသည့် နည်းလမ်းများကို သုံးနေသည်ဟု ဆိုကြပါသည်။

ထို့ပြင် ဝန်ထမ်းများသည် လုပ်ခလစာနှင့် လူနေမှုစရိတ်မကာမိအောင် ဖြစ်နေသည်။ အထွေထွေ ကုန်စျေးနှုန်းကြီးမြင့်သောဒဏ်ကို ခံနေရသည်။ စားဝတ်နေရေး ဖူလုံအောင်အပြင် ဝင်ငွေရအောင် ရှာဖွေနေရသည်။ အပိုဝင်ငွေရနိုင်သော နေရာဌာနသို့ ပြောင်းရွှေ့နိုင်ရေးကို လုံးပမ်းနေကြသည်။ ယင်းသို့ အပိုဝင်ငွေရသော နေရာဌာနသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ပူဇော်ပသနေကြရသည်။ ဝန်ထမ်းဘဝတွင် စားဝတ်နေရေး ကျပ်တည်းကြသည့်အပြင် ပင်စင်ယူပြီးနောက် နေစရာထိုင်စရာအတွက် ပူပင်နေကြရသည် စသည်တို့ကိုလည်း ကြားသိနေရပါသည်။

အထက်ပါအတိုင်း အမှန်တကယ် ဖြစ်ပျက်နေပြီလား။ မည်သည့်အတိုင်းအတာအထိ ကျယ်ပြန့်နက်ရှိုင်းနေပါသနည်း။ အဘယ်ကြောင့် ယင်းသို့ ဖြစ်နေသနည်း။ ယင်းသို့သော အခြေအနေအရပ်ရပ်များသည် ယခုမှ စတင်ဖြစ်နေသည်လား။ ဖြစ်နေသည်မှာ မည်မျှကြာနေပြီလဲ။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများ စည်းကမ်းလိုက်နာမှု လျော့နည်းလာခြင်း၊ အကျင့်ပျက်ပြားလာခြင်းမှသည် အဂတိလိုက်စားမှုများ ဖြစ်လာသည်ဟု ဆိုကြရာတွင် မည်မျှကြာရှည်လာခဲ့ပြီလဲ။ အဘယ်ကြောင့် ယင်းသို့ ဖြစ်လာခဲ့သနည်း။ ဝန်ထမ်းလောကတွင် အဂတိလိုက်စားမှုများ ဖြစ်နေသည်ဆိုရာတွင် အတိုင်းအတာ ပမာဏနှင့် ကျယ်ပြန့်ကြီးလေးမှုများတွင် နိုင်ငံ့ဝန်ထမ်း အကြီးတန်းများ၊ အငယ်တန်းများက မည်သို့ ပါဝင်ပတ်သက်မှု ရှိနေသည်လဲ စသည်များကို မေးမြန်းဖော်ထုတ်ကြည့်နိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား ပြည်သူ့ဝန်ကိုဆောင်သော၊ ပြည်သူ့ကိုဗဟိုပြု ဝန်ဆောင်မှုပေးသော စိတ်ဓာတ်များ၊ မိုင်းဆက်များ ရလာအောင် ဆောင်ရွက်ရမည်ဟု ဆိုကြပါသည်။ ယင်းသို့ ပြည်သူဗဟိုပြု ဝန်ဆောင်မှုပေးသော စိတ်ထားများ၊ စိတ်ဓာတ်များ ဖြစ်လာအောင် မည်သို့ ဆောင်ရွက်မည်နည်း။ ဝန်ထမ်းအနည်းစုအတွက်သာ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်သည်လား။ ဝန်ထမ်းအားလုံးနှင့်ဆိုင်သော ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်ရမည်လား။ ဝန်ထမ်းများကို ပညာပေးသင်တန်းများ ပို့ချပေးရမည်လား။ ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံးရမည်လား။ ဝန်ဆောင်မှု လုပ်နည်းလုပ်ဟန်များ၊ ဖွဲ့စည်းဆောင်ရွက်မှုများ ပြင်ဆင်ဖွဲ့စည်းရန် မလိုအပ်ဘူးလား စသည့် မေးခွန်းများ ဖြစ်လာပါသည်။

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ တိုးတက်လာရန် အမှန်လိုအပ်နေပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်အားဖြင့် နိုင်ငံအစိုးရ၏ မူဝါဒများ၊လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေရသောကြောင့် ၎င်းတို့၏ စွမ်းဆောင်ရည်များ ကောင်းမွန်သည်နှင့်အမျှ နိုင်ငံတော် စီမံကိန်းများ၊ လုပ်ငန်းစဉ်များကို လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ မျက်မှောက်ခေတ်ကာလ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်အစိုးရက ပြည်သူများအတွက် ဝန်ဆောင်မှုပေးသော လုပ်ငန်းကြီးငယ်များကို အထူးအလေးထား ဆောင်ရွက်နေချိန်တွင်

> **"နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်ကောင်းမွန်လာအောင် အရည်အချင်း ပြည့်ဝသူများကို ရွေးချယ်ခန့်ထားရမည်။ ၎င်းတို့အား နေရာမှန်ချထား တာဝန်ပေးရမည်။ ထိုက်သင့်သည့် လေ့ကျင့်သင်ကြားမှုများပေးရမည်"**

နိုင်ငံ့ဝန်ထမ်းများက အားကြိုးမာန်တက် ပြည်သူ့ဝန်ဆောင်မှုများကို ဆောင်ရွက်ရမည် ဖြစ်သောကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်ရေးမှာ ပိုမို အရေးကြီးနေပြီး အလေးထား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ပိုမို တိုးတက်ကောင်းမွန်လာအောင် အရည်အချင်း ပြည့်ဝသူများကို ရွေးချယ်ခန့်ထားရမည်။ ၎င်းတို့အား နေရာမှန်ချထား တာဝန်ပေးရမည်။ ထိုက်သင့်သည့် လေ့ကျင့်သင်ကြားမှုများပေးရမည်။ ဝန်ထမ်းများက လုပ်ငန်းတွင် အားစိုက်လုပ်ကိုင်လာစေရန်၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုများ (နေရာချထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပညာသင် သင်တန်းစေလွှတ်ခြင်း၊ ရာထူးတိုးခြင်း စသည်များ)ကို စနစ်တကျ ဆောင်ရွက်ရမည်၊ မည်သည့်အကြောင်းနှင့်မျှ မျက်နှာသာပေးခြင်းများ မပြုလုပ်ဘဲ၊ ဝန်ထမ်းများ၏ ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးအလိုက်၊ လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ချီးမြှင့် မြှောက်စားရမည်တို့ကို ဆောင်ရွက်ရမည် စသည်ဖြင့် ပြောဆိုနေကြပါသည်။

အထက်ပါ လုပ်ငန်းစဉ်များကို ချက်ချင်း၊ တစ်ပြိုင်တည်း၊ ပြီးမြောက်အောင် ဆောင်ရွက်ရန် အကန့်အသတ်များ ရှိနေပါသည်။ ဥပမာအားဖြင့် အရည်အချင်းရှိသောသူများကို ရွေးချယ်ခန့်ထားရေးတွင် ပညာရေးစနစ်က အမှန်တကယ် အရည်အချင်းပြည့်ဝသောသူများကို မွေးထုတ်ပေးရပါမည်။ ဘွဲ့လက်မှတ်ထက် အမှန်တကယ် အရည်အချင်းရှိသူများကို မွေးထုတ်ပေးမှသာ အရည်အချင်းပြည့်ဝသူများကို စိစစ်ရွေးချယ်နိုင်ပါမည်။ အချို့သော ဝန်ကြီးဌာနက ခေါ်ယူသော အလုပ်များအတွက် လျှောက်ထားသူ အနည်းငယ်ရှိနေသော်လည်း ၎င်းလျှောက်ထားသူများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြုလုပ်သော ရေးဖြေစာမေးပွဲ မအောင်မြင်သောကြောင့် လူရွေးမရသည်များ ကြုံတွေ့ခဲ့ရဖူးပါသည်။

မည်သို့ဖြစ်စေ နိုင်ငံ့ဝန်ထမ်းများအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြသော နိုင်ငံ့ဝန်ထမ်းများဖြစ်လာအောင် လုပ်ကိုင်ဆောင်ရွက်ပေးရပါမည်။ နိုင်ငံ့ဝန်ထမ်းများက တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လာကြစေရန် လောလောဆယ် ၎င်းတို့အား မည်သို့လုပ်ပေးနိုင်သနည်း။

**စေ့ဆော်မှု တွန်းအား**

လူအများ အလုပ်လုပ်ကိုင်ကြသည်ကို လေ့လာကြရာတွင် အချို့အလုပ်များကို အချို့သူများက လိုလိုချင်ချင် လုပ်ကိုင်လိုကြပြီး အခြားသူများအဖို့ ယင်းအလုပ်အမျိုးအစားကိုပင် လုပ်ကိုင်ရန် စိတ်မဝင်စားဘဲ ဖြစ်နေတတ်သည်။ အချို့သောသူများသည် လုပ်ငန်းခွင်တွင် အခက်အခဲများ မည်သို့ရှိစေကာမူ မငြီးမငြူဘဲ၊ အခက်အခဲများကို ကျော်လွှားဖြေရှင်းပြီး ရည်မှန်းချက် အောင်မြင်အောင် လုပ်သွားတတ်ပါသည်။ သို့သော် အချို့သောသူများက နေပူနေသည်၊ မိုးအေးနေသည်၊ ထမင်းဆာနေသေးသည်၊ စိတ်မပါလက်မပါ ဖြစ်နေသည်၊ အလုပ်လုပ်ရန် မည်သည့်ထောက်ကူပစ္စည်း မရှိဖြစ်နေသည်။ မလုံမလောက် ဖြစ်နေသည် စသော အကြောင်းမျိုးစုံပြပြီး အချိန်ဆွဲခြင်း၊ စွမ်းရည်ပြည့် မလုပ်ကိုင်ခြင်းများ ရှိနေတတ်ပါသည်။ အဘယ့်ကြောင့် ယင်းသို့ ကွဲပြားခြားနားနေပါသနည်း။

လူတစ်ယောက်သည် အလုပ်တစ်ခုကို လုပ်ဆောင်ရာတွင် လုပ်ကိုင်ချင်သော စိတ်ဆန္ဒကို အခြေခံပြီး အလုပ်လုပ်လာခြင်း ဖြစ်ပါသည်။ ယင်းသို့ အလုပ်လုပ်ချင်သော စိတ်ဆန္ဒကို အခြေခံပြီး လုပ်ကြရာတွင် လုပ်ကိုင်ရသော လုပ်ငန်းပမာဏ၊ အကြီးအသေး၊ ခက်ခဲမှု၊ လွယ်ကူမှု စသည်တို့ကြောင့် ပိုမိုခိုင်မာပြင်းပြသော စိတ်ဆန္ဒရှိမှသာ ပိုမိုကြီးမား ကျယ်ပြန့် ခက်ခဲသော လုပ်ငန်းမျိုးကို လုပ်နိုင်ကြပါသည်။ သာမန်စိတ်ဆန္ဒသာရှိနေပါက သာမန်လုပ်ငန်းမျိုးသာ လုပ်ကိုင်နိုင်ပြီး အခက်အခဲများ ကြုံတွေ့ရပါက နောက်ဆုတ်တတ်ခြင်း၊ လုပ်ငန်းအပြီးမသတ်နိုင်ခြင်း၊ လုပ်ငန်းပြီးမြောက်မှု အရည်အသွေး ညံ့ဖျင်းခြင်းများ ဖြစ်လာတတ်ပါသည်။ ယင်းသို့ဆိုလျှင် လုပ်ကိုင်ချင်သော စိတ်ဆန္ဒများ ပိုမိုရှင်သန် အားကောင်းထက်သန်လာအောင် မည်သို့လုပ်ဆောင်နိုင်သနည်း။ မည်သို့သော အကြောင်းအချက်များက လုပ်ချင်ကိုင်ချင်သော စိတ်များ၊ အခက်အခဲများ ကြုံတွေ့ရစေကာမူ နောက်မတွန့် နောက်မဆုတ်ဘဲ လုပ်ကိုင်လိုသောစိတ်များ တဖွားဖွားဖြစ်လာအောင် မည်သို့လုပ်ဆောင်နိုင်သနည်း။

ယင်းသို့ဖြင့် စေ့ဆော်မှု သို့မဟုတ် တိုက်တွန်းမှု - Motivation သည် အရေးကြီးကြောင်း ဖော်ထုတ်လာကြပါသည်။ Motivation ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခုက ဆိုင်ရာလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် အခက်အခဲတွေ့ကြုံစေကာမူ၊ ယင်းအခက်အခဲများကို ဖြေရှင်းကျော်လွှားပြီး ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်သော စေ့ဆော်သော အင်အား၊ တိုက်တွန်းသော အင်အား ဟု ဖွင့်ဆိုနိုင်ပါသည်။

စေ့ဆော်မှုအင်အား ရှိနေသူတစ်ဦးသည် လုပ်ငန်းတာဝန်ကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်နိုင်သည့်ပြင် ယင်းသို့ ဆောင်ရွက်မှုတွင် အားရကျေနပ်မှု ရရှိနေတတ်ပါသည်။ ယင်းသို့ စေ့ဆော်မှုမရှိသူတစ်ဦးသည် လုပ်ငန်းတာဝန်ကို မထမ်းဆောင်ခင်ကပင် လုပ်ငန်းတာဝန်ကို မလိုလားခြင်း၊ မလွဲမရှောင်သာ ထမ်းဆောင်ရလျှင်လည်း အောင်မြင်အောင် မဆောင်ရွက်နိုင်ဘဲ၊ လမ်းခုလတ်တွင် ရပ်တန့်ပြီးဆုံးလေ့ ရှိတတ်ပါသည်။ ထို့ကြောင့် လုပ်ငန်းတာဝန်ကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်နိုင်ရေးအတွက် လုံလောက်သော စေ့ဆော်မှု၊ တွန်းအားများ လိုအပ်သည်ဟု ဖော်ထုတ်ကြပါသည်။

**ပြည်သူ့ဝန်ဆောင်မှု စေ့ဆော်တွန်းအား**

ပြည်သူ့ဝန်ထမ်းတို့က ၎င်းတို့၏ ဝန်ဆောင်မှုများကို စိတ်အားထက်သန်စွာ လုပ်ကိုင်လာစေသော ပြည်သူ့ဝန်ဆောင်မှု စေ့ဆော်ရေးတွန်းအား Public Service Motivation ဘာသာရပ်ကို လေ့လာလျက်ရှိကြပါသည်။ ဤနေရာတွင် ပြည်သူ့ဝန်ထမ်း စကားရပ်ကို ပြောင်းလဲသုံးနှုန်းထားပါသည်။ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်း စကားရပ်တို့တွင် ထပ်တူ အနက်အဓိပ္ပာယ်များ မရှိကြပါ။ ပြည်သူ့ဝန်ထမ်း စကားရပ်တွင် နိုင်ငံ့ဝန်ထမ်းများ အကျုံးဝင်နေသည့်အပြင် ဆက်လက်ရေးသားမည့် အကြောင်းကိစ္စများနှင့် ပြည်သူ့ဝန်ထမ်းစကားရပ်မှာ ပိုမို ဆီလျော်သောကြောင့် ပြည်သူ့ဝန်ထမ်း စကားရပ်ကို ပြောင်းလဲသုံးစွဲခြင်း ဖြစ်ပါသည်။

ပြည်သူ့ဝန်ထမ်း/နိုင်ငံ့ဝန်ထမ်းနှင့် ပုဂ္ဂလိကလုပ်ငန်းဝန်ထမ်း နှစ်မျိုးမှာ သီးခြားသဘောလက္ခဏာများ ရှိကြကြောင်းကို ကနဦးကပင် သတိပြုမိကြပါသည်။ လုပ်ခနှင့် အခြားအခွင့်အရေး စသည်များတွင် ပုဂ္ဂလိကလုပ်ငန်းက ပြည်သူ့ဝန်ထမ်းလုပ်ငန်းထက် ပိုမို ကောင်းမွန်သော်လည်း၊ အဘယ်ကြောင့် လူအချို့က ပြည်သူ့ဝန်ထမ်း/နိုင်ငံ့ဝန်ထမ်း အလုပ်ကို ရွေးချယ်လုပ်ကိုင်ကြသည်ကို လေ့လာခဲ့ကြပါသည်။

ပြည်သူ့ဝန်ထမ်း/နိုင်ငံ့ဝန်ထမ်း အလုပ်ကို ရွေးချယ်လုပ်ကိုင်သူတို့တွင် လူအများ သို့မဟုတ် အများပြည်သူတို့၏ ကောင်းကျိုးကို ဆောင်ရွက်ပေးလိုသော အခြေခံစိတ်ထားများ ရှိနေကြောင်း။ မိမိ တစ်ဦးချင်း၏ ကိုယ်ကျိုးစီးပွားကို အမြဲတမ်း ရှေ့တန်းတင် လုပ်ကိုင်ကြသူများ မဟုတ်ကြကြောင်းကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဆက်လက် သုတေသနပြုလုပ်ပြီး မည်သည့် အကြောင်းခြင်းရာများကို အခြေပြု မျှော်ကိုးပြီး အများအကျိုးကို ဆောင်ရွက်လိုကြသည်၊ ယင်းသို့ ဆောင်ရွက်လိုသော စိတ်ထား၊ စိတ်ဓာတ်သည် မည်မျှအထိ နက်ရှိုင်းကျယ်ပြန့်နေသည်၊ ယင်းသို့သော စိတ်ထား၊ စိတ်အခြေခံများသည် မည်သို့သော အခြေအနေများတွင် ပိုမိုအားကောင်းလာပြီး မည်သို့သော အခြေအနေများတွင် အားလျော့ နည်းသွားသည်။ အခြေခံစိတ်ထား၊ စိတ်ဓာတ်များ ပိုမို အားကောင်းလာအောင် မည်သို့ပြုလုပ်ပေးနိုင်သည်၊ ယင်းသို့ လုပ်ကိုင်ပေးနိုင်လျှင် မည်သို့သော အကျိုးကျေးဇူးများ ရရှိနိုင်သည် စသော ဆက်စပ်အကြောင်းခြင်းရာများသည်- Public Service Motivation -ဘာသာရပ်အဖြစ် တိုးတက်ဖွံ့ဖြိုးလာခဲ့ပါသည်။

ဖော်ပြပါ Public Service Motivation PSM - အယူအဆများကို ၁၉၈၀ ပြည့်လွန် နှစ်များတွင် စတင်လေ့လာမှုများ ဖြစ်လာခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် J.L.Perry နှင့် L.R.Wise တို့က ဘာသာရပ်တစ်ခုအဖြစ် သီးသန့်ဖော်ထုတ်ပေးခဲ့သည်ဟု အထောက်အထားများအရ သိရပါသည်။ ၎င်းတို့က Public Service Motivation PSM ဆိုသည်ကို **as an individual's predisposition to respond to motives grounded primarily or uniquely in public institutions or organizations** - ဟု ဖွင့်ဆိုခဲ့ပါသည်။

ယင်းသို့ ကနဦးလေ့လာခဲ့ပြီးနောက် သုတေသနပြုမှုအများအပြား ဆောင်ရွက်ခဲ့ကြရာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံပေါင်း တစ်ဒါဇင်ကျော်တွင် သုတေသနပြုမှုပေါင်း ၁၂၅ ခုကျော် ပြုလုပ်ခဲ့သည်ဟု သိရပါသည်။ ထို့ကြောင့် Public Service Motivation -၏ အနက်ဖွင့်ဆိုမှု အသစ်များ ပေါ်ထွက်လာခဲ့ပါသည်။ Rainey and Steinbauer တို့က - **as a general altruistic motivation to serve the interest of a community of people , a state , a nation or humankind** ဟုလည်းကောင်း၊ Brewer and Selden တို့က - **as the motivational force that induces individuals to perform meaningful public, community and social service** ဟုလည်းကောင်း ဖွင့်ဆိုခဲ့ကြပါသည်။

သုတေသန ဖော်ထုတ်ချက်များအရ လူတို့သည် အလုပ်လုပ်ကြရာတွင် မိမိ၏ အခြေခံ စားဝတ်နေရေးအတွက် အလုပ်လုပ်ကြသည်ဟု ဆိုနိုင်သော်လည်း၊ အချို့သည် လူအများနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးအစားကို လုပ်ကိုင်ရန် စိတ်ဝင်စားကြပါသည်။ လူအများအကျိုးအတွက် ဖော်ဆောင်သော အလုပ်အမျိုးအစားကို လုပ်ကိုင်ခြင်းကို နှစ်ခြိုက်ကြပါသည်။ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများက ဝန်ဆောင်မှုပေးကြရာတွင် အခြေခံထားရှိသော စိတ်နေစိတ်ထား၊ စိတ်အားထက်သန်မှု တစ်နည်းဆိုသော် Public Service Motivation - နှင့်ပတ်သက်ပြီး သုတေသနပြုလုပ်ချက်များက အောက်ပါအတိုင်း ၃ မျိုးခွဲခြားပြဆိုခဲ့ပါသည်။

*စာမျက်နှာ ၉ သို့*

# အစိုးရသစ်လက်ထက်တွင် ယခင်စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်မှုများအတွက် ဆက်လက်၍ထုတ်လုပ်ခွင့်ပြုပေးခဲ့ခြင်းမရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင်ကျင်းပရာ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **National Database Center နှင့် ဒေသအနှံ့ ဆက်သွယ်နိုင်သည့် Network Line များ ဖြန့်ကြက်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက e-Government Integrated Data Center တည်ဆောက်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

**စီမံကိန်းကာလ**

စီမံကိန်းဆောင်ရွက်ရန် လိုအပ်သည့် မြေနေရာကိုလည်း တင်ပြတောင်းခံခဲ့ရာ ဇမ္ဗူသီရိမြို့နယ်တွင် မြေနေရာ အသုံးပြုခွင့်ရရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလ သုံးနှစ်ခန့်ကြာမြင့်မည်ဖြစ်ပါကြောင်း၊ National Data Center ကို ချိတ်ဆက်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများဖြစ်သည့် ဖိုင်ဘာဆက်ကြောင်းများနှင့် microwave ဆက်ကြောင်းများကို နိုင်ငံတစ်ဝန်း တည်ဆောက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဝေးလံခေါင်ဖျား ဒေသများအတွက် Intelsat ကုမ္ပဏီနှင့် ပူးပေါင်းငှားရမ်းထားသည့် Myanmar Condo SAT1 ဂြိုဟ်တုစနစ်ဖြင့် ချိတ်ဆက်အသုံးပြုသွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၏ **ရပ်ဆိုင်းထားသော ပြည်တွင်းစက်မှုဇုန် မော်တော်ယာဉ် ထုတ်လုပ်မှုများအား ၂၀၁၇ ခုနှစ်အတွင်း ပြန်လည်ထုတ်လုပ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ သတ်မှတ်၊ စမ်းသပ်၊ စစ်ဆေး၊ ကြပ်မတ်ဆောင်ရွက်နေကြောင်းနှင့် ယခင်ကာလများကဲ့သို့ ပြည်တွင်းစက်မှုဇုန်ထုတ် အမည်ခံ အယောင်ပြ၍ ပြည်ပမှ တရားမဝင် တင်သွင်းလာသော မော်တော်ယာဉ်များအား ကိုယ်ထည်နံပါတ် ဖြတ်၊ ဖောက်၊ ဆက် ပြုလုပ်၍လည်းကောင်း၊ RTA ကိုယ်ထည်နံပါတ်ထုခွင့်ပြု၍ လည်းကောင်း ယာဉ်မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများမဖြစ်ပေါ်စေရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ယခုအစိုးရသစ် လက်ထက်တွင် ယခင်စက်မှုဇုန်များမှ မော်တော်ယာဉ် ထုတ်လုပ်မှုများအတွက် ဆက်လက်၍ ထုတ်လုပ်ခွင့်ပြုပေးခဲ့ခြင်း မရှိပါကြောင်း။

ယခင် အစိုးရလက်ထက်က ထုတ်လုပ်ခွင့်ရရှိခဲ့သော စက်မှုဇုန်များက သွင်းကုန်လိုင်စင်ဖြင့် တရားဝင်တင်သွင်းခဲ့သော အစိတ်အပိုင်းများ၊ ကားပစ္စည်းအဟောင်းများနှင့် ၎င်းတို့ အလုပ်ရုံထုတ်ပစ္စည်းများဖြင့် တပ်ဆင်ထုတ်လုပ်ခဲ့သည့် လက်ကျန်များအနက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပြီး အစစ်ဆေးခံနိုင်သည့် မော်တော်ယာဉ် (၂၇၄)စီးကိုသာ မူဝါဒနှင့်အညီ စစ်ဆေးပေးခဲ့ပါကြောင်း။

**အစားထိုးပြောင်းလဲ**

လက်ရှိတွင် ယခင်စက်မှုဇုန်ခေတ်မှ ပစ္စည်းဟောင်းများဖြင့် မော်တော်ယာဉ်ထုတ်လုပ်ခဲ့သည့်စနစ်ကို ဆက်လက်ခွင့်မပြုတော့ဘဲ နိုင်ငံတကာမှပညာရှင်များနှင့်ပူးပေါင်း၍ နိုင်ငံတကာ အဆင့်မီထုတ်လုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ငန်းများမှ ထုတ်လုပ်မည့် Brand New မော်တော်ယာဉ်အသစ်များကိုသာ SKD စနစ်ဖြင့် ထုတ်လုပ်ခွင့်ပြုလျက်ရှိပါကြောင်း၊ ပြည်တွင်းစက်မှုဇုန်ထုတ်ယာဉ်များ၏ အစိတ်အပိုင်းများကို ပြည်ပစက်ရုံထုတ်ပုံစံဖြင့် အစားထိုးပြောင်းလဲခြင်းအား လက်ခံဆောင်ရွက်ပေးခြင်းမပြုရန် ညွှန်ကြားချက်ထုတ်ပြန်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးခြင်း မပြုပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပစဉ်

ထို့ပြင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်နှင့် သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်တို့၏ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၁၃ရုံးအား လက်လီဝန်ဆောင်မှုခွင့်ပြုပေးရေး၊ မြစ်ချောင်းကမ်းထိန်းနံရံများ၊ ရေကာတာများတည်ဆောက်ရာတွင် ဘဏ္ဍာငွေများလေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ရေရှည်ခိုင်ခံ့ရေး၊ ဆက်သွယ်ရေး ဝိုင်ယာကြိုးများအား ရှင်းလင်းပေးရေး၊ သံတွဲမြို့တွင်(ကညန) ရုံး ဖွင့်လှစ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားခဲ့သည်။

**အဆုံးအဖြတ်ရယူ**

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျံဆန်မိုင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းနှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့က ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားများ၏ အမည်စာရင်းတောင်းခံခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

**နေပြည်တော် ဇူလိုင် ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပစဉ်

**အကြိမ်ကြိမ်ပြုပြင်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **ရခိုင်ပြည်နယ် နည်းပညာတက္ကသိုလ် (စစ်တွေ)၏ ပင်မသုံးထပ်ဆောင် အဆောက်အအုံမှာ အကြိမ်ကြိမ်ပြုပြင်ခဲ့သော်လည်း ယခုတိုင် အသုံးပြု၍ မရနိုင်လောက်အောင် ပျက်စီးပြီး အန္တရာယ်ရှိနေပါသဖြင့် ပင်မသုံးထပ်ဆောင် အဆောက်အအုံအသစ်တစ်ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ အလျင်အမြန် ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နည်းပညာတက္ကသိုလ် (စစ်တွေ)ရှိ ပင်မသုံးထပ်ဆောင်အား (၂၀၀၈-၂၀၀၉) ဘဏ္ဍာရေးနှစ်တွင် ယခင်နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ ပင်မသုံးထပ်ဆောင် စတင်ဆောက်လုပ်စဉ်ကတည်းက ချို့ယွင်းချက်များစွာရှိခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ပင်မသုံးထပ်ဆောင်ကို ပထမအကြိမ် ပြင်ဆင်မှုအဖြစ် ဘဏ္ဍာရေးရန်ပုံငွေ ငွေကျပ် ၇၃၆သန်းဖြင့်လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဒေသကြီးကြပ်မှုနှင့် ထပ်တိုးလုပ်ငန်းအဖြစ် ငွေကျပ် ၁၇၄ သန်းဖြင့် လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၅၀၀ ဖြင့် လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၈၆ သန်းဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၆သန်းဖြင့် လည်းကောင်း အကြိမ်ကြိမ်ပြုပြင် ဆောင်ရွက်ခဲ့ပါကြောင်း။

**ဆားဓာတ်ပါဝင်နှုန်းမြင့်မား**

ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပင်မသုံးထပ်ဆောင်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပါကြောင်း၊ ဆွေးနွေးတင်ပြချက်များအရ အဆိုပါ သုံးထပ်ဆောင်သည် အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း ကောင်းမွန်လာရန် အလားအလာမရှိကြောင်းနှင့် အသစ်ဆောက်လုပ်ရန် လိုကြောင်း ကော်မတီအနေဖြင့် ဆွေးနွေးအတည်ပြုချက် ရရှိပြီးဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တည်ဆောက်စဉ်တွင် ဒေသသုံးဆောက်လုပ်ရေးပစ္စည်းများ၏ အရည်အသွေးကို မစိစစ်ခြင်းသည် အဓိကအချက်ဖြစ်ပါကြောင်း၊ အသုံးပြုသည့် သဲများ၊ ကျောက်များနှင့် အုတ်များအားလုံးသည် ဆားဓာတ်ပါဝင်နှုန်းမြင့်မားသည့်အတွက် ခိုင်ခံ့မှုလျော့နည်းလာသည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါ သုံးထပ်ဆောင်အား ပြင်ဆင်ခြင်းဆက်လုပ်ရန် အစီအစဉ်မရှိတော့ပါကြောင်း၊ အသစ်ဆောက်လုပ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေအား လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **တူးမြောင်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက **ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)**နှင့်စပ်လျဉ်း၍ တစ်ပုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)အား အတည်ပြုရန် အဆိုတင်သွင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမောင်မောင်လတ်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

**မွေးမြူရေးကိုအဓိကထား**

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး) ဒေါက်တာဝင်းမြင့်က **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University)ဖွင့်လှစ်ပေးပါရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းရာတွင် မိမိတို့နိုင်ငံသည် ငါးများကို မွေးမြူရေးလုပ်ငန်းမလုပ်နိုင်သေးဘဲ ဖမ်းဆီးရေးကိုသာ အဓိကထားပြီး လုပ်ကိုင်နေရသောကြောင့် တိုးတက်မှု နည်းနေသေးပါကြောင်း၊ အခြားနိုင်ငံများသည် မွေးမြူရေးကို အဓိကထား လုပ်ကိုင်နေကြပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ငါး၊ ပုစွန်ကန်လုပ်ငန်း ဧကပေါင်း ၄၈၃၈၁ ဧကရှိပါကြောင်း။

**ပိုမိုထုတ်လုပ်နိုင်စေရန်**

ကမ္ဘာပေါ်တွင် ငါးနှင့် ရေသယံဇာတပိုင်ဆိုင်မှုမှာ မြန်မာနိုင်ငံသည် အဆင့် ၁၄ တွင်ရှိပါကြောင်း၊ ပြည်တွင်းတွင် မြစ်ချောင်းများ ကောလာခြင်း၊ ပိုက်စိတ်တိုက်ဖမ်းဆီးခြင်း၊ ဆေးပြားချခြင်း၊ လျှပ်စစ်နှင့် တို့၍ဖမ်းဆီးခြင်း၊ ဒီရေတောများ ပျက်စီးခြင်း၊ စက်လှေများနှင့် အလွန်အမင်းဖမ်းဆီးခြင်းတို့ကြောင့် ငါးသယံဇာတများ ပြုန်းတီးနေပါကြောင်း၊ လူသားများအတွက် အသားထုတ်လုပ်မှုများထဲတွင် ငါးကဏ္ဍသည် အများဆုံးဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း ပိုမိုထုတ်လုပ်နိုင်စေရန် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ် လိုအပ်နေပါကြောင်း ပြောကြားသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ဇူလိုင် ၁၂ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်**
**(သတင်းစဉ်)**

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁ / ၂၀၁၇) ပထမနေ့ စတင်ကျင်းပ

ရန်ကုန်   ဇူလိုင်   ၁၀

**ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး (၁ / ၂၀၁၇) ပထမနေ့ကို တိုင်းဒေသကြီးလွှတ်တော် ရုံးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၅ ဦး တက်ရောက်ခဲ့သည်။**

ရှေးဦးစွာ ကတိသစ္စာမပြုရသေးသော တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်တွင် တက်ရောက်ခွင့်ရှိသူ ၁၂၃ ဦးအနက် ၁၁၆ ဦး တက်ရောက်သဖြင့် လိုအပ်သော ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံကျော်လွန်သောကြောင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအဖြစ် တာဝန်ပေးအပ်နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ ပေးပို့သည့် ဗိုလ်မှူးကြီးအောင်စိုးမိုးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လွှတ်တော်သို့ အမည်စာရင်းတင်သွင်းခြင်း၊ လွှတ်တော်၏သဘောတူညီချက် ရယူခြင်းများဆောင်ရွက်ပြီး ကန့်ကွက်မည့်သူ မရှိသဖြင့် အတည်ပြုခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က “ရန်ကုန်မြို့သစ် စီမံကိန်း” အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး (၁ / ၂၀၁၇) ပထမနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး (ပြန် / ဆက်)**



# မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင်  ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး H.E. Mrs Karen MacArthur အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇူလိုင်  ၁၀**

ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၈ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယား သံအမတ်ကြီး H.E.Mr. Sok Chea နှင့် တာဝန်ရှိသူများ က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



✽ *ကျောဖုံးမှ*

“ပြီးခဲ့တဲ့လွှတ်တော်က အတည်ပြုခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။ ဒီစီမံကိန်းကို ဝန်ကြီးအနေနဲ့ ဆက်လက်ပြီး ဆောင်ရွက်ဖို့ တင်ပြသွားတာဖြစ်ပါတယ်။ မြို့သစ်စီမံကိန်းကို ဆောင်ရွက်ဖို့ အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးသစ်က ဆောင်ရွက်မယ့် ပုံစံအသစ်ပြောင်းလဲသွားတယ်။ ပြောင်းလဲရတဲ့ အကြောင်းရင်းတွေကိုလည်းဖော်ပြသွားပါတယ်။ အဲဒီလိုပါပဲ ရင်းနှီးမြှုပ်နှံမယ့် ပုံစံတွေကိုလည်း ပြောင်းလဲတယ်ဆိုတာကို တင်ပြသွားတယ်။ ကျွန်မတို့အနေနဲ့ ဒီနှစ်ချက်ပဲ သိရပါသေးတယ်။ စီမံကိန်းကတော့ အကြီးကြီးပါ။ ဆောင်ရွက်မယ့်ပုံစံက ပြီးခဲ့တဲ့ အစိုးရသက်တမ်းတုန်းက ဆောင်ရွက်မယ့်ပုံစံမဟုတ်ဘူး။ ဝန်ကြီး ပြောသွားတာက ပုံစံပြောင်းသွားတယ်ဆိုတာကို တင်ပြသွားတာ ဖြစ်ပါတယ်။ ကော်မတီကိုလည်း ဖွဲ့စည်းထားတယ်လို့ သိရပါတယ်။ ကျွန်မတို့ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တော့ ဒီစီမံကိန်းအကြောင်းကို ဆွေးနွေးပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့်လည်း ဒီကနေ့ စီမံကိန်းနဲ့ပတ်သက်ပြီး လွှတ်တော်အတွင်း ဆွေးနွေး ခွင့်ပြုဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်”ဟု ဘဏ္ဍာရေး စီမံကိန်းနှင့် စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ ဒေါ်စန္ဒာမင်း (ဆိပ်ကြီး ခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်-၁ လွှတ်တော်ကိုယ်စားလှယ်)က ယနေ့ကျင်းပသော အရေးပေါ်လွှတ်တော်အစည်းအဝေးအပြီးတွင် မီဒီယာများအား ပြောကြားသည်။

**ပြောင်းလဲမှုများပြုလုပ်ထား**

ရန်ကုန်မြို့သစ်တည်ဆောက်ရေးစီမံကိန်းကို ယခင်အစိုးရ လက်ထက်တွင်လွှတ်တော်၌ ဆွေးနွေးအတည်ပြုခဲ့သော်လည်း ယခုအစိုးရသစ်လက်ထက်တွင် Developer အသစ်များခေါ်ယူမှု၊ ကော်မရှင်အသစ်များဖွဲ့စည်းမှု၊ ငွေကြေးပိုင်းဆိုင်ရာ သုံးစွဲမှုနှင့်အတူ အသေးစိတ်ပြောင်းလဲမှုများ ပြုလုပ်ထားကြောင်း သိရသည်။ ထို့ကြောင့် ယနေ့လွှတ်တော်၌ ရှင်းလင်းတင်ပြသည့် အချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးသုံးသပ်လိုကြောင်းအဆိုကို ဥက္ကဋ္ဌကတစ်ဆင့် တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။ မြို့သစ်တည်ဆောက်ရေးစီမံကိန်းကို ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် တိုးချဲ့မှု



မီဒီယာများအား ရန်ကုန်မြို့သစ်စီမံကိန်းနှင့် ပတ်သက်၍ ဒေါ်စန္ဒာမင်း ပြောကြားစဉ်

စီမံကိန်း တည်ဆောက်နိုင်ရန် ကြည့်မြင်တိုင်မြို့နယ်မှ လယ်မြေ ၁၅၄၅ ဧက၊ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ၈၇ ဧက၊ တွံတေးမြို့နယ်မှ ၁၆၇၈၉ ဧက စုစုပေါင်း လယ်မြေဧက ၁၈၃၉၀ အကောင်အထည်ဖော်ဆောင်ရွက်ရန် ယခင်အစိုးရလက်ထက် ၂၀၁၆ ခုနှစ် မတ် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီး ရန်ကုန်မြို့ တစ်ဖက်ကမ်း ကြည့်မြင်တိုင်မြို့နယ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အချိန်ယူဖို့လိုအပ်**

“ဒီစီမံကိန်းဟာ အလွန်ကြီးမားတဲ့ စီမံကိန်းဖြစ်ပါတယ်။ ဆွေးနွေးချင်တဲ့အကြောင်းအရာကို စာနဲ့တင်ပြဖို့ဆိုတာကိုတော့ ကျွန်မတို့အနေနဲ့ သိပ်သဘောမကျဘူး။ အထူးသဖြင့် ဆိပ်ကြီးခနောင်တိုမြို့နယ်လည်း စီမံကိန်းထဲမှာ ပါဝင်နေတာဖြစ်တဲ့ အတွက် အချက်အလက်တွေသိဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် သိဖို့လိုအပ်တယ်။ ကျွန်မတို့အနေနဲ့ ပြည်သူတွေက မေးလာတဲ့အခါမှာ ပြည့်ပြည့်စုံစုံရှင်းပြဖို့လိုအပ်ပါတယ်။ ဒါ့အပြင် စီမံကိန်းပေါ်မှာလည်း အသေးစိတ်ပြန်လည်ဆွေးနွေးချင်ပါတယ်။ အခုလာမယ့် ပဉ္စမအကြိမ်မြောက် လွှတ်တော်မှာ ဆွေးနွေးခွင့်ရမယ်လို့ထင်ပါတယ်။ ပြီးခဲ့တဲ့အစိုးရတုန်းက Developer တွေမဟုတ်တော့ဘဲ အသစ်တွေ ပြန်ခေါ်မယ်လို့လည်း ဝန်ကြီးကပြောသွားပါတယ်။ ဘယ်လိုပုံစံနဲ့ ပြောင်းလဲမယ်ဆိုတဲ့ဟာကိုလည်း အသေးစိတ်တင်ပြသွားတာ မရှိဘူးဖြစ်တဲ့အတွက် စီမံကိန်းနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိဖို့လိုအပ်ပါသေးတယ်။ နိုင်ငံတကာ Developer တွေခေါ်မှာလား၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဘယ်လောက်သတ်မှတ်ထားသလဲ။ YCDC ဖြစ်ပေါ်လာမယ်လို့လည်း သဘောပေါက်တယ်။ အခုရှိနေတဲ့ YCDC ကနေပြီးတော့ပဲ အုပ်ချုပ်မှာလား၊ ဒါမှမဟုတ် အသစ်ပေါ်လာမှာလား၊ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချင်ပါတယ်။ ဆွေးနွေးအတည်ပြုပြီးမှ ဆောင်ရွက်ရမယ့် စီမံကိန်းမျိုးပါ။ အချိန်ယူဖို့ လိုအပ်ပါတယ်” ဟု ဒေါ်စန္ဒာမင်းက ထပ်မံရှင်းပြသည်။

**မြို့သစ်စီမံကိန်းများအဖြစ်**

ရန်ကုန်မြို့တော်ကြီးကို ခေတ်အဆက်ဆက် တိုးချဲ့မြှင့်တင်တည်ဆောက်ခဲ့ရာ ၁၈၅၂ ခုနှစ်တွင် လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်မြို့နယ်များ၊ ၁၈၇၄ ခုနှစ်တွင် လမ်းမတော်နှင့် ပုဇွန်တောင်၊ ၁၉၂၀ ခုနှစ်တွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဒဂုံ၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်မြို့နယ်များ၊ ၁၉၅၆ ခုနှစ်တွင် သင်္ဃန်းကျွန်း၊ ရန်ကင်း(ကံဘဲ့)၊ကမာရွတ်၊ မရမ်းကုန်းမြို့နယ်များ၊ ၁၉၅၈ ခုနှစ်တွင် တောင်ဥက္ကလာပ၊ မြောက် ဥက္ကလာပ၊ သာကေတမြို့နယ်များ၊ ၁၉၇၃ ခုနှစ်တွင် ပဲခူးတိုင်းမှ လွှဲပြောင်းယူလိုက်သည့် လှိုင်၊ မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာ ဒုံမြို့နယ်များနှင့် ၁၉၈၇-၁၉၈၈ ခုနှစ်တို့တွင် ရွှေပြည်သာ၊ လှိုင်သာယာနှင့် ဒဂုံမြို့သစ် လေးမြို့နယ်တို့ကို မြို့သစ်စီမံကိန်းများအဖြစ် တိုးချဲ့ခဲ့ကြောင်း သိရသည်။

# မိုးညိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းလူထုစစ်ဆေးပွဲကျင်းပ

**မိုးညို ဇူလိုင်  ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဟင်္သာချောင်ကျေးရွာအုပ်စု ဟင်္သာချောင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မိုးညိုမြို့နယ်မှ လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ်စက်ဝန်း၏ စီမံကိန်း လုပ်ငန်းခွဲအဖြစ် ဆောင်ရွက်သော ကျေးရွာတွင်း ကွန်ကရစ်လမ်း (၃၁၀၀ ပေ× ၅ပေ× ၅လက်မ)ကို စီမံကိန်း ထောက်ပံ့ငွေကျပ် ၆၂၉၁၅၀၀ဖြင့်ဆောင်ရွက်ပြီးစီးမှုအပေါ် လူထုစစ်ဆေးပွဲအား ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

လူထုစစ်ဆေးပွဲကို ကျေးရွာမှ တာဝန်ယူမှု၊ တာဝန်ခံမှုမြင့်မားလာစေရန်၊ လေ့လာသင်ယူမှု မြင့်မားလာစေရန်၊ အကြံပေးမှုမြင့်မားလာစေရန်၊ ပိုင်ဆိုင်မှုအပေါ် သိရှိနားလည်လာစေရန်၊ အောင်မြင်မှုရလဒ်အပေါ် အောင်ပွဲခံ တတ်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး လူထုစစ်ဆေးပွဲတွင် ဟင်္သာချောင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှိုင်မျိုးကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီက အကောင်အထည်ဖော်မှုနှင့် ရလဒ်များ၊ ဝယ်ယူရေး ဘဏ္ဍာရေးရှင်းတမ်းများ၊ ပူးပေါင်းပါဝင်မှုနှင့် လည်ပတ်ထိန်းသိမ်းရေးအကြောင်းများအား ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာလူထုက လုပ်ငန်းစဉ်နှင့် ရလဒ်များအား စိတ်ကျေနပ်မှုအပေါ် မဲပေးခြင်းများပြုလုပ်ခြင်း၊ နောင်နှစ် စီမံကိန်းတွင် ပိုမိုတိုးတက်လာစေရန် အဖွဲ့လိုက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် ဒေသခံပြည်သူ ၁၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် / ဆက်)**

✽ *ကျောဖုံးမှ*

မြို့တွင်းသို့ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်**

ချင်းတွင်းမြစ်ရေတက်နေမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများမှ ရေဝင်နေသည့် စာသင်ကျောင်း ၁၄ ကျောင်းကိုလည်း ခေတ္တပိတ်ထားကြောင်း ၊ရေဝင်သည့် ဒေသမှပြည်သူများ ယာယီရွှေ့ပြောင်းနေနိုင်ရန်အတွက် ရေလွတ်သည့်စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဒေသဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**(ခရိုင် ပြန် / ဆက်)**

*စာမျက်နှာ ၆ မှ*

(၁) Rational Motives (၂) Norm-based motives (၃) Affective motives-

Rational Motives ဆိုသည်မှာ ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်အနေဖြင့် ဆင်ခြင်တွေးခေါ်မြော်မြင်မှုကို အခြေခံပြီး မြင့်မားသောပန်းတိုင်ကို ရရှိအောင် ဆောင်ရွက်လိုသော စေ့ဆော်မှုတွန်းအားဟု ဆိုပါသည်။ ပြည်သူအများနှင့်ဆိုင်သော မူဝါဒများ ဖော်ဆောင်ရေး၊ ယင်းမူဝါဒများ အကောင်အထည်ဖော်ရေးဖြစ်စဉ်များ၊ လုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုသော ၊ ယင်းသို့ ပါဝင်ဆောင်ရွက်ရခြင်းကို လိုလားနှစ်ခြိုက်ပြီး အားရကျေနပ်မှုဖြစ်သော စေ့ဆော်မှုတွန်းအားဟု ဖွင့်ဆိုကြပါသည်။ အလွယ်အားဖြင့်ဆိုလျှင် policy motivation; political motivation အမျိုးအစားဖြစ်ပါသည်။

၁၉၃၀ ပြည့်နှစ်ဝန်းကျင်၊ တက္ကသိုလ်ဘွဲ့ရပညာတတ်တစ်ဦးသည် ပုဂ္ဂလိ်ရေး အခွင့်အလမ်းကောင်းသော မြို့ပိုင်၊ နယ်ပိုင်အလုပ်များကို အလွယ်တကူရနိုင်သော အချိန်ကာလတွင် အချို့သောပညာတတ်များသည် သခင်ပေါက်စ ထောင်ခြောက်လကို မကြောက်ဘဲ တိုင်းကျိုးပြည်ကျိုး လွတ်လပ်ရေးအတွက် လုပ်ဆောင်ခဲ့ကြပါသည်။ အသက်စွန့်ပြီး လွတ်လပ်ရေးအတွက် ဝင်ရောက်မလုပ်သည့်တိုင် အများအကျိုးကို ဖြစ်ထွန်းစေသော အလုပ်အကိုင်မျိုးကို ရှာဖွေလုပ်ကြသူများလည်း ရှိပါသည်။ ဥပမာ အမျိုးသားကျောင်းဆရာအလုပ်မျိုး ဖြစ်ပါသည်။ မိမိ၏ ဆင်ခြင်တုံတရား၊ အသိတရားနှင့် တန်ဖိုးထားမှုများအရ အများပြည်သူအတွက် လုပ်ကိုင်ဆောင်ရွက်လိုသော စေ့ဆော်မှုတွန်းအားများ ဖြစ်ကြပါသည်။

Norm-based motives ဆိုသည်မှာ၊ နှုန်းစံကို အခြေပြုသော စေ့ဆော်မှုတွန်းအားဖြစ်ပါသည်။ လူများသည် အလုပ်အကိုင်အမျိုးမျိုးကို လုပ်ကြရာတွင်၊ အထူးသဖြင့် အဖွဲ့အစည်းအလိုက် လုပ်ကိုင်ကြရာတွင် ကောင်းမွန်သောရလဒ်များ ရရှိစေရန် စည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းပြီး လုပ်ကိုင်ကြရပါသည်။ မကောင်းသည်များကို ပိုမိုကောင်းမွန်အောင် ပြုပြင်ကြပါသည်။ ယင်းသို့ဖြင့် စံနှုန်းများ၊တန်ဖိုးများ၊ အခြေခံအချက်များ၊ စသည်တို့သည် ဖွံ့ဖြိုးလာခဲ့ပါသည်။ ယင်းစံနှုန်းတန်ဖိုးများကို အခြေခံပြီး တိုးတက်အောင် လုပ်ဆောင်လိုသော စိတ်ဆန္ဒ၊ စေ့ဆော်မှုတွန်းအားဖြစ်ပါသည်။

ပြည်သူ့ဝန်ထမ်းတစ်ဦးအနေဖြင့် အများပြည်သူအတွက် ဝန်ဆောင်မှုပေးရာတွင် ဖြစ်သင့် ဖြစ်ထိုက်သည်ဟု ၎င်းကယုံကြည်သော စံနှုန်းများ၊ တန်ဖိုးများကို အခြေပြုလျက်၊ တစ်ပြေးညီသော ဝန်ဆောင်မှုများကို ပေးလိုသော စိတ်ဆန္ဒမှ ဖြစ်လာသော တွန်းအားများကို ဆိုလိုပါသည်။ အဖွဲ့အစည်း၏ ကောင်းကျိုးကို လိုလားခြင်း၊ တရားမျှတခြင်း၊ ဘက်မလိုက်ခြင်း၊ ရိုးသားခြင်း၊ အများအကျိုးဖြစ်ထွန်းစေခြင်း၊ သတ်မှတ်စည်းကမ်းများကို လိုက်နာခြင်း စသောစံနှုန်းများနှင့် တန်ဖိုးများကို လိုလားခြင်း၊ အကောင်အထည်ဖော်လိုခြင်း စသည်တို့ကို အခြေပြုပြီး ပေါ်ထွန်းဖြစ်တည်လာသော စေ့ဆော်မှုတွန်းအား အမျိုးအစားဖြစ်ပါသည်။

ဝန်ထမ်းလောကတွင် သတ်မှတ်ထားသော စည်းကမ်းဥပဒေများကို မလိုတမျိုး၊ လိုတမျိုး အနက်ဖွင့်ဆိုအသုံးပြုနေခြင်းသည် ဝန်ထမ်းများအား လုပ်ငန်းတာဝန်များကို အားတက်သရော ထမ်းဆောင်လိုသော စိတ်ဆန္ဒများ လျော့နည်း ပျက်ပြားစေပါသည်။ ပြည်သူ့ဝန်ထမ်းများက ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေလိုလျှင် ပြည်သူ့ဝန်ဆောင်မှုများ ကောင်းမွန်ရေးအတွက် ချမှတ်ထားသော စံနှုန်းများ၊ တန်ဖိုးများကို လိုက်နာအကောင်အထည်ဖော်ပေးရန် လိုအပ်ပါသည်။ ယင်းသို့ အကောင်အထည်ဖော်လိုသော၊ အကောင်အထည်ဖော်ခြင်းဖြင့် ကောင်းကျိုးများ ရလာနိုင်သည်ဟု ယုံကြည်မျှော်လင့်ချက်မှ ဖြစ်လာသော စေ့ဆော်မှုတွန်းအားမျိုး ဖြစ်ပါသည်။

Affective motives- ဆိုသည်မှာ၊ တစ်ဦးတစ်ယောက်အတွက် ဖြစ်စေ၊ တစ်စုံတစ်ခုသော အသိုင်းအဝိုင်းအတွက်ဖြစ်စေ၊ ထိုထက်ပိုသော လူသားတစ်ရပ်လုံးအတွက်ဖြစ်စေ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး လုပ်ကိုင်ဆောင်ရွက်ပေးလိုသော စိတ်ဆန္ဒမှ ဖြစ်ထွန်းလာသော စေ့ဆော်မှုတွန်းအားဟု ဖွင့်ဆိုကြပါသည်။

မျက်မှောက်ကာလတွင် သာရေး၊ နာရေး စသည့်လုပ်ငန်းများအတွက် ပေါ်ထွက်လာသော လူမှုရေးလုပ်ငန်းများလုပ်ကိုင်လိုသော စေ့ဆော်မှုတွန်းအားမျိုး ဖြစ်ပါသည်။ အချို့သောသူတို့သည် လက်လှမ်းမီသောလူတစ်ဦး၊ လူအနည်းစုအတွက် လုပ်ဆောင်ကြပြီး အချို့သည် အသိုင်းအဝိုင်းတစ်ခုအတွက် အလုပ်လုပ်လာကြပါသည်။အချို့အနည်းငယ်တို့သည် လူသားတစ်ရပ်လုံးအတွက် ကောင်းကျိုးချမ်းသာဖြစ်စေလိုသော စိတ်စေတနာကို အခြေခံပြီးဖြစ်လာသော စေ့ဆော်မှုတွန်းအား ရှိကြပါသည်။ ယင်းသို့သော စေ့ဆော်မှုတွန်းအားကောင်းသူတို့သည် မယုံကြည်နိုင်လောက်သော စွမ်းအားများ၊ အနစ်နာခံမှုများဖြင့် အများအကျိုး၊ လူသားအကျိုးကို သယ်ပိုးနိုင်ကြသည်ကို တွေ့မြင်နိုင်ပါသည်။

**စေ့ဆော်မှု တွန်းအား နှစ်မျိုး**

စေ့ဆော်မှုတွန်းအား motivation နှင့် ပတ်သက်ပြီး အဇ္ဈတ္တစေ့ဆော်မှုတွန်းအား intrinsic motivation နှင့် ဗဟိဒ္ဓစေ့ဆော်မှုတွန်းအား extrinsic motivation -ဟု နှစ်မျိုးခွဲခြား ဖော်ပြကြပါသည်။ intrinsic motivation– ဆိုသည်ကို ပညာရှင်များက သုတေသနပြုလုပ်ပြီး အမျိုးမျိုး အနက်ဖွင့်ဆိုပေးကြပါသည်။ ယင်းအနက်ဖွင့်ဆိုချက်များ၏ အနှစ်ချုပ်မှာ လူတစ်ဦးတစ်ယောက်က လုပ်ငန်းတစ်ခု ဆောင်ရွက်ချက်တစ်ခု လုပ်ကိုင်ဆောင်ရွက်ရခြင်းကို ပင်ကိုအားဖြင့် နှစ်ခြိုက်ကျေနပ်သောစိတ်ထား၊ စိတ်ဓာတ်အရ ပြုမူဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ မည်သူတစ်ဦးတစ်ယောက်၏ အကောင်းအဆိုး ပယောဂများမပါဘဲ ကာယကံရှင်ကိုယ်တိုင်၏ ဆင်ခြင်မှု၊ ယုံကြည်မှု၊ တန်ဖိုးထားမှု၊ စိတ်ဝင်စားမှု၊ စူးစမ်းဆောင်ရွက်လိုမှု စသည်များကို အခြေခံပြီး လုပ်ကိုင်ဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။ ပြင်ပ ပယောဂတစ်ခုခုကို လိုလားခြင်းကြောင့် သို့မဟုတ် ကြောက်ရွံ့ခြင်းကြောင့် ဆောင်ရွက်လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်ပိုင် အသိတရား၊ ဆုံးဖြတ်ချက်အရ လုပ်ကိုင်လိုသော စေ့ဆော်မှုတွန်းအားကို ဆိုလိုပါသည်။ ယင်းသို့ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ရခြင်းကို ကြိုက်နှစ်သက်ပြီး လုပ်ငန်းကို အောင်မြင်သည်အထိ ဆောင်ရွက်လိုစိတ်၊ အခက်အခဲတွေ့လျှင် ကျော်လွှားရင်ဆိုင်လိုစိတ်များဖြင့် ဆောင်ရွက်တတ်ပြီး မျှော်မှန်းချက်များ အောင်မြင်ရရှိပါက အားရဝမ်းသာရ ပျော်ရွှင်မှု၊ နှစ်ခြိုက်မှုကို လိုလားသော စေ့ဆော်မှုတွန်းအား၊ စိတ်နေစိတ်ထားမျိုး ဖြစ်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ပူတာအိုဒေသ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၀**



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Wildlife Conservation Society (WCS) တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကချင်ပြည်နယ် ပူတာအိုဒေသ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel M Gallery by Sofitel ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကချင်ပြည်နယ်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများစွာရှိနေပါကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင်မရှိသော နှင်းခဲဖုံးလွှမ်းသော တောင်များသည် မြန်မာနိုင်ငံတွင် ရှိနေကြောင်း၊ ကချင်ပြည်နယ်တွင် ထူးခြားလှပသော မီတာ ၃၀၀၀ ကျော် မြင့်မားသည့် ဆီးနှင်းဖုံးလွှမ်းသော တောင်များအပြင် တိုင်းရင်းသားများ၏ ရိုးရာလူနေမှုပုံစံများ၊ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ ရှိပါကြောင်း၊ ကချင်ပြည်နယ်တွင် သဘာဝအရင်းအမြစ်များ ပေါကြွယ်လှသော်လည်း နယ်မြေအေးချမ်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက် ရှိနေခြင်းကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်သင့်သလောက်၊ မတိုးတက်သေးသော်လည်း၊ မကြာခင်တိုးတက်မည့် အလားအလာကောင်းများ အပြည့်အဝရှိနေသည့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်များကို ဆောင်ရွက်ထားရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များကို ကြိုတင်ဆောင်ရွက်ထားရန် ဖြစ်ကြောင်း။

ထို့အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုး၊ ဒေသနေပြည်သူလူထုအကျိုးကို ပြုစေသဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အကျိုးသက်ရောက်မှုများကို ဒေသနေပြည်သူလူထုတို့မှ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ကြိုတင်အသိပညာပေးဖြန့်ထားသင့်ကြောင်း၊ ကချင်ပြည်နယ်တွင် သဘာဝအခြေခံ ခရီးစဉ်ဒေသအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဒေသလေးခုရှိကြောင်း၊ သဘာဝအခြေခံ ခရီးစဉ်ဒေသများ ရေရှည်တည့်တံ့ခိုင်မြဲစေရန် လိုအပ်ပြီး ဒေသခံများမှ မိမိတို့ဒေသ၏ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန်၊ ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု၊ မှီခိုမှုများကိုလျှော့ချဆောင်ရွက်ပြီး ယခုအလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးအသိပညာဖလှယ်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ခရီးသွားလုပ်ငန်း စီမံကိန်းရေးဆွဲသူနှင့် အကြံပေးပုဂ္ဂိုလ်များဖြစ်သော Dr.Paul Roger နှင့် ဒေါ်ကြည်ကြည်အေးတို့မှ လည်းကောင်း၊ Wildlife Conservation Society (WCS) မှ ကိုယ်စားလှယ် Mr. Rob Tizard မှ လည်းကောင်း၊ UNESCO Head of Office မှ Ms.Min Jeon Kim မှ လည်းကောင်း၊ Development Assistant Coordination Unit မှ Mr.Joe Fisher မှ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် Journeys Travel and Tour Co.,Ltd မှ ဦးဝင်းတင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်တို့က ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြား၍ အပြန်အလှန်ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ၀၆၀၀ အချိန်၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ၁၈၀၀ အချိန်မှ ဇူလိုင်လ ၁၉ ရက်နေ့ ၁၈၀၀ အချိန်ထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မွှာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂၀၀ အချိန်မှ ၁၇၀၀ အချိန်ထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

### အသိပေးကြေညာချက်

**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-**



- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# မိုဆူးလ်မြို့ကို အောင်နိုင်ခဲ့သည့်လက်နက်ကိုင်တပ်ဖွဲ့ဝင် အင်အားစုများကိုအီရတ်ဝန်ကြီးချုပ်ဂုဏ်ပြု



ဝန်ကြီးချုပ်ဟေဒါအယ်လ်အဘာဒီကို မိုဆူးလ်၌ အီရတ်တပ်ဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်

**မိုဆူးလ် ဇူလိုင် ၁၀**

အီရတ်ဝန်ကြီးချုပ် ဟေဒါအယ်လ်အဘာဒီသည် မိုဆူးလ်မြို့သို့တနင်္ဂနွေနေ့တွင် ရောက်ရှိခဲ့ပြီး အိုင်အက်စ်စစ်သွေးကြွများကို အောင်မြင်စွာနှိမ်နင်း တိုက်ထုတ်နိုင်ခဲ့သည့် အီရတ်လက်နက်ကိုင်တပ်ဖွဲ့ဝင်အင်အားစုများကို ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

ကိုးလနီးပါးကြာအောင်တိုက်ပွဲများဆင်နွှဲခဲ့ပြီးနောက် မိုဆူးလ်တွင် အစွန်းရောက်စစ်သွေးကြွများ၏စိုးမိုးခြယ်လှယ်မှုများနိဂုံးချုပ်သွားခဲ့ပြီဖြစ်သည်။

မိုဆူးလ်ကိုသိမ်းပိုက်ခံလိုက်ရပြီး သုံးနှစ်အကြာတွင် အိုင်အက်စ်စစ်သွေးကြွများ၏ ကျဆုံးမှုသည် အစွန်းရောက်ဆွန်နီအစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့အနေဖြင့် အကြီးအကျယ် အထိနာသွားခြင်းဖြစ်ပြီး ၎င်းတို့သည် ကမ္ဘာအနှံ့တွင် အကြမ်းဖက်မှုတိုက်ခိုက်မှုများပြုလုပ်ရန် အကွက်ချစီစဉ်ရာ အခြေစိုက်စခန်းဖြစ်သည့် ဆီးရီးယားနိုင်ငံ ရက်ကွာမြို့ရှိ အချက်အချာနေရာကိုပါလက်လွတ်ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

အီရတ်ရှိ နယ်နိမိတ်များကိုထိန်းချုပ်ထားဆဲဖြစ်သည့် ဆွန်နီအစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့သည် အဖွဲ့အစည်းပြိုကွဲသွားပြီဖြစ်သည့်အတွက်ဖုံးခွဲခြင်းကဲ့သို့သော နည်းဗျူဟာများကိုပြန်လည် လုပ်ဆောင်လာဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။

စစ်သွေးကြွများ၏ထိန်းချုပ်မှုအောက်သို့ အချိန်ကြာမြင့်စွာကျရောက်ခဲ့ရပြီး အရပ်သားထောင်ချီသေဆုံးကာ လူတစ်သန်းနီးပါးအိုးအိမ်ပျောက်ကွယ်ခဲ့ရသည့် မိုဆူးလ်မြို့၏ရှေးဟောင်းအများစုသည် ပျက်စီးယိုယွင်းလျက်ရှိသည်။

ဝန်ကြီးချုပ် ဟေဒါအယ်လ်အဘာဒီသည် လွတ်မြောက်သွားပြီဖြစ်သည့် မိုဆူးလ်မြို့သို့ရောက်ရှိခဲ့ပြီး စွမ်းစွမ်းတမံတိုက်ပွဲဝင်ခဲ့သည့် တိုက်ခိုက်ရေးအဖွဲ့သားများနှင့် အီရတ်ပြည်သူများကို အောင်ပွဲအတွက်ဂုဏ်ပြုခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ဖော်ပြခဲ့သည်။

မိုဆူးလ်မြို့ဟောင်းအတွင်းရှိ ကျဉ်းမြောင်းသောလမ်းသွယ်များထဲတွင် လေကြောင်းတိုက်ခိုက်မှုများနှင့်သေနတ်များအပြန်အလှန်ပစ်ခတ်သံကို ကြားနေရဆဲဖြစ်ပြီး စစ်သွေးကြွအုပ်စုများသည် အမေရိကန်ဦးဆောင်သော နိုင်ငံတကာမဟာမိတ်များ ကျောထောက်နောက်ခံပြုထားသည့် အီရတ်အင်အားစုများကို နောက်ဆုံးခုခံတိုက်ခိုက်နေကြခြင်းဖြစ်ကြောင်းသိရသည်။ **(ရိုက်တာ)**

# အိန္ဒိယနိုင်ငံတွင် ဂင်္ဂါမြစ် အဆိပ်သင့်

**နယူးဒေလီ ဇူလိုင် ၁၀**

ဟိမဝန္တာမှစတင်သော အလွန်သန့်ရှင်းကြည်လင်သည့် အိန္ဒိယနိုင်ငံရှိ ဂင်္ဂါမြစ်သည် ယခုအခါ ရေထုညစ်ညမ်းမှုများနှင့်သာမက အဆိပ်သင့်မှုများဖြင့် အကျည်းတန်ရုပ်ဆိုးခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဇူလိုင် ၁၀ ရက်ကဖော်ပြခဲ့သည်။

ဆယ်စုနှစ်များစွာကြာအောင် အစိုးရအနေဖြင့် ဂင်္ဂါမြစ်အား ကယ်ဆယ်မှုများ မည်မျှပင်လုပ်ဆောင်စေကာမူ သန်းပေါင်းများစွာသော ဟိန္ဒူများနှင့် သန်း ၄၀၀ မျှသော သဘာဝအရင်းအမြစ်များဖြစ်တည်ရာ ဂင်္ဂါမြစ်သည်ယခုအခါတွင် သေဆုံးခဲ့ပြီဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီအစိုးရအနေဖြင့် ၄၀၀ကျော်မျှသော သားရေနယ်ရုံများကို မြစ်နှင့်ဝေးရာသို့ ရွှေ့ပြောင်းရန်နှင့် ရေဆိုးသန့်စင်ရေးစက်ရုံများ ပိုမိုတည်ဆောက်ရန် တိုက်တွန်းခဲ့သော်လည်း အလုပ်မဖြစ်ခဲ့ပေ။ ၎င်းစီးဆင်းရာ မြို့ရွာများမှ စွန့်ပစ်အမှိုက် ၄၈၀၀ သန်းသည် နေ့စဉ် မြစ်ထဲသို့ရောက်ရှိနေကြောင်းသိရသည်။

**(ရိုက်တာ)**

# ဆီးရီးယားအပစ်ရပ်စဲရေးသဘောတူညီချက် သုံးနိုင်ငံချုပ်ဆို

**ဒမတ်စကတ် ဇူလိုင် ၁၀**

အမေရိကန်၊ ရုရှားနှင့် ဂျော်ဒန်နိုင်ငံတို့ ဇူလိုင် ၇ ရက်က ဂျော်ဒန်နိုင်ငံ၌ချုပ်ဆိုခဲ့သော ဆီးရီးယားအနောက်တောင်ပိုင်းအပစ်ရပ်စဲရေး သဘောတူညီချက်သည် ယမန်နေ့မွန်းတည့် ၁၂ နာရီမှစပြီး အသက်ဝင်လာပြီဖြစ်ကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဇူလိုင် ၁၀ ရက်က ဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီချက် စတင်အသက်ဝင်လာသည့်အချိန်မှစပြီး အဆိုပါဒေသများတွင် ယခုအချိန်ထိ တိုက်ပွဲများဖြစ်ပွားခြင်းမရှိသေးကြောင်း စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်များအရသိရသည်။

ဆီးရီးယားတပ်ဖွဲ့များနှင့် အစိုးရဆန့်ကျင်လက်နက်ကိုင်တပ်ဖွဲ့တို့ အပစ်အခတ်ရပ်ဆိုင်းခဲ့ကြပြီးနောက် သဘောတူစာချုပ်၌ ပါဝင်သော ပြည်နယ်များတွင်လည်း ငြိမ်းချမ်းခဲ့ကြကြောင်း စစ်ဘက်ဆိုင်ရာ သတင်းပေးတစ်ဦးက ဆင်ဟွာသို့ပြောကြားခဲ့သည်။

အမေရိကန်၊ ရုရှားနှင့် ဂျော်ဒန်သုံးနိုင်ငံ သဘောတူခဲ့သည့် အဆိုပါစာချုပ်သည် ဆီးရီးယားအနောက်တောင်ပိုင်း တိုက်ပွဲကြာမြင့်မှုလျှော့ချရေး၊ ရန်ပြုသည့် ဆောင်ရွက်မှု အဆုံးသတ်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများချောမွေ့စွာဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ကြောင်း သိရသည်။

သို့သော်လည်း အပစ်အခတ်ရပ်စဲခဲ့သည့်ဒေသများသည် အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်းတို့ ထိန်းချုပ်ထားသော ဒေသများဖြစ်သောကြောင့် အပစ်အခတ်ရပ်စဲမှုသည် သေချာမှုမရှိသေးကြောင်း ဆီးရီးယားအရေးကျွမ်းကျင်သူတစ်ဦးကဆိုသည်။

**(ဆင်ဟွာ)**

# တရုတ်ရေတပ်သင်္ဘောများ ဂျပန်ရေပိုင်နက်ထဲဝင်ရောက်လာ

**တိုကျို ဇူလိုင် ၁၀**

တရုတ်ကင်းလှည့်သင်္ဘောလေးစင်းသည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဆန်ကာကူကျွန်းအနီး ရေပိုင်နက်ထဲသို့ တနင်္လာနေ့တွင် ဝင်ရောက်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

တရုတ်ရေတပ်ကင်းလှည့် သင်္ဘောများသည် Uotsuri ကျွန်းရှိရေပိုင်နက်အတွင်းသို့ နံနက် ၁၀နာရီခွဲခန့်တွင် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

တရုတ်ရေယာဉ်များသည် ရေပိုင်နက်အတွင်းတစ်နာရီခွဲခန့်ကြာအောင်ရှိနေခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ညနေသုံးနာရီခန့်တွင် ရေယာဉ်များသည် မီနာမီကိုဂျီမာကျွန်း၏ အရှေ့တောင်ဘက် ၃၀ ကီလိုမီတာ အကွာခန့်သို့ ခုတ်မောင်းခဲ့ကြောင်း ဖော်ပြထားသည်။

ကမ်းခြေစောင့်တပ်ဖွဲ့အာဏာပိုင်များသည် တရုတ်ကင်းလှည့်သင်္ဘောများအား ဂျပန်ရေပိုင်နက်နှင့် ဝေးဝေးနေရန်သတိပေးခဲ့သည်ဟုဆိုသည်။

ဆန်ကာကူကျွန်းကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားပြီး တရုတ်နှင့်ထိုင်ဝမ်ကအဆိုပါကျွန်းကို ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။ ဆန်ကာကူကျွန်းကိုဂျပန်က အစဉ်အဆက်ပိုင်ဆိုင်လာသည့် နယ်နိမိတ်တစ်ခုအနေဖြင့် ဂျပန်အစိုးရက ထိန်းသိမ်းကာကွယ်ခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**






# ရုရှားနှင့်ဆိုက်ဘာလုံခြုံရေးစနစ်တစ်ခုတည်ထောင်ရန် ထရန့်၏အဆိုပြုချက်ကို ရီဘတ်ပလစ်ကန်အမတ်များကန့်ကွက်

**ဝါရှင်တန် ဇူလိုင် ၁၀**

ရုရှားနိုင်ငံသည် စိတ်မချရကြောင်း ရီဘတ်ပလစ်ကန်အမတ်များက ပြင်းထန်စွာဝေဖန်မှုပြုပြီးနောက် ရုရှားနှင့် ဆိုက်ဘာလုံခြုံရေးစနစ်တစ်ခုတည်ထောင်ရန် အဆိုပြုဆောင်ရွက်မှုအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြန်လည်ရုတ်သိမ်းလိုက်ကြောင်း သိရသည်။ ထို့အပြင် ၎င်းအနေဖြင့် ထိုသို့ပြုလုပ်ခဲ့မည် မထင်ကြောင်းပြောခဲ့သည်။

ရုရှားနှင့်ဆိုက်ဘာလုံခြုံရေးစနစ် အတူတည်ထောင်ဖြစ်တော့မည်မဟုတ်ကြောင်း ထရန့်ကလူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သော တွစ်တာတွင်ပြောခဲ့သည်။ ထို့အပြင် ရုရှားနှင့်သဘောတူခဲ့သော ဆီးရီးယားအပစ်ရပ်စဲ ရေးကိစ္စမှာ ပွင့်လင်းမြင်သာမှုရှိကြောင်း ၎င်းက ပြောခဲ့သည်။

ရွေးကောက်ပွဲများတွင် ဆိုက်ဘာနှောင့်ယှက်မှုများ မဖြစ်ပေါ်စေရန်အတွက် ဟန့်တားမှုပြုလုပ်နိုင်မည့် ဆိုက်ဘာလုံခြုံရေးယူနစ်တစ်ခုတည်ထောင်ရန် အမေရိကန် သမ္မတဒေါ်နယ်ထရန့်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယမန်နေ့က ဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါကိစ္စအပေါ် ရီဘတ်ပလစ်ကန်အမတ်များက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ ၂၀၁၆ အမေရိကန်ရွေးကောက်ပွဲတွင် ရုရှားတို့ ပါဝင်ခဲ့သည်ကို သိသိကြီးနှင့် အမေရိကန်နိုင်ငံအနေဖြင့် မည်သည့်အတွက်ကြောင့် ရုရှားနှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရမလဲဟု ၎င်းတို့က ပြောခဲ့သည်။

ယခုကိစ္စသည်ကိုယ့်အိမ်ကို ဓားပြတိုက်မည့် ပုံစံဖြစ်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဟောင်း အက်ရှ်ကာတာက ပြောခဲ့သည်။

ထရန့်၏ ဆိုက်ဘာလုံခြုံရေးယူနစ်တစ်ခုတည်ထောင်ရန်ကိစ္စနှင့်ပတ်သက်ပြီး ထရန့်အကြံပေးများဖြစ်သော နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်နှင့် ဘဏ္ဍာရေးဝန်ကြီး စတိဗ်နျူချင်တို့က ဖြေရှင်းရန် လုပ်ဆောင်နေကြောင်း သိရသည်။ **(ရိုက်တာ)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ကော့သောင်းနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် မြန်မာအလုပ်သမားများကို တွေ့ဆုံအားပေး

**ကော့သောင်း ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၉ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ကော့သောင်းနယ်စပ်ဂိတ်သို့ အဋ္ဌမအသုတ်အဖြစ် ပြန်လည်ဝင်ရောက်လာသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားအမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၄၀ နှင့် ကလေးငယ်ကိုးဦး အပါအဝင် ၁၂၂ ဦးအား ကူညီမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကော့သောင်းမြို့ မဥ္ဇူသကပြည်သူ့ခန်းမသို့ လာရောက်ကြည့်ရှု နှစ်သိမ့်အားပေးသည်။ **(ယာပုံ)**

ပြန်လည်ဝင်ရောက်လာသည့်အလုပ်သမားများအား ဝန်ကြီးချုပ်က နှစ်သိမ့်အားပေးစကားပြောကြားပြီး အစားအသောက်၊ ထမင်းဘူးနှင့် ရေသန့်ဘူးများ လိုက်လံလှူဒါန်းကျွေးမွေးကာ နေရပ်ပြန်အလုပ်သမား ကြိုဆိုလက်ခံကူညီမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး ငွေကျပ် သိန်း၂၀အား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများက တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ဇူလိုင် ၉ ရက်အထိ ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာအလုပ်သမားဝင်ရောက်မှု အမျိုးသား ၇၅၁ ဦး၊ အမျိုးသမီး ၃၆၈ ဦး၊ ကလေး ၇၅ ဦး အပါအဝင် စုစုပေါင်း ၁၁၉၄ ဦးရှိပြီဖြစ်ရာ အဆိုပါအလုပ်သမားများ မြန်မာနိုင်ငံ နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မော်တော်ယာဉ်စီးနင်းခများ ဆက်လက်ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



# မောင်တောမြို့နယ် တရိန်းကျေးရွာနေ ပြည်သူများသို့ ဆိုလာမီး ၈၇ စုံ ပေးအပ်

မောင်တော ဇူလိုင် ၁၀

**ရခိုင်ပြည်နယ်အစိုးရ၏ စီစဉ်မှုဖြင့် မောင်တောမြို့နယ်မြောက်ပိုင်းရှိ တရိန်းကျေးရွာနေ ပြည်သူများအတွက် မောင်တောမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ဆိုလာမီးများပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။**



အဆိုပါ အခမ်းအနားသို့ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မြေစာရင်း၊ မြို့နယ်စီမံကိန်းဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

"ဒီဒေသရဲ့ နယ်မြေလုံခြုံရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ ဒေသနေပြည်သူတွေရဲ့ နယ်မြေလုံခြုံမှုကို တပ်မတော်နဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေက အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို ညပိုင်း လုံခြုံမှုဖြစ်စေဖို့ ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ ဆိုလာမီးတွေ လာရောက်ပေးအပ်ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ကျေးရွာတွင် ဒေသခံတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး အိမ်ခြေ ၈၄ အိမ်ရှိကြောင်း၊ ထပ်မံ၍လည်း အိမ်ခြေ ၅၀ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုထောက်ပံ့မှုတွင် တစ်အိမ်ထောင်လျှင် ဆိုလာပြား၊ ဆိုလာဘက်ထရီ၊ မီးလုံး၊ မီးချောင်းအပါအဝင် တစ်စုံစီ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ၈၇ စုံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊အောင်ကျော်ဦး**

**ဓာတ်ပုံ-သက္က**

# ထီးခီးနယ်စပ်ဂိတ်မှဝင်ရောက်လာသည့် မြန်မာအလုပ်သမား ၂၈၅၉ ဦး ရှိပြီဟုဆို

**မေတ္တာ ဇူလိုင် ၁၀**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက် လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ ထီးခီးနယ်စပ်ဂိတ်မှ ဇွန် ၃၀ ရက်ကစပြီး စတင်ဝင်ရောက်လာခဲ့ရာ ယနေ့အထိ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားဦးရေ အမျိုးသား ၁၅၂၇ ဦး၊ အမျိုးသမီး ၁၃၃၂ ဦး စုစုပေါင်း ၂၈၅၉ ဦးရှိပြီဟု ထားဝယ်မြို့နယ် ဒုတိယမြို့နယ်မှူး ဒုရဲမှူး သိန်းနိုင်ထံမှ သိရှိရသည်။ အဆိုပါ အလုပ်သမားများသည် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်နေထိုင်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေသတိပေးချက်များကို နံရံကပ်ပြဘုတ်များ၌ ကြေညာပေးလျက်ရှိ



**မော်လိုက် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁ နာရီ တိုင်းထွာချက်များအရ မော်လိုက်မြို့၏ စိုးရိမ်မှတ်အထက်၌ ဆက်လက်တည်ရှိနေပြီး ၁၃၈၉ စင်တီမီတာသို့ ရောက်ရှိနေကြောင်း ခရိုင်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနေခြင်းကြောင့် အဆိုပါ မြစ်ရေ၏ အခြေအနေများကို ပြည်သူများ သိရှိစေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူစည်ကားရာ ကမ်းနားလမ်း မြေစိုက်နံရံကပ်ပြဘုတ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် မြစ်ရေကြီးမှုအခြေအနေ သတင်းများ၊ ချင်းတွင်းမြစ်ရေအခြေအနေများနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထုတ်ဝေသည့် ရေဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးပိုစတာများကို ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် ကြေညာပြသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မော်လိုက်သားလေး**

# ဘားအံ-လှိုင်းဘွဲ့ကားလမ်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

**လှိုင်းဘွဲ့ ဇူလိုင် ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု ဘားအံ-လှိုင်းဘွဲ့ကားလမ်း ထီလုံအထက်တန်းကျောင်းအနီးတွင် ယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွားခဲ့ကာ ဘားအံ-လှိုင်းဘွဲ့ လမ်းရှိ အဆိုပါ နေရာ၌ ၂၀၁၇ ခုနှစ်အတွင်း ယာဉ်တိမ်းမှောက်မှု ငါးကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ယာဉ်အန္တရာယ်မဖြစ်စေဖို့ ယာဉ်အန္တရာယ် သတိပေးအမှတ်အသားဆိုင်းဘုတ်တွေကို ဇူလိုင် ၁၂ ရက်မှာ စတင်စိုက်ထူဖို့ စီစဉ်ထားပါတယ်" ဟု မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စန်းယုက ပြောသည်။

ထိုသို့ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားနေသဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စန်းယု ဦးဆောင်သော လမ်းအထူးအဖွဲ့မှ တာဝန်ရှိသူများနှင့် အချိန်နှင့်တစ်ပြေးညီ မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ နေရာရှိ လမ်းပခုံးသားတစ်ဖက်မှာ မြင့်နေပြီး တစ်ဖက်မှာ အနည်းငယ်နိမ့်နေသည့်အတွက် လမ်းအဖြောင့်အတိုင်း အရှိန်နှင့်မောင်းနှင်လာသော ယာဉ်များအနေဖြင့် အဆိုပါ နေရာအရောက်တွင် လမ်းမှာ တစ်ဖက်သို့ စောင်းနေသည့်အတွက် ယာဉ်၏ဝိတ်ကြောင့် ယာဉ်မှာ ဆွဲလှဲသကဲ့သို့ဖြစ်ကာ တိမ်းမှောက်ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဆောက်လုပ်ရေးမှ တာဝန်ရှိသူများနှင့် လမ်းအထူးအဖွဲ့မှ တာဝန်ရှိသူများက လမ်းပိုင်းနေရာအား အမြန်ဆုံးပြုပြင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထီလုံနယ်မြေရဲစခန်းမှူး၊ ထီလုံ အ.ထ.က ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ဒေသခံရပ်မိရပ်ဖတို့က ထီလုံအရှေ့တိုက်ကျောင်း ဆရာတော် ဦးဣန္ဒာစာရ ဦးစီး၍ နောက်ပါသံဃာတော် ခုနစ်ပါးတို့အား အမှူးထား၍ ဇူလိုင် ၇ ရက် ညနေ ၄ နာရီခွဲက ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပရိတ်တရားတော် ရွတ်ဖတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# ကြီးအုံကြီးဝရေလှောင်တမံ ကန်ရေပြည့်ပမာဏထက် ကျော်လွန်လျက်ရှိ

**ပွင့်ဖြူ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝရေလှောင်တမံသည် ဇူလိုင် ၁၀ ရက်နေ့ တိုင်းထွာချက်အရ ကန်ရေပြည့်ပမာဏ ပေ ၃၄၀ ထက် ၅ ဒသမ ၉ ပေခန့် ကျော်လွန်နေသော်လည်း စိုးရိမ်ရေမှတ်သို့ မရောက်ရှိသေးကြောင်း၊ ယခုမုန်းချောင်းရေသည် ကြီးအုံကြီးဝရေလှောင်တမံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရေထုတ်လွှတ်ခြင်း၊ စိုက်ပျိုးရေးရေထုတ်ပေါက်မှ ရေထုတ်လွှတ်ခြင်း၊ ပင်မရေပိုလွှဲနှင့် အကူရေပိုလွှဲတို့မှ ရေကျော်ကျခြင်းစသည့် ရေထွက်ပေါက် လေးခုတို့မှ ထုတ်လွှတ်ရေများသာဖြစ်ကြောင်း တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရှိရသည်။

**သူရထွန်း (ပွင့်ဖြူ)**



## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၇-၂၀၁၇(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - **အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာစီမံဆောင်ရွက်မှုများ**
(ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ)
(ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ)

၁၅း၀၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ်

(တောင်ကြီး မြို့) (ဒုတိယပိုင်း)

**ညပိုင်း**

၁၆း၃၅ - **မျက်ရည်သွန်လို့ဘဝင်ညို့ဴး ဇူလိုင် တစ်ဆယ့်ကိုး**

၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း

၁၈း၂၀ - Football Magazine

၁၈း၃၅ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (သရုပ်ဆောင်-မြင့်မြတ်)

၁၈း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
**ကပွဲယ**
(ပြေတီဦး၊ ကောင်းပြည့်၊ ဖွေးဖွေး) (ဒါရိုက်တာ-အကယ်ဒမီကိုဇော် (အရုဏ်ဦး))

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

# ကျွန်ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ ရုပ်ရှင်အစည်းအရုံးတာဝန်ရှိသူများက ပုဂံဒေသခံပြည်သူများကို တောင်းပန်

**ညောင်ဦး ဇူလိုင် ၁၀**

ညောင်ဦးတွင် ကျွန်ရုပ်ရှင်ဇာတ်ကားနှင့်စပ်လျဉ်း၍ ပုဂံဒေသနှင့် ပုဂံဒေသခံများ၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့မှုအပေါ် အဆိုပါရုပ်ရှင်နှင့်ပတ်သက်သည့် တာဝန်ရှိသူများက ပုဂံဒေသခံပြည်သူများအား တောင်းပန်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အခမ်းအနားတွင် ဒေသခံ မြို့မိမြို့ဖများကိုယ်စား ဦးမောင်တင့်နှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ခိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဒါရိုက်တာ ဦးနှင်းမိုး၊ ဥက္ကဋ္ဌ ဦးလူမင်းနှင့် ကျွန်ဇာတ်ကား ဖန်တီးရိုက်ကူးခဲ့သူ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်တို့က ဇာတ်လမ်းနှင့်ပတ်သက်၍ ထိခိုက်နစ်နာစေခဲ့သည့် ဇာတ်စကားလုံးအသုံးအနှုန်းများကြောင့် ဒေသခံများ၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့မှုအပေါ် တောင်းပန်စကားများပြောဆိုခဲ့သည်။ ထို့နောက် ပုဂံဒေသနှင့် ဒေသခံများကိုယ်စား အထက်တန်းရှေ့နေ ဦးမြအောင်က ရုပ်ရှင်အစည်းအရုံးတာဝန်ရှိသူများ၏ တောင်းပန်မှုအပေါ် ခွင့်လွှတ်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်အရ ကျွန်ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ဒေသခံများ၏ တင်ပြတောင်းဆိုချက်များမှ ဒေသခံများ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ရသည့် စကားလုံးအသုံးအနှုန်းအပြောအဆို၊ ပြကွင်းပြကွက်များကို မိမိသဘောနှင့် မိမိတာဝန်ယူ၍ ပြန်လည်တည်းဖြတ်ပြင်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဗီဒီယိုအဖြစ် ပြန်လည်ဖြန့်ချိရာတွင်လည်း အဆိုပါအသုံးအနှုန်း အပြောအဆို၊ ပြကွင်းပြကွက်များကို လုံးဝမပါရှိစေရန် ကတိပြုလိုပါကြောင်း၊ ကျွန်ဆိုသည့် ရုပ်ရှင်ဇာတ်ကားအမည်ကိုလည်း ယခင်ရှေးဟောင်းသုတေသနဌာနတွင် ရိုက်ကူးခွင့်တင်စဉ်က ပြောင်းလဲပေးခဲ့သည့် အမှောင်မှာရွှာချတဲ့မိုးတိမ် ဇာတ်ကားအမည်ဖြင့် ပြောင်းလဲပေးသွားမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောကြားသည်။

ယခုဇာတ်လမ်းသည် လက်ရှိအခြေအနေမှန်ကို ရိုက်ကူးတင်ပြခြင်းမဟုတ်ဘဲ တင်ပြသူ၏ အနုပညာဖန်တီးမှု သက်သက်သာဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အနုပညာဖန်တီးမှုတွင် ဒေသခံမိဘပြည်သူများ၏ ဂုဏ်သိက္ခာကိုထိခိုက်နစ်နာစေလိုသည့် ဆန္ဒမရှိသော်လည်း ဒေသခံမိဘပြည်သူများအပေါ် ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့သည့်အတွက် ဒါရိုက်တာနှင့် ထုတ်လုပ်သူတာဝန်ရှိသူများအားလုံးက မေတ္တာရပ်ခံတောင်းပန်အပ်ပါကြောင်း၊ ရုပ်ရှင်ဇာတ်လမ်းအမည်ကိုလည်း ပြောင်းလဲသွားမည်ဖြစ်ကြောင်း စသည်တို့ကို မီဒီယာများမှတစ်ဆင့် အသိပေးကြေညာ တောင်းပန်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျွန်ဇာတ်လမ်းနှင့်ပတ်သက်၍ ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ ရှုတင်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ ညောင်ဦး-ပုဂံဒေသခံ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများ သိမ်းဆည်းရမိ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈) ရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများ ဖမ်းဆီးရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇူလိုင် ၉ ရက်နံနက်ပိုင်းက (၁၆၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရာအိမ်မှူး ဦးလှစိန်နှင့် ဦးသိန်းတန်တို့ထံ ယင်းရပ်ကွက်နေ ဟိန်းမင်းဦး၊ မခင်ဝိုင်း၊ ကျော်ခိုင်၊ ကျော်သန့်ဇင်၊ အောင်သူ၊ ခင်ငြိမ်းချမ်းနှင့် အောင်ဝင်းတို့ လာရောက်၍ အလုပ်ထောက်ခံစာအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြသရာ မသင်္ကာသဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးရှိ ဦးစီးမှူး ဦးသန်းဌေးမြင့်ထံအကြောင်းကြားရာမှ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုဖြစ်ကြောင်း အတည်ပြုချက်ရရှိခဲ့သည်။

၎င်းတို့ခုနစ်ဦး၏ ပြောပြချက်အရ (၁၆၈)ရပ်ကွက် ကနောင်မင်းသားကြီးလမ်း နေ့ကလေးထိန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသော ဦးကျော်ဆွေ (၅၂ နှစ်)ထံမှ ကတ်ပြားတစ်ပြားကို ငွေကျပ် ၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း သိရှိခဲ့ရသဖြင့် မြို့မရဲစခန်းသို့တိုင်တန်းခဲ့ရာ နယ်ထိန်းအရာရှိ ရဲအုပ်ကျော်ကျော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ညနေ ၆ နာရီ ၄၅ မိနစ်က ဦးကျော်ဆွေ (၅၂ နှစ်)ကို ဖမ်းဆီးခဲ့ပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**



# ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင် ခိုးဝင်လာသူရှစ်ဦး ဖမ်းဆီးရမိ

**ကော့သောင်း ဇူလိုင် ၁၀**

ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိပိတ်ထားသည့် ကွမ်းယာဆိုင်ခုံပေါ်တွင် ဇူလိုင် ၈ ရက် ညပိုင်းက မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင် ခိုးဝင်လာသူ ရှစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူများမှာ အာဇီဇူလာ(၄၀ နှစ် )၊ ဖာရီဗိုအစ္စလာမ်(၂၄ နှစ်)၊ ရှော်ဘီအာလာမ် (၁၈ နှစ်)၊ အန်ရာ ဆော်ဒီ(၁၅ နှစ်)၊ မိုဟာမက်အက်ကရမ်(၁၄ နှစ်)၊ အာဂျူမိုဟား(၁၇ နှစ်)နှင့် ဝီဆာမ်မွတ်(၁၃ နှစ်)တို့ဖြစ်ကာ ၎င်းတို့အနက် မြန်မာစကားပြောဆိုတတ်သူနှစ်ဦးပါရှိပြီး ဧပြီလအတွင်းက ရခိုင်ပြည်နယ် ကျောက်တော်မြို့မှ ရန်ကုန်မြို့သို့ဖြတ်သန်းကာ ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ထွက်ခွာခဲ့ကြခြင်းဖြစ်ပြီး ထိုင်းနိုင်ငံအတွင်း ဖမ်းဆီးနေမှုကြောင့် ထိုင်းနိုင်ငံသားနှင့် မီဇာနူရေ(၂၁ နှစ်)ဆိုသူမှာ ထိုင်းနိုင်ငံသားမှတ်ပုံတင်ပျောက်ဆုံးခဲ့သဖြင့် အာဏာပိုင်များက စစ်ဆေးစဉ် ပြသနိုင်ခြင်းမရှိ၍ ထိုင်းနိုင်ငံရနောင်းမြို့မှတစ်ဆင့် ၎င်းတို့ရှစ်ဦးမှာ ပဲ့ချိတ်လှေတစ်စင်းဖြင့် နယ်စပ်ဖြတ်ကျော်ကာ ကော့သောင်းမြို့သို့ ခိုးဝင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အဆိုပါ တရားမဝင် ခိုးဝင်လာသူရှစ်ဦးအား ကော့သောင်းမြို့နယ် လဝကဦးစီးမှူး၏ တိုင်တန်းချက်အရ ကော့သောင်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# လူမှုကွန်ရက်တွင် ညစ်ညမ်းပုံများတင်သူကို ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်

**မိတ္ထီလာ ဇူလိုင် ၁၀**

သာစည်မြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ညစ်ညမ်းဓာတ်ပုံများတင်သူအား ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် ဇူလိုင် ၉ ရက်က အမှုဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာသာစည်မြို့နယ် အမှတ်(၆)တိုးချဲ့ရပ်ကွက်နေသူ ဦး----သည် ဇွန် ၂၇ ရက်က ဇနီးဖြစ်သူ အသုံးပြုသော facebook account တွင် ညစ်ညမ်းဓာတ်ပုံများတင်ထားကြောင်း ညီဖြစ်သူ၏ ပြောပြချက်အရ သိရှိခဲ့ရ၍ ဦး----က ဇနီးဖြစ်သူအားမေးမြန်းရာ အဆိုပါ facebook account ကို လွန်ခဲ့သော လေးနှစ်ခန့်က နေအိမ်တွင် အလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့သူ ထင်အောင်ဝင်း(ခ) အောင်အောင် (၃၂နှစ်)က လျှို့ဝှက်နံပါတ်ပြောင်း၍ အသုံးပြုနေကြောင်း ပြောပြခဲ့သဖြင့် ထင်အောင်ဝင်း(ခ)အောင်အောင်အား ဆက်သွယ်၍ ထိုသို့မပြုလုပ်ရန်နှင့် ဇနီးဖြစ်သူ၏ ညစ်ညမ်းဓာတ်ပုံများဖျက်ပေးရန် တောင်းဆိုခဲ့သော်လည်း ထင်အောင်ဝင်း(ခ)အောင်အောင်က မဖျက်ပေးနိုင်ကြောင်းနှင့် မိသားစုဝင်များကိုလည်း သတ်ပစ်မည်ဟု ပြန်လည်ခြိမ်းခြောက်ပြောဆိုခဲ့၍ ဦး----က သာစည်မြို့မရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် ထင်အောင်ဝင်း(ခ)အောင်အောင်ကို ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ဟုမ္မလင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုနှင့် ဇီးကျွန်းကျေးရွာတို့တွင် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် နေအိမ်များပျက်စီးခဲ့သဖြင့် အိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၁၅၀ ခန့်သည် မှန်ပင်ကျေးရွာ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိရာ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအဖွဲ့ဝင်များသည် အဆိုပါရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ယာယီပြောင်းရွှေ့နေထိုင်ကြသူများအတွက် သုံးရက်စာ အစားအသောက်များလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ထို့အပြင် ဖောင်ဒေးရှင်းသည် ဇူလိုင် ၇ ရက်ကလည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော ခန္တီးမြို့ ပေါ်မိုင်းရပ်ကွက်၊ မြို့မရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၉၆၀ အတွက် နံနက်စာနှင့် ညနေစာထမင်းထုပ်များကိုဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သဲနိုင်ဦး(မြန်မာစာ)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၅၀၊ သွင်းကုန် ၅၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၆၂ စီး၊ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၀၄ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၉ ရက်က မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Wish နှစ်စီး၊ Nissan Wingroad တစ်စီးနှင့် Toyota Mark II တစ်စီးတို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ခြိမ်းခြောက်ငွေတောင်းသူများအား အရေးယူ

**ရန်ကုန် ဇူလိုင် ၁၀**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဦး-----သည် မေ ၁၂ ရက် နံနက် ၂ နာရီခွဲခန့်က စတိုးဆိုင်တစ်ဆိုင်မှ မုန့်ဝယ်ပြီး ၎င်းပိုင် Toyota Mark II ယာဉ်ဖြင့် နေအိမ်သို့ပြန်မည်ပြုစဉ် အမျိုးသားလေးဦးက ယာဉ်၏ရှေ့မှပိတ်ရပ်ကာ ကားမှန်အား ဝါးရင်းတုတ်ဖြင့်ခွဲသဖြင့် ကြောက်လန့်၍ ယာဉ်အား လမ်း၏ ယာဘက်ခြမ်းသို့ဆွဲချလိုက်ရာ လမ်းဘေးရှိ AD VAN အား ပွတ်တိုက်မိပြီး YBS ခရီးသည်တင်ယာဉ်ကို ထပ်မံတိုက်မိခဲ့ကာ ၎င်းမောင်းနှင်သည့် ယာဉ်မှာရပ်တန့်သွားခဲ့ကြောင်း၊ အမျိုးသားလေးဦးက ကားမှန်အား ရိုက်ခွဲပြီး ၎င်းအား ဓားဖြင့်ထောက်၍ ကားအတွင်းမှထွက်ခိုင်းပြီး ဝါးရင်းတုတ်ဖြင့် ရိုက်နှက်၍ လမ်းတစ်ဖက်ရှိ ယာဉ်ပေါ်သို့တင်ကာ မောင်းနှင်သွားခဲ့ကြောင်း။

ယင်းနောက် ခဏအကြာ ချောင်းလေးနံဘေးတွင်ကားရပ်၍ ဒူးထောက်ခိုင်းကာ ဦးခေါင်းအားထုရိုက်ပြီး ၎င်း၏ ဇနီးထံဖုန်းဆက်၍ ငွေကျပ်သိန်း ၂၀၀ နှင့် လာရောက်ရွေးခိုင်းခဲ့ကြောင်း၊ နေအိမ်တွင် ငွေကျပ်သိန်း ၂၀၀ မရှိကြောင်းပြောသဖြင့် ရိုက်နှက်ကန်ကျောက်၍ ခြိမ်းခြောက်ပြောဆိုသဖြင့် ၎င်းက ဇနီးသည်ထံဖုန်းဆက်ပြီး နေအိမ်ရှိငွေနှင့် ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများယူ၍ လာရောက်ရန် ပြောဆိုခဲ့ကြောင်း၊ အမျိုးသားလေးဦးက စာချုပ်တစ်စောင်ပေါ်တွင် စရန်ငွေကျပ်သိန်း ၁၀၀ ပေးရန် ရေးသားခိုင်းပြီး စာချုပ်အလွတ်သုံးစောင်ပေါ် တွင် လက်မှတ်ထိုး၊ လက်ဗွေနှိပ်ခိုင်းခဲ့ကြောင်း၊ ယင်းနောက် နံနက် ၆ နာရီခန့်တွင် ၎င်းတို့လေးဦးအနက် အမျိုးသားတစ်ဦးက နေအိမ်ရှိ ဇနီးထံ သွားရောက်၍ ငွေကျပ်၁၅ သိန်းနှင့် မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ သွားရောက်ယူဆောင်ခဲ့ပြီး ရဲတိုင်လျှင် သတ်ပစ်မည်ဟု ပြောဆိုခဲ့ကြောင်း။

ထို့နောက် Toyota Mark II ယာဉ်ရပ်ထားခဲ့သည့်နေရာသို့ သွားရောက်ခဲ့ကြရာ ယင်းမော်တော်ယာဉ်အား ယာဉ်ထိန်းရဲတပ်ဖွဲ့က သိမ်းသွားကြောင်း သိရသဖြင့် ယာဉ်ထိန်းရုံးသို့ သွားရောက်၍ မော်တော်ယာဉ်အား ပြန်ထုတ်လာခဲ့ပြီး ဒဂုံမြို့သစ်(အရှေ့)မြို့နယ် (၇) ရပ်ကွက် ကောလင်း(၅)လမ်းထိပ်တွင် ယာဉ်အားရပ်ထားခဲ့ကာ အမျိုးသားလေးဦးက အခြားယာဉ်တစ်စီးဖြင့် နေအိမ်သို့ လိုက်ပို့ပေးခဲ့ကြောင်း တိုင်တန်းချက်အရ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ယင်းသို့ပြုလုပ်သူများမှာ ဒဂုံမြို့သစ်(အရှေ့)မြို့နယ် နေသူများဖြစ်ကြသည့် စိုးကြီး(ခ) ကျော်ဋ္ဌေးအောင်၊ ပြောင်ကြီးဝင်းနိုင်(ခ)ဝင်းနိုင်၊ ခေါ်လေးနှင့် ဇာကြီး(ခ) ဇာခြည်အောင်၊ ကိုဖြိုး(ခ)အောင်ပြည့်ဖြိုးနှင့် အရုပ်သည်(ခ)ခေါ်လေး(ခ) အောင်ပိုင်စိုးတို့ဖြစ်ကြောင်း စုံစမ်းသိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မေ ၂၇ ရက် ညနေ ၄ နာရီခွဲတွင် စိုးကြီး(ခ)ကျော်ဋ္ဌေးအောင်နှင့် ပြောင်ကြီးဝင်းနိုင်(ခ)ဝင်းနိုင်တို့အား ဒဂုံမြို့သစ် (အရှေ့) မြို့နယ်၊ ဗိုလ်ဇော်ဂျီလမ်းပေါ်မှ ဖမ်းဆီးရမိခဲ့ပြီး ဇာကြီး(ခ)ဇာခြည်အောင်နှင့် ကိုဖြိုး (ခ)အောင်ပြည့်ဖြိုးတို့အား မေ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်မှ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပြီး လွတ်မြောက်နေသူ အရုပ်သည်(ခ)ခေါ်လေး(ခ)အောင်ပိုင်စိုးအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

အမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖမ်းဆီးရမိသူ စိုးကြီး(ခ)ကျော်ဋ္ဌေးအောင်အား စစ်ဆေးခဲ့ရာ ၎င်းသည် ဇာကြီး(ခ) ဇာခြည်အောင်နှင့် ရင်းနှီးခဲ့ကြောင်း၊ မေ ၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဇာကြီး(ခ)ဇာခြည်အောင်နှင့် ခင်ပွန်းတို့က ချိန်းဆိုသဖြင့် သွားရောက်ခဲ့ကြောင်း၊ ယင်းနောက် ဇာကြီး(ခ)ဇာခြည်အောင်က အကြွေးငွေကျပ် ၂၂၆ သိန်းရရန်ရှိပြီး တောင်းပေးမည်ဆိုပါက အကျိုးဆောင်ခအဖြစ် တစ်ဝက်ကိုပေးမည်ဖြစ်ကြောင်း၊ အဆိုပါ အကြွေးငွေများကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁) ရပ်ကွက် ဗိုလ်ဂါမဏိလမ်းတွင် နေထိုင်သူထံမှ တောင်းပေးရမည်ဖြစ်ကြောင်းပြောသဖြင့် လက်ခံခဲ့ကာ အသုံးစရိတ်အဖြစ် ငွေကျပ်ငါးသိန်း ယူခဲ့ကြောင်းနှင့် ၎င်းတို့ငါးဦးအတူ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဇူလိုင် ၄ ရက် နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုမင်္ဂလာလမ်း ကန်သာယာပန်းခြံရှိ စိန်ဂေဟာသို့ လာရောက်စဉ် BASHAN စာတန်းပါ ဆိုင်ကယ်နှင့်အတူ အရုပ်သည်(ခ)ခေါ်လေး(ခ) အောင်ပိုင်စိုးနှင့် မျိုးကြီး(ခ)မျိုးမင်းလတ်တို့အား တွေ့ရှိဖမ်းဆီးရာ ဓားလက်နက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ ဖမ်းဆီးရမိသူ အရုပ်သည် (ခ)ခေါ်လေး(ခ) အောင်ပိုင်စိုးအား စစ်ဆေးရာ ၎င်းသည် ၂၀၀၉ ခုနှစ်အတွင်းက ခါးပိုက်နှိုက်ရန် ပြုလုပ်စဉ် ပြဿနာဖြစ်ပွားရာမှ အတူပါလာသူ ကျော်ကိုက အညာသားဆိုသူအား ဓားဖြင့်ထိုးမှုဖြင့် ဖမ်းဆီးခံရပြီး ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရသူဖြစ်ကြောင်းနှင့် မျိုးမင်းလတ်(ခ)မျိုးကြီးသည် လုယက်မှုကျူးလွန်သဖြင့် ထောင်ဒဏ် ကိုးနှစ်ကျခံပြီးနောက် လွတ်မြောက်လာသူဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အရုပ်သည်(ခ)ခေါ်လေး (ခ)အောင်ပိုင်စိုးပါ ငါးဦးတို့အား အမှုဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် မျိုးမင်းလတ်(ခ) မျိုးကြီးအား အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ကျော်ဋ္ဌေးအောင်(ခ)စိုးကြီး၊ ပြောင်ကြီးဝင်းနိုင်(ခ)ဝင်းနိုင်၊ ကိုဖြိုး(ခ)အောင်ပြည့်ဖြိုး၊ ဇာကြီး(ခ) ဇာခြည်အောင်တို့နှင့် သက်သေခံမော်တော်ယာဉ်


အရုပ်သည် (ခ)ခေါ်လေး(ခ) အောင်ပိုင်စိုး

# တောင်ငူတွင် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချသူ လေးဦးနှင့်အတူ ဆေးပြား ၆၆၀ ဖမ်းဆီးရမိ

**တောင်ငူ ဇူလိုင် ၁၀**

တောင်ငူမြို့ ၂၂ ရပ်ကွက် ထီးနီကုန်းရွာမလမ်းတွင် ဇူလိုင် ၁၀ ရက် နံနက် ၆ နာရီခန့်က မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဆွေဦး၏ ညွှန်ကြားချက်ဖြင့် တောင်ငူမြို့ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဟန်လင်းအောင်နှင့်အဖွဲ့က ဝင်ရောက်ဖမ်းဆီးရာ ဆေးပြား ၆၆၀ ခန့်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဓားရှည်တစ်ချောင်းနှင့်အတူ ဆေးပြားများဖြန့်ဖြူးရောင်းချသူလေးဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါရပ်ကွက်ရှိ ငစိန်(ခ) အောင်ကျော်ထွန်းအား ၎င်း၏နေအိမ်ပေါ်ရှိ အိပ်ရာပေါ်မှ လည်းကောင်း၊ ညွှန့်မောင်ကြီး(ခ)ပြည့်ဖြိုးအောင်(၂၈ နှစ်)၊ ဇင်မင်းသက် (၂၅ နှစ်) ထီးနီကုန်းရွာမ ၂၂ ရပ်ကွက် တောင်ငူမြို့ နေသူတို့နှင့်အတူ လှမင်းကျော်(၁၈ နှစ်)ဟင်းငုတ်ပင်လျှပ်စစ်ဝင်း အုတ်တွင်းမြို့ နေသူတို့ကို သက်သေခံ ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ရေနံဆီမီးခွက်အား ဆော့ကစားရာမှ နေအိမ်မီးလောင်ပြီး သုံးဦးဒဏ်ရာရ

**မြိတ် ဇူလိုင် ၁၀**


တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမှတ်(၂)ရပ်ကွက် မြဝတီ(၅)လမ်း၌ ဇူလိုင် ၉ ရက် ည ၇ နာရီခန့်က နေအိမ်တွင် မီးထွန်းညှိထားသော ရေနံဆီမီးခွက်အား ဆော့ကစားရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ မိသားစုဝင်သုံးဦး မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ပုလောမြို့ အမှတ်(၂)ရပ်ကွက် မြဝတီ(၅)လမ်းနေ ကိုဝင်းဋ္ဌေး (၃၇)နှစ်၏နေအိမ်တွင် ဇူလိုင် ၉ရက် ည ၇နာရီခန့်က သမီးဖြစ်သူ မဇင်မာအေး (၆ နှစ်)သည် မီးထွန်းညှိထားသောရေနံဆီမီးခွက်အား ဆော့ကစားရာမှ ရေနံဆီမီးခွက်မှာ အနီးရှိ ငါးဂါလန်ဒီဇယ်ပုံးပေါ်သို့ လဲကျခဲ့ရာမှ မီးစတင်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် မဇင်မာအေးတွင် ဒဏ်ရာများ(စိုးရိမ်ရ)၊ ဦးဝင်းဋ္ဌေးနှင့် ဒေါ်ခင်မြတ်သူတို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ပုလောမြို့နယ် ပြည်သူ့ဆေးရုံ၌ (အတွင်းလူနာ)အဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဝင်းဋ္ဌေး(၃၇)နှစ်အား ပုလောမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**










# တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများကို သုတေသနလုပ်ငန်းအတွက် ဖြစ်စေ၊ သိပ္ပံနည်းကျ အမျိုးအမည်ခွဲခြားရန်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ပသို့တင်ပို့ခွင့်နှင့် သယ်ဆောင်ခွင့်ပြုနိုင်သည်၊

(ဃ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်၊ လက်ဝယ်ထားခွင့်ပြုနိုင်သည်၊

(င) ပြည်ပမျိုး သဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်းပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့်၊ လက်ဝယ်ထားခွင့်ပြုနိုင်သည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအနက် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင် အမျိုးအမည်များကို ထုတ်ပြန်ကြေညာနိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာထားသည့် မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်များကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ ထုံးစံအရလည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ဃ) သဘာဝနယ်မြေနှင့် ကပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် တိရစ္ဆာန်မွေးမြူသူနှင့်အပင်စိုက်ပျိုးသူ၊ မည်သူကိုမဆို သဘာဝနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇ ရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့်အစီအမံများ ချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းပြုနိုင်သည်၊

(င) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကို စီးပွားရေးအလို့ငှာလည်းကောင်း၊ ဝါသနာအရလည်းကောင်း မွေးမြူနိုင်ရေးနှင့် စိုက်ပျိုးနိုင်ရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ တင်သွင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(စ) ပုဒ်မခွဲ(ခ)နှင့်(င)တို့အရ လုပ်ကိုင်ခွင့်ပြုသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သောနည်းလမ်းများနှင့်အညီ စစ်ဆေးရန် သစ်တောအရာရှိ သို့မဟုတ် သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်တို့ကို တာဝန်ပေးအပ်ရမည်၊

(ဆ) ပြည်တွင်းသို့ တင်သွင်းလာသည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များဖြစ်စေ၊ မျိုးရိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်နှင့် အပင်များဖြစ်စေ ကူးစက်ရောဂါပိုး ကင်းရှင်းမှုမရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးပါရှိခြင်း၊ အဆိပ်အတောက်ပါဝင်ခြင်း၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇ ရောယှက်စေနိုင်ခြင်းနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးအပေါ် ထိခိုက်စေခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြည်တွင်းသို့ ဆက်လက်သယ်ဆောင်ခြင်း မပြုရန်တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်၊

၁၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်း တိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းရန် သို့မဟုတ် ပြည်ပသို့ တင်ပို့ရန် သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ရန် ထောက်ခံချက်ပေးနိုင်သည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော သစ်တောအရာရှိသည် အမဲလိုက်ခွင့်၊ စုဆောင်းခွင့်၊ စီးပွားရေးအလို့ငှာ မွေးမြူခွင့် သို့မဟုတ် စိုက်ပျိုးခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းခွင့်ပြုနိုင်သည်၊

(ဃ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ) အရ ထုတ်ပေးထားသော ထောက်ခံချက်တင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်၊

(င) ပါမစ် သို့မဟုတ် လိုင်စင် ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်ရမည်၊

(စ) စစ်ဆေးခ၊ ပါမစ် သို့မဟုတ် လိုင်စင်ခနှင့် အခြားစရိတ်ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## အမဲလိုက်ခြင်း

၁၉။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များကို အမဲလိုက်သူအား စည်းကမ်းချက်များ သတ်မှတ်၍ အမဲလိုက်ခွင့်လိုင်စင်ထုတ်ပေးနိုင်သည်။

၂၀။ အမဲလိုက်ခွင့် လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)
## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၂၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန် ဖြစ်စေ၊ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကိုတည်ထောင် လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၂။ ဝန်ကြီးသည် -

(က) ပုဒ်မ ၂၁ ပုဒ်မခွဲ(က)အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လိုအပ်လျှင် တစ်ခုခြင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၃။ ပုဒ်မ ၂၁ အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ညီညွတ်မှုရှိမရှိစိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၅။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်း ပေးသွင်းရမည်၊

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ သေဆုံးလျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၂၆။ (က) ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေအာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရ လည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ် သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ဂ) ဤဥပဒေအာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၁၆ ပုဒ်မခွဲ(က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ယင်းတောရိုင်းတိရစ္ဆာန်၏အစိတ်အပိုင်းကို သုတေသန ပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ်ထား ရှိလိုလျှင် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည် -

(က) ပုဒ်မ ၂၆ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ခြင်း၊ သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ သစ်တောဝန်ထမ်းများသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအားအနည်းဆုံး ငွေကျပ် ၁၀၀၀၀မှအများဆုံး ငွေကျပ် ၃၀၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသောနေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့်မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသော နေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၃၀။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ငွေကျပ် ၃၀၀၀၀ မှ အများဆုံးငွေကျပ် ၁၀၀၀၀၀အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲဝင်ရောက်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ခြင်း၊

(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊

(ဃ) သဘာဝအပင် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၁။ သစ်တောအရာရှိသည် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့် ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုလုပ်သူအား အနည်းဆုံးငွေကျပ် ၇၀၀၀၀ မှ အများဆုံး ငွေကျပ် ၂၀၀၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေ ရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၂။ သစ်တောအရာရှိသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်သည့်အခါ သဘာဝနယ်မြေမှဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ အဆက်

**အခန်း (၁၀)**

**အယူခံခြင်း**

၃၃။ သစ်တောအရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၄။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ၂၀၀၀၀၀ မှ အများဆုံး ငွေကျပ် ၅၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊

(ခ) အမဲလိုက်ခွင့်လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊

(ဃ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓါတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(င) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊

(ဆ) မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်း၊

(ဇ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ နမူနာတစ်ခုချင်း၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(ဈ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၃၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ၃၀၀၀၀၀ မှ အများဆုံး ငွေကျပ် ၁၀ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ဂေဟစနစ်ကို ဖြစ်စေ၊ သဘာဝအနေအထား တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်၏ နယ်နိမိတ်အမှတ်အသားတစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ၅၀၀၀၀၀ မှ အများဆုံးငွေကျပ် ၁၅ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သို့မဟုတ် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင်ကို သို့မဟုတ် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် သဘာဝအပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ ယင်းသဘာဝ အပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များကို ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ)တို့အရ ထုတ်ပေးထားသော ထောက်ခံချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်း။

၃၈။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ၁၀၀၀၀၀ မှ အများဆုံးငွေကျပ် ၃၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်-

(က) ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် ထောက်ခံချက် တစ်ခုခုရရှိရန် ဤဥပဒေအရ လျှောက်ထားရာတွင် မမှန်မကန်ဖော်ပြခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် ထောက်ခံချက်ကို မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း။

၃၉။ မည်သူမဆို ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ၇၀၀၀၀မှ အများဆုံး ငွေကျပ် ၂၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကို ကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၁။ ပုဒ်မ ၃၆ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၃၇ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်သည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ် လည်းကောင်း၊ ရိုးရာဓလေ့ ထုံးစံအရလည်းကောင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ)အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်၏ အစိတ်အပိုင်းဖြင့် ဖော်စပ်ပြီးသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

၄၂။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

(ဃ) သဘာဝနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်းများနှင့်ပတ်သက်၍ လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သဘာဝနယ်မြေအတွင်းမှ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

**အခန်း (၁၂)**

**အထွေထွေ**

၄၃။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများကို ဤဥပဒေအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ဖြစ်သည်ဟု မှတ်ယူရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြား စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၅။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့် အညီသာ ဆောင်ရွက်ရမည်၊

(ခ) ဤဥပဒေအရ တရားစွဲဆိုရာတွင် သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့်အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင် လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၄၈။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရှိသောငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၄၉။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ မထုတ်ပြန်မီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကြူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၁။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ရခိုင်ညီလာခံအကြိုတွေ့ဆုံဆွေးနွေးပွဲ တောင်ကုတ်၌ ကျင်းပ



**တောင်ကုတ် ဇူလိုင် ၁၀**

တောင်ကုတ်မြို့နယ်တွင် ၂၀၁၇ ဒီဇင်ဘာလအတွင်း ကျင်းပမည့်ရခိုင်ညီလာခံ ဖြစ်မြောက်ရေးအကြို ကော်မတီဝင်များတွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်က မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရခိုင်ညီလာခံဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်ထွန်းက ရခိုင်လူငယ်ညီလာခံ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လူထုအကျိုးဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးတို့က ရခိုင်လူငယ်များ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရာရာကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်အကြံပြု ဆွေးနွေးကြသည်။

ထို့နောက်ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဦးဝေသောင်းနှင့်အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရခိုင်ညီလာခံဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရခိုင်ပါတီဝင်များ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇူလိုင်လ ၈ ရက်မှ ၉ ရက်အထိ ကျင်းပပြုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

## ပူးပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စလင်း ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့တိုက်နယ်ပြည်သူ့ဆေးရုံတွင် ဇူလိုင် ၆ ရက်က ဆင်ဖြူကျွန်းစခန်းမှုရဲတပ်ဖွဲ့နှင့် ပြည်သူတို့ပူးပေါင်း၍ ဆေးရုံဝင်း အတွင်းအပြင်ကို သန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့သည်။

ဆင်ဖြူကျွန်းရဲစခန်းမှ ခေတ္တစခန်းမှူး ဒုတိယရဲအုပ်အောင်မြင့်ဌေးဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၃ ဦးနှင့် ဒေါက်တာမြတ်ကိုကိုငြိမ်းပါ ဆေးရုံဝန်ထမ်း ၁၈ ဦးတို့သည် ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင်ကို ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ အလေအလွင့်မရှိရေး သီပေါ၌ ကော်မတီဝင်ရွေးချယ်

**ရန်ကုန် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် ဝန်ထမ်းများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်း ၁၀ ယူနစ်၊ ကျေးရွာ ဆယ်ရွာအတွက် တစ်ယူနစ်လျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ပေးမည်ဖြစ်သည်။

အဆိုပါ လည်ပတ်ရန်ပုံငွေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေးနှင့် စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နမ့်မော်ဆွေကျေးရွာအုပ်စု၊ ကွန်ခိုက်ကျေးရွာအုပ်စု၊ မိုးတေကျေးရွာအုပ်စု၊ ပန်ခံကျေးရွာအုပ်စု၊ လောင်ခွန်ကျေးရွာအုပ်စု၊ ဆွန်လုံကျေးရွာအုပ်စုနှင့် တာပုလဲကျေးရွာအုပ်စုများသို့ ဇွန်လတတိယပတ်မှ ဇူလိုင် ၇ ရက်အထိ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေလုပ်ငန်းများအကြောင်း မိတ်ဆက်ရှင်းလင်း ခြင်းနှင့် ကော်မတီများ ဖွဲ့စည်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျန်းမာရေးအဆောက်အအုံ ၁၇ခု စတင်အကောင်အထည်ဖော်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၁၀**

နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အခြေခံကျန်းမာရေးကွန်ရက်အဆောက်အအုံ ၁၇ ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတို့တွင် စတင်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ အခြေခံကျန်းမာရေးကွန်ရက် အဆောက်အအုံ ၁၇ခုကို ဆက်သွယ်ရေးအော်ပရေတာ အူရီဒူး မြန်မာမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁သန်း ရင်းနှီးမတည်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းကူညီခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိသော နေရာများတွင် အဆိုပါ ကျန်းမာရေးကွန်ရက် အဆောက်အအုံများ ဆောက်လုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် အခြေခံကျန်းမာရေးကွန်ရက် အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် အပြီးသတ်ရွေးချယ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းဒေသများတွင် လိုအပ်လျက်ရှိသည့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးတက်လာခြင်းကြောင့် အဆိုပါဒေသများရှိ လူထု ကိုးသောင်းကျော်ဝန်းကျင်ကို ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိတစ်ဦးဖြစ်သူ မစ္စတာ ရီနီမီဇာက "သင့်တင့်တဲ့ အခြေခံအဆောက်အအုံတွေမရှိတာကြောင့် ကျန်းမာရေးဝန်ဆောင်မှုကောင်းတွေရရှိနိုင်ဖို့၊ အခက်အခဲတွေကျော်လွှားဖို့ အတွက် အူရီဒူးရဲ့ ကွန်ရက်အောက်မှာရှိနေတဲ့ ကျေးလက်ဒေသတွေ၊ မြို့ပြနဲ့ ကွာဝေးတဲ့ဒေသတွေမှာ UNOPS နဲ့ ပူးပေါင်းပြီး အခြေခံကျန်းမာရေးကွန်ရက်တွေကို ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ဆောင်မှုကောင်းတွေ ရရှိပြီး တောက်ပကောင်းမွန်တဲ့ အနာဂတ်ကို ပိုင်ဆိုင်ခွင့်ရရှိဖို့ အတွက်ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယခုတည်ဆောက်မည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံများတွင် ကလေးမီးဖွားခန်း၊ မွေးကင်းစကလေးငယ်နှင့် ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှု၊ ကူးစက်လွယ်ရောဂါများ ကာကွယ်ပေးခြင်းစသည့် ဝန်ဆောင်မှုများကို ပေးအပ်မည်ဖြစ်သည်။ ထို့အပြင် အရေးပေါ်အခြေအနေများတွင်အသုံးပြုရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်နှင့် မိုးရေသိုလှောင်နိုင်ရန် ရေလှောင်ကန်တို့ကိုလည်း ထားရှိသွားမည်ဖြစ်ပြီး အဆောက်အအုံတိုင်းတွင် စွန့်ပစ်ပစ္စည်းများ ထားရှိရန်၊ ဖျက်ဆီးရန်နေရာနှင့် ဆေးသိုလှောင်ရန်နေရာတို့ကိုလည်း ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းဆောက်လုပ်မည့် အခြေခံကျန်းမာရေးကွန်ရက်အဆောက်အအုံ ၁၇ ခုထဲမှ နေရာတစ်ခုဖြစ်သော ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်လေးလုံးမြို့နယ်၌ ဇူလိုင် ၇ရက်က ကနဦးဆောက်လုပ်မည့် အဆောက်အအုံအတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အူရီဒူးမြန်မာမှတာဝန်ရှိသူများ၊ UNOPS မှ တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

နိုင်ငံတစ်ဝန်း အခြေခံကျန်းမာရေးကွန်ရက် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက အူရီဒူးမြန်မာမှ အင်တာနက်ကွန်ရက်များ ချိတ်ဆက်ပေးကာ ကျန်းမာရေးစောင့်ရှောက် ဝန်ဆောင်မှုပေးနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြဝတီမြို့၌ တားမြစ်ဓာတုဆေးဝါးများနှင့်တားမြစ်ဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိစစ်ဆေး

**မြဝတီ ဇူလိုင် ၁၀**



ကရင်ပြည်နယ် မြဝတီမြို့ရှိ ဘုရင့်နောင်ဈေးကြီးနှင့် ညဈေး၌ ရောင်းချလျက်ရှိသည့် စားသောက်ကုန်များအတွင်း တားမြစ်ဓာတုဆေးဝါးများနှင့် တားမြစ်ဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိကို Mobile Laboratory ယာဉ်ဖြင့် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးသော ပူးပေါင်းအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က တားမြစ်ဓာတုဆေးဝါးများနဲ့ တားမြစ်ဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိ သံသယရှိတဲ့ အစားအသောက် ၁၅ မျိုးကို ဝယ်ယူပြီး Mobile Laboratory ယာဉ်ဖြင့် စစ်ဆေးခြင်းကိုဆောင်ရွက်တာပါ။ ငါးပိ၊ ချဉ်ဖတ်၊ ကွမ်းသီး၊ လက်ဖက်တွေပေါ့၊ အဲ့ဒီမှာ ဆိုင်နှစ်ဆိုင်ကိုစစ်ဆေးတာ။ ငါးပိလေးမျိုးက Rodamine-B ဆိုးဆေးပါဝင်မှုတွေ တွေ့ရှိရတဲ့အတွက် ကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့ ပစ္စည်းတွေသိမ်းယူခဲ့ပါတယ်။ နောက်နောင် မရောင်းချဖို့ ခံဝန်ကတိထိုးတယ်။ မြိတ်ဘက်က လာတာ သိရတဲ့အတွက် ပင်ရင်းကို ဆက်လက်စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်သွားမှာပါ" ဟု ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းက ပြောသည်။

"ဒီငါးပိတွေကို မြိတ်ဘက်က ကုန်သည်တွေဆီကပဲ ယူတာပါ။ ငါးပိတွေကိုစစ်ဆေးပါတယ်၊ ဒါပေမယ့် ဆိုးဆေးတွေမပါတာ တွေ့ရတယ်။ ရောင်းမယ်ဆိုကတည်းက နည်းနည်း ပါးပါးတော့ လေ့လာရတာပေါ့။ ငါးပိတွေ ဆိုးဆေးပါလား၊ သေချာလားပေါ့။ အဲ့လို မေးမြန်း ပြီးမှ ဝယ်တာပါ။ အခုလာစစ်တော့ မပါဘူးဆိုတော့ ဝမ်းသာပါတယ်။ ဒါပေမယ့် လူတွေက ဆိုးဆေးအရောင်လေးပါမှ ကြိုက်တယ်"ဟု ဘုရင့်နောင်ဈေးမှ ငါးပိရောင်းသူ ဒေါ်သန်းသန်း ဦးက ပြောသည်။

ထိုသို့ စစ်ဆေးမှုများ ပြုလုပ်ရာတွင် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းဦး၊ ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာ မင်းအောင်နိုင်သူနှင့် တာဝန်ရှိသူများ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များ ပါဝင်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရှာငံမြို့နယ်၌ အသိပညာပေး ဟောပြော

**ရှာငံ ဇူလိုင် ၁၀**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့၊ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ကြီးကျေးရွာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းအသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင်လပထမပတ်က ကျင်းပခဲ့သည်။ ကျောင်းသူ ကျောင်းသားများအား အသိပညာပေးခဲ့ပြီး သိမှတ်နားလည်မှုများအား မေးခွန်းများမေးမြန်းကာ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**



**တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအုပ်စု ရေအေးရွာတွင် ဇူလိုင်လပထမပတ်က ရွှေမြို့နယ်မြေ ရဲစခန်း စခန်းမှူး ရဲအုပ်ဝင်းဗိုလ်က သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်**

ကိုရဲ

## တောင်ကျချောင်းရေကို အမှီပြု၍ တစ်ပိုင်တစ်နိုင် ရွှေရှာဖွေလာကြ

**ဖန်းမောက် ဇူလိုင် ၁၀**

မိုးရွာသွန်းမှုများရှိလာသဖြင့် တောင်ကျချောင်းရေများကို အမှီပြု၍ ရေစီးကြောင်းတွင် တစ်ပိုင်တစ်နိုင် ရွှေရှာဖွေခြင်း ဆောင်ရွက်လာကြောင်း သိရသည်။

"နှစ်စဉ် မိုးရွာသွန်းမှု များပြားလာရင် တောင်ကျချောင်းတွေ ရေများလာတဲ့အပေါ်မှာမူတည်ပြီး တစ်နေရာကနေ တစ်နေရာကို နေရာပြောင်းပြီး အဖွဲ့လိုက်ရွှေရှာကြပါတယ်" ဟု ရွှေရှာဖွေသူဒေသခံတစ်ဦးက ပြောသည်။

ဖန်းမောက်မြို့နယ်ရှိ ကျေးရွာနေလူဦးရေအများစုသည် တောင်ယာ၊ လယ်ယာလုပ်ငန်းအပြင် ရွှေရှာဖွေခြင်းကို ဦးစားပေးလုပ်ကိုင်ကြပြီး မြို့နှင့်ဝေးလံသည့်နေရာ ဒေသဖြစ်ကြောင်း သိရသည်။

"တောင်ကျချောင်းတွေမှာ အင်နဲ့ရွှေကိုကျင်ယူကာ ရရှိတဲ့ရွှေကို ပြဒါးနဲ့ရောနှောမီးအပူပေးပြီး ထားရတယ်။ ရွှေရရှိ ဖို့ ဒေသခံတွေဟာ တစ်နေ့လုံး ရေထဲမှာ တက်လိုက်ဆင်းလိုက်နဲ့ ပင်ပန်းစွာ ရွှေရှာကြတယ်။ တစ်ခါတစ်ရံလည်း တစ်နေ့တည်းနဲ့ ငွေကျပ် ၉၀၀၀ လောက် ရတယ်။ ပုံမှန်ငွေကျပ် ၄၀၀၀ ၊ ၅၀၀၀ လောက်တော့ တောင်ကျရေပေါ်မူတည်ပြီး ရကြပါတယ်" ဟု ရွှေရှာဖွေသူ တစ်ဦးက ပြောသည်။

ထို့နောက် ဖန်းမောက်မြို့နယ် ရွှေလိုက်ဝယ်သူများမှာ ရွှေအသန့်ကို ရွှေတစ်ကျပ်သားငွေကျပ် ၈၁၀၀၀၀ ဈေးနှင့် တစ်ရွေးချင်းရောင်းသူအား ငွေကျပ် ၁၄၅၀၀ ဈေးဖြင့် ဝယ်ယူကြောင်း၊ ဖန်းမောက်မြို့ ရွှေဆိုင်များတွင် ကိုယ်တိုင်ရောင်းချပါက ပြဒါးနှင့်ရွှေသန့်ထားရှိသောရွှေအား တစ်ရွေးလျှင်ငွေကျပ် ၁၇၅၀၀ ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## ရေးမြို့နယ်၌ ရာသီဥတုကြောင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျလာ

**ရေး ဇူလိုင် ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၀၆ ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ ဆယ်စုနှစ်တစ်စု၏ပျမ်းမျှအပူချိန်မှာ ၂ ဒီဂရီစင်တီဂရိတ် ခန့်မြင့်တက်လာနေပြီး ယခင်ဆယ်စုနှစ် တစ်စုတွင်လည်း ပျမ်းမျှအပူချိန် ၂ ဒီဂရီစင်တီဂရိတ်မြင့်တက်လာနေကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးမှူး ဦးဆန်းငွေက ပြောကြားသည်။

အပူချိန်မြင့်တက်လာနေရခြင်းမှာ ယခင်က ရေးဒေသဝန်းကျင်များတွင် သစ်တောဖြုန်းတီးမှုများနှင့် ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးနေမှုများ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်လေထုအတွင်း ပိုမိုမြင့်တက်လာနေမှုများကြောင့် ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် လေ့လာနေသူများက ပြောသည်။

စိုက်ပျိုးရေးအဓိက လုပ်ငန်းစုများဖြစ်သည့် ရော်ဘာအစေးထုတ်လုပ်မှု အထွက်နှုန်း ကျဆင်းလာနေသကဲ့သို့ ကွမ်းသီးအထွက်နှုန်းနှင့် အခြားရာသီပေါ်သီးနှံများမှာလည်း ရာသီဥတုကြောင့် ထိခိုက်ပျက်စီးပြီး အထွက်နှုန်းပါ ကျဆင်းနေကြောင်း ဒေသခံစိုက်ပျိုးတောင်သူများက ပြောသည်။

ရော်ဘာနှင့် ကွမ်းသီးအထွက်နှုန်းကျဆင်းလာခြင်းကြောင့် ခြံလုပ်ငှားစရိတ်အတွက် ကုန်ကျစရိတ်မှာ တွက်ခြေမကိုက်ကြတော့ဘဲ ခြံလုပ်ငန်းကို စွန့်ခွာလာကြပြီး ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသူများ ပေါများနေရကြောင်း သိရသည်။

ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းများ အရ လူဦးရေ၂၆၀၀၀၀ ကျော်ရှိပြီး ရာဘာအစေးခြစ် စိုက်ဧကပေါင်း တစ်သိန်းကျော်၊ ကွမ်းသီး စိုက်ဧကပေါင်း ငါးသောင်းကျော်နှင့် လယ်ယာ မိုးစပါးဧကမှာ ၆၈၃၀၅ ဧကရှိကြောင်း၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းပါ လုပ်ကိုင်နေလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## ရေစကြိုမြို့၌ ချင်းတွင်းမြစ်ရေ မြို့အတွင်းဝင်ရန် နီးကပ်

**ရေစကြို ဇူလိုင် ၁၀**

မိုးရာသီရောက်တိုင်း ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြို့ရွာများတွင် ရေလျှံမှုများဖြစ်ပေါ်လေ့ရှိရာ ရေစကြိုမြို့တွင်လည်း ဇူလိုင် ၇ ရက် ညနေပိုင်းက မြို့အတွင်း မြစ်ရေဝင်ရောက်ရန် ကမ်းနဖူးတွင် မေးတင်လျက်ရှိပြီး မြို့၏စိုးရိမ်ရေမှတ်ရောက်ရှိရန် တစ်ပေခန့်သာလိုတော့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီးနောက် တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကြောင်း၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မင်းကင်းမြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**ဖေထွဏ်းဇော်-ရေစကြို**

# ပျူမြို့ဟောင်း ပင်လယ်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအတွင်း ရှေးဟောင်းဒေသများအနက် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် ပျူမြို့ပြများအဖြစ် ထင်ရှားသကဲ့သို့ အခြားသော ပျူမြို့ဟောင်းများလည်း တည်ရှိနေကြသည်။ ပျူလူမျိုးများသည် သမိုင်းအကြိုကာလ (Proto Historic Period)တွင် ခရစ်နှစ် တစ်ရာစုမှ ကိုးရာစုအတွင်း မျက်မှောက်ခေတ် မြန်မာနိုင်ငံနယ်မြေအတွင်း၌ မြို့ပြများ တည်ထောင်နေထိုင်ခဲ့ကြရာ မိုင်းမောဟု လူသိများသည့် ပင်လယ်မြို့ဟောင်းသည်လည်း တစ်မြို့အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ အေဒီတစ်ရာစုမှ အေဒီ ၈၆၃ ခုနှစ်အတွင်း သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ ဘိန္နကနှင့် ဝတီးအမည်ရှိ ပျူမြို့ဟောင်းတို့ ပေါ်ထွန်းခဲ့ကြောင်း မိုင်းမောမြို့ဟောင်းသမိုင်းအကျဉ်းတွင် ဖတ်ရှုရပေသည်။

**ပင်လယ်မြို့ဟောင်း(သို့မဟုတ်)မိုင်းမော**

ပင်လယ်မြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းတည်ရှိကာ ရန်ကုန်-မန္တလေး မော်တော်ကားလမ်းဟောင်းပေါ်ရှိ ကူမဲမြို့မှ အရှေ့တောင်ဘက်သို့ ငါးမိုင်ကွာဝေးသည်။ ၂၁ မိုင် ရှည်လျားသည့် ကူမဲ-ကင်းတားဆည် မော်တော်ကားလမ်းမှ ပင်လယ်မြို့ဟောင်းသို့ အလွယ်တကူသွားရောက်နိုင်သည်။ မြို့ဟောင်း၏ တည်နေရာအညွှန်းသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ်ဖြစ်သည်။

ပင်လယ်မြို့ဟောင်းကို ၁၉၆၅ ခုနှစ်ဝန်းကျင်က ကျောက်ဆည်လွင်ပြင်တစ်ဝိုက်ရှိ မြို့ဟောင်းနေရာများကို ကောင်းကင်မြေပုံဖြင့် ဖော်ထုတ်လေ့လာရာမှ တွေ့ရှိခဲ့သည်။ မက္ခရာ၊ မြင်စိုင်း၊ မြင်းခုံတိုင်၊ ပင်လယ်၊ လောင်လုနှင့် မိုင်းမောတို့သည် ကျောက်ဆည်ဒေသတွင်တည်ရှိပြီး ပင်လယ်မြို့ဟောင်းတွေ့ရှိခဲ့သူ ဆရာကြီးဦးအောင်မြင့်က (မြင်စိုင်း၊ မြင်းခုံတိုင်နှင့် မက္ခရာ(၁)ပင်လယ်မြို့များ)၊ ပင်လယ်မြို့၏ အနောက်ဘက်တောင်ခြေရင်း၌ ယိုယွင်းပွန်းတီးနေပြီဖြစ်သော မြို့ဟောင်းရာကြီးတစ်ခုကို ကောင်းကင်ဓာတ်ပုံထဲ၌ တွေ့ရှိခဲ့ကြောင်း ရေးသားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ကျောက်ဆည်လွင်ပြင်ရှိ မြစ်သား ၁၁ ခရိုင် မြို့ဟောင်းများကို ရှာဖွေခဲ့စဉ်ကပင် မြို့ဟောင်းနေရာကို တွေ့ရှိခဲ့သော်လည်း မြို့သဏ္ဌာန်ကို မဖော်နိုင်ခဲ့ချေ။

မြို့ဟောင်းအရာအတွင်း၌ ဉန္နဲပုတ်၊ ကန်ဆွယ်နှင့် မိုင်းမောရွာတို့ တည်ရှိနေကြရာ မြို့ဟောင်းအတွင်းပိုင်းတွင်ရှိသည့် မိုင်းမောရွာအမည်ကိုယူ၍ မိုင်းမောမြို့ဟောင်းဟု အမည်မှည့်ခဲ့သော်လည်း မိုင်းမောသည် မြို့ဟောင်း၏ မူလအမည်မဟုတ်ချေ။ မိုင်းမောသည် လက်ရှိကျေးရွာအမည်ဖြစ်ပြီး ကုန်းဘောင်ခေတ်တွင်ထူထောင်ခဲ့သည့် ရွာတစ်ရွာဖြစ်ကြောင်း ဆရာကြီးဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

ပင်လယ်မြို့ဟောင်းသည် ပြည်မြို့နယ်ရှိ သရေခေတ္တရာ၊ ထားဝယ်မြို့နယ်ရှိ သာဂရ၊ နွားထိုးကြီးမြို့နယ်ရှိ ဝတီးစသည့် ရှေးဟောင်းမြို့များကဲ့သို့ အဝိုင်းပုံရှိပြီး မြို့ရိုးသုံးထပ်ရှိသည်။ အပြင်ဆုံးနှင့် အတွင်းဆုံးမြို့ရိုးတို့သည် အဝိုင်းပုံရှိ၍ ယင်းတို့အကြားရှိ အလယ်မြို့ရိုးသည် စတုဂံပုံဖြစ်သည်။ ရှေးဟောင်းသုတေသနဦးစီးဌာန၏ တိုင်းတာချက်များအရ အဝိုင်းပုံအပြင်မြို့ရိုး၏ အချင်းသည် အရှေ့မှအနောက်သို့ ၁ ဒသမ ၈ မိုင်နှင့် တောင်မှမြောက်သို့ ၁ ဒသမ ၆ မိုင်ရှိသည်။ မြို့ရိုးပတ်လည်သည် ၅ မိုင် ၄ ဖာလုံ ရှည်လျားပြီး ဧရိယာ ၂၂၂ ဟက်တာကေ ကျယ်ဝန်းသည်။ ကုန်းအမှတ်(၁၉)တူးဖော်မှု တွေ့ရှိချက်များအရ ပင်လယ်မြို့ဟောင်း၏မြို့ရိုးသည် အနည်းဆုံး ၁၅ ပေမှ ပေ ၂၀ အထိမြင့်နိုင်ကြောင်း သုံးသပ်ခဲ့သည်။

ခရစ်နှစ် နှစ်ရာစုတွင် မိုင်းမောမြို့ဟောင်း တည်ရှိနေပြီဟု ယူဆရပြီး တရုတ်ထန်မင်းဆက်သမိုင်းသစ်တွင် ပါရှိသည့် သရေခေတ္တရာ၏ ပျူတပ်မြို့ ကိုးမြို့ဖြစ်သည့် သီပေါ၊ ကမ်းသီတာ၊ မြင်းခြံ၊ မြွေယင်း၊ ဟလင်၊ သဲပုန်း၊ တောင်တွင်းကြီး၊ ထီးချိုင့်နှင့် ထုမင်တို့အနက် ထုမင်သည် မိုင်းမောဖြစ်ကြောင်း ဦးရည်စိန်က ရေးသားခဲ့သည်။ ထုမင်သည် တရုတ်-ပျူ-အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိခဲ့ပြီး ကျောက်ဆည်လွင်ပြင်ရှိ မြို့ဟောင်းများအနက် ပင်လယ်မြို့ဟောင်းသည် အကြီးဆုံးဖြစ်သည်။



ပင်လယ်မြို့ဟောင်း ကုန်းအမှတ်(၂၀)မှ တူးဖော်ရရှိသည့် မြင်းစီးနေပုံ မြေမီးဖုတ်ရုပ်ကြွ

**ပင်လယ်မြို့ဟောင်းတူးဖော်မှုများ**

ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့၌ တွေ့ရှိခဲ့ရသည့် ဒင်္ဂါးပြားများ၊ ချင်းပုတီးစေ့ခေါ် အဖြူအနက်ကြားပုတီးများ၊ ဆင်ရုပ်၊ နွားရုပ်များနှင့် ပျူတို့ သုံးစွဲခဲ့သည့် အမှတ်အသားပါ အုတ်ချပ်များကို ပင်လယ်မြို့ဟောင်းဝန်းကျင်မှ တွေ့ရှိခဲ့သဖြင့် ယင်းနေရာတစ်ဝိုက်တွင် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့ထက် နောက်မကျသော ခေတ်ပြိုင်ပျူယဉ်ကျေးမှုတစ်ရပ် ထွန်းကားခဲ့ကြောင်း ပညာရှင်များက သုံးသပ်ခဲ့သည်။

ထို့ကြောင့် ရှေးဟောင်းသုတေသနဦးစီးဌာနသည် ပင်လယ်မြို့ဟောင်းတူးဖော်မှုများကို ၁၉၇၈-၁၉၇၉ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်အထိ ကုန်းပေါင်း ၂၁ ကုန်း တူးဖော်ခဲ့သည်။ တူးဖော်မှုကုန်းအမှတ် တူးဖော်မှုကုန်း ၁ မှ ၁၄ အထိကို မိုင်းမောမြို့ဟောင်းတူးဖော်မှုကုန်း(MM 1, MM 2) စသည်ဖြင့် မှတ်သားခဲ့ပြီး ကုန်းအမှတ် ၁၅ မှစ၍ ပင်လယ်မြို့ဟောင်းတူးဖော်မှုကုန်း (PL 15, PL 16) စသည်ဖြင့် သုံးစွဲခဲ့သည်။

ပင်လယ်မြို့ဟောင်းတူးဖော်မှုမှ ထွက်ရှိလာသည့် ပျူယဉ်ကျေးမှု အထောက်အထားများနှင့် ရှေးဟောင်းအဆောက်အအုံ အထောက်အထားများကို ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့မှ ပျူ ယဉ်ကျေးမှုအထောက်အထားများနှင့် ဆက်စပ်နှိုင်းယှဉ်၍ သုတေသနပြုနိုင်ခဲ့ကြသည်။ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းနှင့် ပင်လယ်မြို့ဟောင်းတို့တွင် တွေ့ရှိခဲ့သည့် ဒင်္ဂါးများ၊ ပုတီးစေ့များ၊ အုတ်ချပ်များ၊ ရုပ်ပွားဆင်းတုတော်များသည် နေရာဒေသ ကွဲပြားကြသော်လည်း လက်ရာများတူညီနေကြပေသည်။

ပင်လယ်မြို့ဟောင်းတူးဖော်မှုများမှ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ အဆောက်အအုံများ၊ မြို့ရိုးနှင့် မြို့ဝင်ပေါက်များနှင့် သင်္ချိုင်းဟောင်းတို့ကို တွေ့ရှိခဲ့ကြသည်။ ပင်လယ်မြို့ဟောင်း၏ အရှေ့ဘက်မြို့ရိုး အပြင်ဘက်တစ်လျှောက်တွင် တူးဖော်တွေ့ရှိခဲ့သည့် ကုန်းအမှတ် ၂၀ (PL 20) ကဲ့သို့ ဘာသာရေးအဆောက်အအုံများသည် လေးထောင့်ပုံအုတ်ရိုးအလယ်တွင် စက်ဝိုင်းပုံပန္နက် ပါရှိသည်။ မြေပြင်မှ အဆောက်အအုံသို့ တက်ရန် လှေကားခုံတစ်ဖက် သို့မဟုတ် နှစ်ဖက် ပါရှိသည်။ ကုန်းအမှတ် ၂၀ မှ လှေကားခုံသည် ကိုးပေရှည်၍ လေးပေမြင့်ကာ အကျယ် ၂၃ ပေရှိသည်။ လှေကားထစ် ၁၀ ထစ်ဝန်းကျင်ရှိပြီး တစ်ထစ်လျှင် ကိုးလက်မခန့်မြင့်သည်။ စက်ဝိုင်းပုံပန္နက်ပေါ်တွင် စေတီတစ်ဆူတည်ခဲ့ဟန်ရှိကြောင်း ခန့်မှန်းခဲ့သည်။

ပင်လယ်မြို့ဟောင်း ကုန်းအမှတ်(၂၀)မှ ကြွင်းကျန်အဆောက်အအုံသည် ပျူခေတ် ဘာသာရေးအဆောက်အအုံတစ်ခု ဖြစ်ဖွယ်ရှိပြီး လေးထောင့်ပန္နက်နှင့် အတွင်းစက်ဝိုင်းပုံအကြား စက်ဝိုင်းပတ်လည်ကို မြေကြမ်းခင်းအဖြစ် အသုံးပြုထားဟန်ရှိသည်။ ပင်လယ်မြို့ဟောင်းတွင် တူးဖော်ခဲ့သည့် ကုန်း ၂၁ ခုအနက် ဘာသာရေးဆိုင်ရာအဆောက်အအုံဟု ယူဆရဖွယ်ရှိသည့် ပန္နက်များအားလုံးသည် အဝိုင်းပုံများဖြစ်ကြသည်။

**မြေမီးဖုတ်ရုပ်ကြွများ**

ပင်လယ်မြို့ဟောင်း ကုန်းအမှတ်(၂၀)တွင် အဆောက်အအုံကို တန်ဆာဆင်ထားခဲ့သည့် မြေမီးဖုတ်ရုပ်ကြွများကို မြင်တွေ့ကြရသည်။ ရုပ်ကြွများသည် အရွယ်အစားနှင့် ရုပ်ပုံများ မတူညီကြဘဲ အမျိုးအစားလေးမျိုးဖြစ်ကြောင်း တွေ့ရှိကြရသည်။ ပထမအမျိုးအစားသည် ခြင်္သေ့နှင့်တူသည့် သတ္တဝါကို ဝဲဘက်လက်တွင် သန်လျက်ကိုင်ထားသူက စီးထားသည့်ပုံဖြစ်သည်။ ရင်စည်းနှစ်စသည် ထိုသူ၏အနောက်ဘက်တွင် လွင့်နေသည်။ ရုပ်ကြွအုတ်ခွက်သည် ၁၃ လက်မပတ်လည် လေးထောင့်ပုံဖြစ်ပြီး သုံးလက်မခွဲထူသည်။ ယင်းရုပ်ကြွများကို အကောင်း ၁၈ ချပ်နှင့် အကျိုး ၁၉ ချပ် ရရှိခဲ့သည်။

အလျားအနံ ၁၂ လက်မ ပတ်လည်ရှိ၍ အထူလေးလက်မရှိသည့် ဒုတိယအမျိုးအစား ရုပ်ကြွများသည် ပတတ်ရပ်နေသည့် ခြင်္သေ့နှင့်ဆင်သည်။ ဒဏ္ဍာရီလာ တိုးနရားသတ္တဝါနှင့် တူညီကာ ဦးခေါင်းနှင့် ရင်အုပ်ကို အသေးစိတ်ခြယ်မှုန်းထားပြီး လည်ဆံမွေးများကို ကနုတ်ကြောင်းပုံစံ ပုံဖော်ထားသည်။ အကောင်းကိုးခုနှင့် အကျိုးအပဲ့ ၂၀ ရရှိခဲ့သည်။

တတိယအမျိုးအစားရုပ်ကြွများကို အကောင်းအတိုင်း မရရှိခဲ့ဘဲ အပိုင်းအစ ၁၃ ခု ရရှိခဲ့သည်။ ရုပ်ကြွခွက်၏အရွယ်သည် အကောင်းအတိုင်းသာဆိုပါက အလျား ၁၆ လက်မ၊ အနံ ၁၄ လက်မနှင့် အထူသုံးလက်မ ရှိမည်ဖြစ်သည်။ ရုပ်ကြွသည် ကျားနှင့်တူသည့်သတ္တဝါကို ခွစီးနေသည့် လူရုပ်ဖြစ်ပြီး ထူးခြားချက်မှာ ထိုသူ၏ဦးခေါင်းတွင် ခေါင်းပေါင်းပါရှိနေခြင်းဖြစ်သည်။

စတုတ္ထအမျိုးအစား မြေမီးဖုတ်ရုပ်ကြွသည် အလျား၊ အနံ ခုနစ်လက်မခွဲခန့်နှင့် အထူ နှစ်လက်မခွဲသာရှိသည့် ရုပ်ကြွအငယ်ဖြစ်ပြီး ရုပ်ကြွ၏ပုံသဏ္ဌာန်သည် နောက်ပြန်လှည့်ကြည့်နေသည့် ခြင်္သေ့နှင့်တူသော ခြေလေးချောင်းသတ္တဝါဖြစ်သည်။ ယင်းသတ္တဝါ၏ ခြေလက်လေးချောင်းအောက်တွင် ကနုတ်များပုံဖော်ထားကာ လည်ပင်းတွင် ဗိန္ဒုပြောက်များ စီခြယ်ထားသည်။ ယင်းမြေမီးဖုတ်ရုပ်ကြွများကို အကောင်း နှစ်ခုနှင့် အကျိုးအပဲ့နှစ်ခု ရရှိခဲ့သည်။

**သံချက်ဖိုများ**

ရှေးဟောင်းသုတေသနဦးစီးဌာန၏ ကွင်းဆင်းလေ့လာမှုများအရ ပင်လယ်မြို့ဟောင်း၏ အရှေ့တောင်ဘက် လေးမိုင်အကွာတွင် သံချက်ဖို ၁၀ ခုကို တွေ့ရှိခဲ့ရာတွင် အချို့သံချက်ဖိုများသည် မြေအောက်သို့ ရောက်ရှိနေပေသည်။ မြေပေါ်တွင် သံချက်ဖိုနံရံအပိုင်းအစများနှင့် အချို့သံချက်ဖိုများ၏ ခေါင်းတိုင်ဝများကို တွေ့ရှိကြရသည်။ မီးခိုးတိုင်ပုံသဏ္ဌာန်သည် ပျူမြို့ဟောင်းသရေခေတ္တရာနှင့် သဲကုန်းမြို့ဟောင်းဝန်းကျင်ရှိ သံချက်ဖိုများနှင့် တူညီနေသည်။

သံချက်ဖိုများအနီးတွင် သံဓာတ်ကြွယ်ဝသည့် မြေလွှာများကို တွေ့ရှိရသဖြင့် ယင်းနေရာများမှ ကုန်ကြမ်းရယူခဲ့မည်ဟု ခန့်မှန်းရပေသည်။ ပင်လယ်မြို့ဟောင်း တူးဖော်သုတေသနပြုမှုများတွင် သံထည်ပစ္စည်းများကိုလည်း တွေ့ရှိခဲ့ရသဖြင့် အဆိုပါ သံချက်ဖိုများမှ သံရိုင်းများကို ထုတ်လုပ်ခဲ့ပြီး ပန်းဘဲဖိုများတွင် သံထည်ပစ္စည်းများ ပြုလုပ်ခဲ့ဟန်ရှိသည်။

**ပင်လယ်နန်းတော်ရာ**

ပင်လယ်မြို့ဟောင်း၏ နန်းတော်ကုန်းဟု အများခေါ်ဝေါ်ကြသည့်နေရာတွင် ခေတ်အဆက်ဆက်ပြုပြင်ခဲ့သည့် နန်းတော်ရာဘုရားများရှိသည်။ ပင်လယ်မြို့ဟောင်းကို နောက်ဆုံးတူးဖော်ခဲ့သည့် ကုန်းအမှတ်(၂၁)(PL 21)သည် ပင်လယ်မြို့ဟောင်း၏ အလယ်ဗဟိုရှိ နန်းတော်ရာဘုရားများမှ အရှေ့ဘက်သို့ ပေ ၅၀၀ ကွာဝေးသည်။ ယင်းနေရာသည် အရှေ့အနောက် ပေ ၆၀ နှင့် တောင်မြောက် ပေ ၇၀ ကျယ်ဝန်းပြီး တူးဖော်မှုမဆောင်ရွက်မီက သုံးပေမြင့်သည့် ကုန်းတစ်ခုဖြစ်ကာ နန်းတော်ရာအဝန်းအဝိုင်းအတွင်း တည်ရှိခဲ့သည်။

ကုန်းအမှတ်(၂၁) မှ ထွက်ရှိလာသည့် အဆောက်အအုံ၏ ပန္နက်သည် နန်းတော်ရာနှင့်ဆက်နွှယ်နေမည့် အဆောက်အအုံပန္နက်(Palace Site Complex)တစ်ခု ဖြစ်နိုင်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနက သုံးသပ်ခဲ့သည်။ အဆောက်အအုံပန္နက်အရ စင်္ကြံလျှောက်လမ်းများ၊ အခန်းများ၊ အုတ်ကြမ်းခင်းများကို တွေ့ရှိခဲ့ရသည်။ ပန္နက် အုတ်ရိုးများကို အရှေ့အနောက်၊ တောင်မြောက်တန်းလျက် အုတ်စီခဲ့သော်လည်း လက်တွေ့တိုင်းတာမှုများအရ အုတ်ရိုးများသည် အနောက်ဘက်သို့ သုံးဒီဂရီမှ ငါးဒီဂရီအတွင်း တိမ်းစောင်းနေကြောင်း တွေ့ရှိရသည်။ အုတ်ခုံပန္နက်သည် အလျား ၃၇ ဒသမ ၅ ပေနှင့် အနံ ၁၅ ပေရှိပြီး အပေါ်ပိုင်းတွင်ရှိခဲ့သည့် အဆောက်အအုံကို သစ်ဝါးများဖြင့် တည်ဆောက်ခဲ့ဟန်ရှိသည်။

**မြနဒီပျူကျောက်စာ**

မြစ်သားမြို့ ရွှေမုဋ္ဌောဘုရားဝင်းအတွင်းရှိ ကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ပျူစာ ၁၀ ကြောင်းပါရှိသည့် ကျောက်စာချပ်သည် အလျား ၅ ပေ ၁၁ လက်မ၊ အမြင့် ၂ ပေ ၈ လက်မရှိသည်။ ကျောက်စာသည် အထူအပါးမညီဘဲ သုံးလက်မနှင့် ငါးလက်မအကြားရှိသည်။ ကျောက်စာကို တွေ့ရှိချိန်ကပင် အပေါ်ပိုင်း ကျိုးနေခဲ့သည်။

မြနဒီကျေးရွာသည် ပင်လယ်မြို့ဟောင်း၏အရှေ့ဘက်သို့ မြေပုံမျဉ်းဖြောင့်အတိုင်း လေးမိုင်အကွာတွင် ပန်းလောင်မြစ်ကို မေးတင်လျက်တည်ရှိသည်။ မြနဒီကျောက်စာကို မြနဒီရွာ၏အရှေ့တောင်ဘက် မိုင်ဝက်အကွာ၊ လှည်းလမ်းကြောင်းဟောင်းတစ်ခုဘေးမှ ရရှိခဲ့ပြီး ကျောက်စာရရှိခဲ့သည့်ရွာကို အစွဲပြု၍ မြနဒီကျောက်စာဟု အမည်တွင်ခဲ့သည်။ မြနဒီကျောက်စာအနီးမှ အိုးအစအနများ၊ အုတ်ချပ်များ စသည့် ရှေးဟောင်းအထောက်အထားများ မတွေ့ရှိခဲ့ရဟု ဆိုသည်။ လှည်းလမ်းကြောင်းတွင်မြုပ်နေခဲ့သည့် ကျောက်စာချပ်သည် လှည်းဘီးများပွတ်တိုက်မှုကြောင့် စာသားများပျက်စီးနေခဲ့ရာ ရွာသားတစ်ဦးက ကျောက်ပြားပေါ်တွင် စာများတွေ့သဖြင့် တူးဖော်ခဲ့ရာမှ မြနဒီကျောက်စာ ပေါ်ထွက်လာခဲ့သည်။

ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကွင်းဆင်းလေ့လာရေးအဖွဲ့၏ သုံးသပ်ချက်အရ မြနဒီကျောက်စာတွေ့ရှိသည့်နေရာဝန်းကျင်တွင် မည်သည့်သဲလွန်စမှ မတွေ့ရှိခဲ့သဖြင့် ပျူကျောက်စာသည် ထိုနေရာသို့ မည်ကဲ့သို့ရောက်ရှိလာကြောင်း မခန့်မှန်း နိုင်ခဲ့ချေ။ ဖြစ်နိုင်ခြေတစ်ရပ်အဖြစ် မြနဒီကျောက်စာကို အခြားတစ်နေရာမှ ယူဆောင်လာခြင်း သို့မဟုတ် ထိုနေရာတွင် မြနဒီဒေသထွက်ကျောက်ဖြင့် လာရောက်ရေးထိုးခြင်းဖြစ်နိုင်ကြောင်း လေ့လာရေးအဖွဲ့က သုံးသပ်ခဲ့ပေသည်။

ပျူလူမျိုးများ မရှိတော့သော်လည်း မြန်မာနိုင်ငံအတွင်း ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ပင်လယ်ခေါ် မိုင်းမော အပါအဝင် ပျူမြို့ဟောင်းများသည် ယနေ့တိုင် ကြွင်းကျန်လျက်ရှိနေပေသည်။ ခရစ်နှစ် တစ်ရာစုမှ ကိုးရာစုအတွင်း မြန်မာနိုင်ငံတွင် မြို့ပြနိုင်ငံများထူထောင်ကာ ထွန်းကားခဲ့သည့် ပျူယဉ်ကျေးမှုများကို ဖော်ထုတ်သုတေသနပြုကြရာတွင် မြို့ဟောင်းများသည် အဓိကအကျဆုံးအထောက်အထားများ ဖြစ်ကြပေရာ မြို့ဟောင်းများ ရေရှည်တည်တံ့ရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပါပေသည်။ ။



မိုင်းမောမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(MM13)

**ကိုးကား**

မြန်မာ့ရှေးဟောင်းမြို့တော်များ(ဦးအောင်မြင့်)
မိုင်းမောမြို့ဟောင်း(ယဉ်ကျေးမှုဝန်ကြီးဌာန)

# အဲဗာတန်တဲ့လား



လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ ပရီမီယာလိဂ် အပြောင်းအရွှေ့မှာတော့ စိတ်ဝင်စားစရာ အကောင်းဆုံးအသင်းကတော့ အဲဗာတန်ကိုပဲ လက်ညှိုးထိုးပြရတော့မှာပဲ ဖြစ်ပါတယ်။ လာမယ့် ဘောလုံးရာသီအတွက် မျှော်မှန်းချက်ကြီးကြီးမားမားရှိနေတဲ့ အဲဗာတန်တို့ကတော့ ဘောလုံးသမားခေါ်ယူရေးမှာ ခြေသွက်လက်သွက်ရှိရှိနဲ့ ပြောင်းလဲမှုတွေ ပြုလုပ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီနှစ်ဘောလုံးသမား အပြောင်းအရွှေ့ဈေးကွက်မှာ ဘန်လေက မိုက်ကယ်ကိန်းကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ပေးပြီး ခေါ်ယူခဲ့သလို မာလာဂါအသင်းက ဆန်ဒရာ ရာမီးရက်ဇ်ကို ပြောင်းရွှေ့ကြေး ပေါင် ၅ ဒသမ ၂၅ သန်းနဲ့ ခေါ်ယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အန်ဒါလက်ချ်အသင်းက ဟင်နရီကို ပြောင်းရွှေ့ကြေးပေါင် ၇ သန်းနဲ့ ခေါ်ယူခဲ့တဲ့အပြင် ဆန်းဒါးလန်းအသင်းက ဂျော်ဒန်ပစ်ဖို့ဒ်ကို ပြောင်းရွှေ့ကြေး ပေါင် သန်း ၃၀ ပေးပြီး ခေါ်ယူအားဖြည့်ခဲ့ပြန်ပါတယ်။

အဲဗာတန် နည်းပြ ရော်နယ်ကိုးမန်းဟာ သူ့စိတ်ကြိုက်ကစားသမားတွေခေါ်ယူအားဖြည့်မှုတွေထဲမှာ အိုင်းယက်အသင်းခေါင်းဆောင်း ကလာဆင်ကို ပြောင်းရွှေ့ကြေး ပေါင် ၂၃ ဒသမ ၆ သန်းနဲ့ ခေါ်ယူခဲ့တာမို့ လက်ရှိအချိန်မှာတော့ အဲဗာတန်ရဲ့ဘောလုံးသမားပြောင်းရွှေ့မှုတွေအတွက် အသုံးပြုထားတဲ့ ငွေကြေးကတော့ စုစုပေါင်း ပေါင် ၉၆ သန်းနီးပါး ရှိနေပြီဖြစ်ပါတယ်။

ဒ့ါအပြင် မန်ယူတိုက်စစ်မှူး ရွန်းနေကို ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းနဲ့ ခေါ်ယူဖို့လည်း ရှိနေတာမို့ ဘောလုံးသမား အပြောင်းအရွှေ့မှာတော့ အံ့သြစရာကောင်းအောင် ဆက်တိုက်အကောင်အထည်ဖော်နေတာဟာ လောဘတကြီးရှိလှပါတယ်။

အဲဗာတန်အသင်းရဲ့ တိုက်စစ်မှူး လူကာကူကို ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းနဲ့ မန်ယူကို ပြောင်းရွှေ့လာခဲ့သလို ကလီဗာလေ၊ ကိုနီဘာရီစတား၊ ဒိုနိုဟူ၊ ဒက်ဖက်၊ ဂရစ်ဖစ်၊ ဒယ်လိုဖူ၊ ကွန်နေ်ာဂန်၊ ယာကော်စ်စတဲ့ ကစားသမားတွေကို အသင်းကနေပြီး ထွက်ခွာခွင့်ပေးခဲ့ပါတယ်။

နည်းပြ ရော်နယ်ကိုးမန်းဟာ လာမယ့်ဘောလုံးရာသီမှာ အဲဗာတန်အသင်းကို အနိမ့်ဆုံး ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် ကြိုးစားမှာဖြစ်ပြီး ဖလားလက်မဲ့မဖြစ်အောင် စွမ်းဆောင်ပေးပါလိမ့်မယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဲဗာတန်တို့ အဆင့်(၇) နေရာမှာ ရပ်တည်ခဲ့တာမို့ ဒီနှစ်မှာ အကောင်းဆုံးမှတ်တမ်းတင်နိုင်ရေးအတွက် လက်တွေ့ အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။

အဲဗာတန်ပိုင်ရှင်ဖြစ်တဲ့ ဖာဟက်မိုရှီရီဟာ အာဆင်နယ်လိုအသင်းမျိုးကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားခဲ့ဖူးပေမယ့် အထမမြောက်ခဲ့တာမို့ အခုဆိုရင် စိန်ခေါ်မှုပြင်းထန်တဲ့ ပရီမီယာလိဂ် အလားအလာကောင်းတဲ့ အဲဗာတန်အသင်းကို ဝယ်ယူပြီး အကောင်းဆုံး ဖြည့်ဆည်းပံ့ပိုးမှုတွေ ပြုလုပ်နေတာပဲ ဖြစ်ပါတယ်။

ပေါင် သန်း ၂၀၀ နဲ့ ဝယ်ယူခဲ့တဲ့ အဲဗာတန်အသင်းကို ဝယ်ယူပြီး နောက်ရက်တွေမှာပဲ အသင်းအောင်မြင်မှုရရှိရေးအတွက် ဘောလုံးသမားအသစ်တွေခေါ်ယူနိုင်ရေးကို ဦးစားပေးလုပ်ဆောင်ခဲ့တာဟာ ဒီနှစ်မှာတော့ ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမားတွေကို တန်ရာတန်ကြေးပေးပြီး ဖြည့်ဆည်းနေခြင်းပဲ ဖြစ်ပါတယ်။

အသင်းပိုင်ရှင် ဖာဟက်မိုရှီရီဟာ အဲဗာတန်အသင်းရဲ့ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းနီးပါးကို ဝယ်ယူခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်တာဟာ တကယ်တော့ အဲဗာတန်ရဲ့ သမိုင်းအစဉ်အလာကောင်းမှုလည်း အချက်တစ်ချက်ပါဝင်ပါတယ်။ အဲဗာတန်ဟာ ပရီမီယာလိဂ်မှာ ဘောလုံးရာသီပေါင်း ၁၁၄ ရာသီ ဆက်တိုက် တန်းမဆင်းဘဲ အရည်အချင်းရှိရှိ ရပ်တည်နိုင်နေတဲ့အသင်း ဖြစ်နေလို့ပါပဲ။

အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာတော့ အိမ်ကွင်းနှစ်ပွဲသာရှုံးခဲ့ပြီး မန်ယူနောက် သတ္တမအဆင့်နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့အနေအထားက တစ်ဆင့်တိုးတက်မြင့်မားလိုတဲ့ မျှော်လင့်ချက်တွေနဲ့ အခုလို အပြောင်းအရွှေ့ကာလမှာ ခပ်ကြမ်းကြမ်းအားဖြည့်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

နည်းပြ ရော်နယ်ကိုးမန်းကတော့ လာမယ့်ဘောလုံးရာသီအတွက် ကျွန်တော်တို့ အသင့်အနေအထားဖြစ်နေပြီလို့ ပြောနေတာမို့ ဘယ်လိုစွမ်းဆောင်မှုတွေနဲ့ ဘယ်လိုရလဒ်တွေပေးမလဲဆိုတာကတော့ စိတ်ဝင်စားစရာ ကောင်းနေတာတော့ အမှန်ပါပဲ။

အဲဗာတန်ဟာ အမှတ်ပေးချန်ပီယံဖလား(၉)ကြိမ်နဲ့ အက်ဖ်အေဖလား (၅)ကြိမ် ရယူထားနိုင်တဲ့ အသင်းလည်း ဖြစ်တာမို့ အဲဗာတန်ရဲ့ သမိုင်းကြောင်းကလည်း သတိပြု အလေးထားစရာကောင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့် ဘောလုံးရာသီမှာ အဲဗာတန်တို့ရဲ့ပရီမီယာလိဂ် စွမ်းဆောင်မှုမှတ်တမ်းကို စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

## ရိုးမားနောက်ခံလူ ရူဒီဂါကို ချယ်လ်ဆီး စာချုပ်မည်

ရိုးမားအသင်းနောက်ခံလူ ရူဒီဂါကို ချယ်လ်ဆီးအသင်းက ခေါ်ယူနိုင်ရေး အလွန်နီးစပ်နေပြီဖြစ်ပြီး မကြာမီ အပြီးသတ် စာချုပ်ချုပ်ဆိုနိုင်တော့မှာဖြစ်ကြောင်း ရိုးမားအသင်း တာဝန်ရှိသူများက ပြောကြားနေပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ရူဒီဂါကို ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၃၄ သန်းနဲ့ ခေါ်ယူဖို့ သဘောတူညီခဲ့ပြီး တရားဝင်စာချုပ်ချုပ်ဆိုဖို့ အပြီးသတ် ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ရူဒီဂါ အနေနဲ့ ချယ်လ်ဆီးကို ပြောင်းရွှေ့ဖို့ အကောင်အထည်ပေါ် လာတော့မှာပါလို့ သူ့ရဲ့အေးဂျင့်က သတင်းထောက်တွေနဲ့ တွေ့ဆုံစဉ် ပြောကြားလိုက်ပါတယ်။

ရူဒီဂါဟာ စတုဂတ်အသင်းမှာ ကစားနေသူဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ ရိုးမားအသင်းကို အငှားချထားခဲ့ရာမှာ ခြေစွမ်းပြနိုင်မှုကြောင့် ရိုးမားက အပြီးသတ်ခေါ်ယူထားခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ ချယ်လ်ဆီးတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့အတွက် ရူဒီဂါရဲ့အေးဂျင့်ဟာ လန်ဒန်ကို ရောက်လာပြီဖြစ်ပါတယ်။

ရူဒီဂါဟာ ဘောလုံးရှင်းထုတ်ရာမှာ ကျွမ်းကျင်ပြီး လျင်မြန်ပါးနပ်သူတစ်ဦးဖြစ်ပါတယ်။ တည်ငြိမ်ပြီး အမှားအယွင်းနည်းတာမို့ ချယ်လ်ဆီးအသင်းအတွက် အထောက်အကူပြုပေးမယ့် ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်လို့ ချယ်လ်ဆီးနည်းပြ ကွန်တီက ပြောကြားပါတယ်။ ရူဒီဂါဟာ ချယ်လ်ဆီးအသင်းအတွက် ဒီနှစ် ဘောလုံးရာသီ အပြောင်းအရွှေ့မှာ ဒုတိယမြောက်ခေါ်ယူတဲ့ ကစားသမား ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

## မန်ယူမှာ နံပါတ်တစ်ဂိုးသမားဖြစ်အောင်ကြိုးစားမည်ဟု ပါရဲရား ပြောကြား



မန်ယူအသင်းက လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်သည့် လူငယ်ဂိုးသမား ပါရဲရားက မိမိသည် မန်ယူအသင်းတွင် နံပါတ်တစ်ဂိုးသမားအဖြစ် ပွဲထွက်ခွင့်ရရှိရေး ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားနေပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ ပါရဲရားဟာ မန်ယူ လူငယ်အကယ်ဒမီမှ ထွက်ပေါ်လာတဲ့ ကစားသမားဖြစ်ပြီး ပေါ်တူဂီ ယူ-၂၁ အသင်းတွင် ပါဝင်ကစားကာ လက်စွမ်းပြနိုင်သူဖြစ်ပါတယ်။ ပေါ်တူဂီအသင်း၌ အားထားရသော ဂိုးသမားဖြစ်ပြီး မန်ယူအသင်းတွင်လည်း အားထားရသောဂိုးသမားတစ်ဦးဖြစ်လာရန် အားထုတ်လျက်ရှိပါတယ်။ မန်ယူမှာတော့ လောလောဆယ်မှာ နံပါတ်တစ်ပွဲထွက်ကစားသမားအဖြစ် ဒီဂီယာရှိနေပြီး နံပါတ်နှစ်ပွဲထွက်ကစားသမားအတွက် ရိုမီယိုတို့ရှိနေပါတယ်။

အခုအချိန်မှာ မန်ယူဂိုးသမား ဒီဂီယာ အပြောင်းအရွှေ့သတင်းတွေမငြိမ်သက်သေးတာမို့ တကယ်လို့ ဒီဂီယာ အသင်းပြောင်းရွှေ့မှုဖြစ်ပေါ်ခဲ့ရင် ပါရဲရားအတွက် ပွဲထွက်ခွင့် အခွင့်အရေးတွေ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

"ကျွန်တော်ကတော့ မန်ယူကစားသမားအဖြစ် ရပ်တည်နေရတာ ကျေနပ်ပါတယ်။ တစ်ချိန်ချိန်မှာတော့ ကျွန်တော့်အတွက် အကောင်းဆုံးအခွင့်အရေးတွေ ဖြစ်ထွန်းလာပါလိမ့်မယ်။ ကျွန်တော်ကတော့ အမြဲတမ်း လေ့ကျင့်ကြိုးစားနေသူတစ်ဦးမို့ စိတ်ပူပန်မှု မရှိပါဘူး"လို့ ပါရဲရားက ပြောကြားနေပါတယ်။

## The Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဗိုလ်စွဲရေး မက်အီရွိုင်း ကြိုးစားနေ



မကြာမီကျင်းပတော့မယ့် The Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ မိမိဗိုလ်စွဲနိုင်ရေး ကြိုးစားသွားမယ်လို့ မြောက်အိုင်ယာလန် ဂေါက်ဖ်သီးရိုက်သမား ရိုရီမက်အီရွိုင်းက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ပြီးခဲ့တဲ့နှစ် စက်တင်ဘာလက ကျင်းပခဲ့တဲ့ Tour Championship ပြိုင်ပွဲမှာ မက်အီရွိုင်းဗိုလ်စွဲခဲ့ပြီးနောက်ပိုင်းမှာ အောင်မြင်မှုနဲ့ ဝေးကွာခဲ့နေတာမို့ အခုဆိုရင် မက်အီရွိုင်းဟာ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ "The Open ပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ ယုံကြည်မှုတွေရှိနေပြီဖြစ်ပါတယ်"လို့ မက်အီရွိုင်းက ပြောကြားနေပါတယ်။ မက်အီရွိုင်းဟာ ၂၀၁၅ ခုနှစ်က ကမ္ဘာ့အဆင့်တစ်နေရာမှာ အချိန်အတန်ကြာ ရပ်တည်နိုင်ခဲ့သူ ဂေါက်သီးရိုက်သမားဖြစ်ပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့အဆင့် သတ်မှတ်ချက်ကတော့ စတုတ္ထအဆင့်မှာသာ ရပ်တည်နိုင်နေခြင်း ဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့အဆင့် ရပ်တည်ချက်မှာတော့ ကမ္ဘာ့အဆင့်တစ်က ဒက်စတင်ဂျွန်ဆင်၊ ကမ္ဘာ့အဆင့်နှစ်က ဂျော်ဒန်စတစ်၊ ကမ္ဘာ့အဆင့်သုံးက ဂျက်ဆန်းဒေးတို့ ဖြစ်ပါတယ်။

မက်အီရွိုင်းဟာ ကမ္ဘာ့အဆင့်တစ်နေရာကို ပြန်လည်ရယူဖို့ဆိုတာ ပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေရရှိဖို့လိုအပ်ပြီး ပြိုင်ပွဲတိုင်း အနိုင်ကစားဖို့ဆိုတာ အဘက်ဘက်က အခြေအနေပေးမှ ဖြစ်နိုင်တယ်လို့ လက်ရှိကမ္ဘာ့အဆင့်တစ် ဂေါက်သီးရိုက်သမား ဒက်စတင်ဂျွန်ဆင်က ပြောကြားနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# မိုးလယ်ကာလများတွင် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားသင့်

**မန္တလေး ဇူလိုင် ၁၀**

မိုးရွာသွန်းမှုအခြေအနေ အားကောင်းသည့် ယခုလို မိုးလယ်ကာလတွင် ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံ၏ မိုးလယ်ကာလမှာ ယခု ဇူလိုင်လမှ ဩဂုတ်လအထိ ရက်ပေါင်း ၆၂ ရက်ရှိပြီး အဆိုပါကာလသည် မုတ်သုံလအထွတ်အထိပ်ကာလဖြစ်သည်နှင့်အညီ လေဖိအားနည်းရပ်ဝန်းများကြောင့်လည်းကောင်း၊ အရှေ့လေပွေလှိုင်းများကြောင့်လည်းကောင်း၊ အရှေ့ဘက်ခြမ်းမှ မုန်တိုင်းအကြွင်းအကျန်များကြောင့်လည်းကောင်း မိုးရွာသွန်းမှု အားကောင်းသည့်အပြင် ဇူလိုင်လမှ အောက်တိုဘာလအချိန်သည် မြစ်ရေကြီးမှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့နိုင်သည့်ကာလဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

"မိုးလယ်ကာလက အခုမှစလို့ ခုနှစ်ရက်ပဲ ရှိပါသေးတယ်။ ဒါကြောင့် အခုအချိန်ကတည်းက ရေဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ကာကွယ်ပြင်ဆင်မှုတွေ လုပ်ထားသင့်တဲ့အချိန်ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးကပြောသည်။

ထို့အပြင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ လူမှုကွန်ရက်စာမျက်နှာတွင် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်သည့် ခန့်မှန်းချက်များ၊ သတိပေးချက်များအား စာသားများဖြင့် ရေးသားထုတ်ပြန်ပေးထားသည့်အပြင် စာရင်းဇယားများ၊ မှတ်တမ်းအချက်အလက်များနှင့်အတူ မြေပုံကားချပ်များဖြင့်ပါ ထုတ်ပြန်ပြသပေးထားသည့်အတွက် ရေဖြင့်စီမံခန့်ခွဲရသည့် ဌာနများအနေဖြင့် အလွယ်တကူသိရှိ၍ လိုအပ်သလို ကြိုတင်စီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး အဆိုပါအချက်အလက် မှတ်တမ်းများကို ရေရှည်ထိန်းသိမ်းထားခြင်းဖြင့်လည်း နောင်တွင် အကျိုးရှိစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



လက်ရှိတွင် မန္တလေးမြို့၏ ဧရာဝတီမြစ်ရေမြင့်တက်မှု အခြေအနေမှာ ဇူလိုင် ၇ ရက် နေ့လယ် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ မြစ်ရေသည် ၁၀၅၅ စင်တီမီတာအထိ ရောက်ရှိနေပြီး မန္တလေးမြို့၏စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၂၀၀ စင်တီမီတာ(ခုနစ်ပေ)ခန့် လိုအပ်နေသေးသော်လည်း ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ ကာလအတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုပြန်လည်အားကောင်းလာမည်ဟု ခန့်မှန်းထားသည်။

မန္တလေးမြို့တွင် မြစ်ရေမြင့်တက်မှုအနေဖြင့် ၂၀၀၄ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ၁၃၈၂ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၁၃၂၅ စင်တီမီတာအထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကော့ကရိတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးရောင်းချခြင်း စာချုပ်လက်မှတ်ရေးထိုး

**ကော့ကရိတ် ဇူလိုင် ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးမရရှိမီကာလအတွင်း ပုဂ္ဂလိကဒီဇယ်အင်ဂျင်စက်ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချရေးလုပ်ငန်းစတင်မှု စာချုပ်လက်မှတ်ရေးထိုးပွဲကို ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

စာချုပ်လက်မှတ်ရေးထိုးပွဲတွင် ကရင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလိုင်က အမှာစကားပြောကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်က လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် PRO 81 ကုမ္ပဏီ ဒါရိုက်တာ ဦးဇော်မင်းဦးက ကော့ကရိတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိစေရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းတို့၏ရှေ့မှောက်တွင် ဒေါ်နအလင်းကုမ္ပဏီနှင့် PRO 81 ကုမ္ပဏီ၊ KHAN Offshore(မြန်မာ)ကုမ္ပဏီနှင့် PRO 81 ကုမ္ပဏီတို့က လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှု လက်မှတ်များရေးထိုးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျွန်းလှမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်တွင် ပထမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူ

**ကျွန်းလှ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်တွင် ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၈ ရက်က တက္ကသိုလ်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် မြို့နေပြည်သူများက သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်ကြပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တက္ကန္ဒကထံမှ သီလခံယူဆောက်တည်ကြကာ လှူဒါန်းပွဲအပြီးတွင် ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်းသိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ငါးမျိုးမတုံးစေရေးအတွက် ပြည်သူများအားအသိပညာပေး

**ညောင်လေးပင် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ပျဉ်ရေကြီးကျေးရွာအုပ်စုမှ စစ်တောင်းမြစ်ကမ်းဘေးတစ်လျှောက်



ကျေးရွာများမှ ပြည်သူများအား ငါးမျိုးမတုံးစေရန်နှင့် ရေရှည်ငါးရိက္ခာရရှိစေရန် ကိုယ်ဝန်ဆောင်ငါးများအား ဘေးမဲ့ပေးရေး အသိပညာပေးဟောပြောမှုများ ဇူလိုင် ၇ ရက်က လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစန်းဝင်းက ဒေသခံပြည်သူများအား ဟောပြောရာတွင် ယခုအချိန်သည် ငါးရစ်တက်ချိန်ဖြစ်၍ ကိုယ်ဝန်ဆောင်ငါးများ(Breeders)ကို ဖမ်းဆီးစားသောက်လိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များ ဆုံးရှုံးသွားရမည်ဖြစ်ကြောင်း၊ အသားစားလျှင် ကြက်တုတ်ကွေး၊ ဝက်နားရွက်ပြာ၊ နွားရူးရောဂါ စသည့်ရောဂါများ ရရှိနိုင်သော်လည်း ငါးများသည် မည်သည့်ရောဂါမှမရရှိစေဘဲ လူတို့၏ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသဖြင့် အဖိုးတန်လှသည့်တိုင်းရင်းငါးများကို စားသုံးရုံသက်သက်မဟုတ်ဘဲ စောင့်ရှောက်မှုလည်းဆောင်ရွက်သင့်ကြောင်း၊ ပြည်သူများအတွက် လိုအပ်သည့်အာဟာရရိက္ခာကို ဖြည့်ဆည်းပေးနိုင်သောငါးများ မျိုးမတုံးသွားစေဘဲ ရေရှည်တည်တံ့အောင် ဥပါသည့်ငါးများကို ဘေးမဲ့ပေးကြရမည်ဖြစ်ကြောင်း စသည်တို့ကို ပြည်သူများအား အသေးစိတ် အသိပညာပေး ဟောပြောခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

## ရေဦး-ကလေးဝလမ်းနှင့် ချင်းတွင်းတံတား (ကလေးဝ)တွင် ကုန်တင်ယာဉ်ကြီးများ သွားလာခွင့်ပိတ်ပင်ထား

**ကလေးဝ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဦး-ကလေးဝလမ်းနှင့် ချင်းတွင်းတံတား (ကလေးဝ)တို့တွင် ကျောက်မီးသွေးကားနှင့် ကုန်တင်ယာဉ်ကြီးများအား မိုးရာသီအတွင်း သွားလာခွင့်များပိတ်ထားကြောင်း ကလေးဝမြို့နယ် လမ်းဦးစီးအရာရှိ ဦးသန်းထိုက်ထံမှသိရသည်။

ယခု ဇူလိုင်လမှစတင်၍ သွားလာခွင့်များ ပိတ်ထားခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ရေဦး-ကလေးဝလမ်းသည် သစ်သားတံတားများ ရှိနေခြင်းနှင့် ကျောက်လမ်းအဆင့် အမာခံလမ်း ၁၉ မိုင်ကျော်ကို လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေသေးသည့်အတွက် မိုးရာသီကာလအတွင်း လမ်းများမပျက်စီးစေရန်နှင့် သစ်သားတံတားများ၏ ခံနိုင်ဝန်ခွင့်ပြုနိုင်မည့်အပေါ် မူတည်၍ မိုးတွင်းကာလတွင် အများဆုံး ၂၁ တန်အထိ ယာဉ်များသာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်တစ်စီး လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိ၊ ဗလသိဒ္ဓိရပ်ကွက်အနီးရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယဝိဒူ ဘဒ္ဒန္တစာရိတ္တ တည်ထောင်ထားသော အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်လှူဒါန်းပွဲကို ယနေ့ ညနေပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ လူနာတင်ယာဉ်ကို ဆရာတော် ဘဒ္ဒန္တစာရိတ္တ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်(အားကစား)ဦးကျော်ဦးနှင့် ဇနီး ဒေါ်ထွေးထွေးဝင်း၊ Winner Sport Co.,Ltd ဥက္ကဋ္ဌ ဦးတောက်ထွန်းနှင့်ဇနီး ဒေါ်မာမာချစ်၊ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်ကြည်နှင့် MPPE မိသားစုတို့မှ ကမကထပြု၍ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းသား အသင်းသူများက စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။ အလှူရှင်များက လူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး သာရေး၊ နာရေးအပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် နေရာဒေသများတွင်လည်း အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သွေးလှူဒါန်းခြင်း၊ တရားပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးပြီး နေပြည်တော်ရှိ ခုတင် ၁၀၀၀ ဆေးရုံကြီး၊ သားဖွားမီးယပ်ဆေးရုံကြီးတို့တွင် တစ်ပတ်လျှင်တစ်ရက် အာဟာရကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းတွင် အသင်းဝင်စုစုပေါင်း ၁၃၀၀ ကျော်ရှိပြီး ဇမ္ဗူသီရိမြို့နယ် ဒက္ခိဏသီရိ၊ ဗလသိဒ္ဓိရပ်ကွက်အနီးရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်၌ထားရှိကာ လာရောက်လှူဒါန်းလိုသူများ၊ အရေးပေါ် အကူအညီလိုအပ်သူများအနေဖြင့် ၀၉-၇၉၆၅၉၀၄၆၉၊ ၀၉-၄၂၀၇၃၅၅၈၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-ဇော်ဇော်**

# CHDB ဘဏ်တွင်ငွေစုထားသူများ ရာနှုန်းပြည့်မီပါက တန်ဖိုးနည်းအိမ်ရာ အရစ်ကျဝယ်ယူနိုင်မည်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီးတွင် တန်ဖိုးနည်းအိမ်ရာများကို မြို့ပြ အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက ရောင်းချပေးလျက်ရှိရာ လှိုင်သာယာနှင့် ဒဂုံ(ဆိပ်ကမ်း)တို့တွင် ဆောက်လုပ်ထားသော အိမ်ရာများကို ယခု ဇူလိုင်လအတွင်း ရောင်းချပေးတော့မည်ဖြစ်ပြီး ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHDB)တွင် ငွေစုထားသူများအနေဖြင့် တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ပြည့်မီပါက အရစ်ကျစနစ်ဖြင့် တိုက်ခန်းဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့တန်ဖိုးနည်းအိမ်ရာများကို ရောင်းချရာတွင် ဘဏ်တွင် တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအဖြစ် ကျပ်သိန်း ၃၀ ကျော်ကို စတင်စုဆောင်းထားရမည်ဖြစ်သောကြောင့် ဝန်ထမ်းများအနေဖြင့် အခက်အခဲများ ရှိနေသေးကြောင်း သိရသည်။ တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့် ငွေစုဆောင်းနိုင်ရန် ဝန်ထမ်းတစ်ဦးတည်းအနေဖြင့် အချိန်အနည်းဆုံး နှစ်နှစ်ကျော် သုံးနှစ်ခန့် စုဆောင်းရမည်ဖြစ်ကြောင်း၊ ဘဏ်တွင် စုဆောင်းထားရမည့် ငွေကို ၃၀ ရာခိုင်နှုန်းထက်လျှော့ပေါ့၍ လက်ခံပေးပါက အိမ်ရာလိုအပ်နေသော ဝန်ထမ်းများအတွက် ပို၍အဆင်ပြေနိုင်မည်ဟု ဝန်ထမ်းအချို့က အကြံပြုပြောကြားလျက်ရှိသည်။

"လိုင်းခန်းမရတော့ အပြင်မှာငှားပြီးနေရတာကြာပြီ။ သိန်း ၃၀ သွင်းထားရမယ်ဆိုလည်း ဝန်ထမ်းတစ်ဦးအနေနဲ့ စုဆောင်းဖို့ဆိုတာမလွယ်ဘူး။ ဝန်ထမ်းနှစ်ဦး ဒါမှမဟုတ် မိသားစုဝင်က အပြင်အလုပ်ရှိတယ်ဆိုရင် တိုက်ခန်းဝယ်ဖို့ စုနိုင်မှာပါ။ ပင်စင်ယူမယ့်သူတွေကို ဦးစားပေးပြီး သွင်းငွေလျှော့ပေးမယ်ဆိုရင် ဝန်ထမ်းတွေ အိုးပိုင်အိမ်ပိုင်နဲ့ နေနိုင်မှာပါ။ အထူးသဖြင့် အိမ်ငှားစရိတ်တွေ မလိုအပ်ဘဲ မကုန်တော့ဘူးပေါ့"ဟု ဝန်ကြီးဌာန တစ်ခုတွင် နှစ် ၂၀ ကျော် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးသိန်းဆောင်က ပြောသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် တန်ဖိုးနည်းအိမ်ရာ အခန်းပေါင်း နှစ်ထောင်ခန့် ရောင်းချပေးရန်ရှိပြီး တိုက်ခန်းတန်ဖိုးများမှာ ကျပ်သိန်း ၁၀၀ ခန့်မှ ၁၃၅ သိန်းအထိဖြစ်သည်။ ရောင်းချမည့်တိုက်ခန်းများမှာ လှိုင်သာယာ ရွှေလင်ပန်း အပိုင်း(၂)နှင့် အပိုင်း(၃)ရှိ ရှစ်ခန်းတွဲ လေးထပ်အဆောက်အအုံ အကျယ် ၅၂၂ စတုရန်းပေ သို့မဟုတ် ၄၈၄ စတုရန်းပေအတွက် မြေညီထပ် ၁၃၅ သိန်း၊ ပထမထပ် ၁၃၂ သိန်းမှ ၁၂၂ သိန်း၊ ဒုတိယထပ် ၁၂၉ သိန်းမှ ၁၁၉ သိန်း၊ တတိယထပ် ၁၂၆ သိန်းမှ ၁၁၆ သိန်းတို့ဖြစ်သည်။

ဒဂုံဆိပ်ကမ်း ကနောင်အိမ်ရာရှိ ရှစ်ခန်းတွဲ လေးထပ်အဆောက်အအုံ အကျယ် ၅၂၂ စတုရန်းပေ သို့မဟုတ် ၄၈၄ စတုရန်းပေအတွက် မြေညီထပ် ၁၂၅ သိန်း၊ ပထမထပ် ၁၂၅ သိန်းမှ ၁၁၅သိန်း၊ ဒုတိယထပ် ၁၂၀ သိန်းမှ ၁၁၀ သိန်း၊ တတိယထပ် ၁၁၇ သိန်းမှ ကျပ်သိန်း ၁၀၀ ဖြစ်ပြီး ဒဂုံဆိပ်ကမ်း ယုဇန (၁)၊ (၂)နှင့် Shop House မပါ ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံ အကျယ် ၄၆၄ စတုရန်းပေအတွက် မြေညီထပ် ငွေကျပ်သိန်း ၁၂၀၊ ပထမထပ် ငွေကျပ် ၁၁၂ သိန်း၊ ဒုတိယထပ် ငွေကျပ် ၁၀၆ သိန်း နှင့် တတိယထပ် ၉၈ သိန်း ဈေးနှုန်း



သတ်မှတ်ထားကြောင်း သိရသည်။

ယခုရောင်းချမည့် တန်ဖိုးနည်းအိမ်ရာများကို CHDB ဘဏ်တွင် ၃၀ ရာခိုင်နှုန်း ငွေစုထားသူများအနေဖြင့် ၁၀ နှစ် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင်လည်း တန်ဖိုးနည်းအိမ်ရာ အခန်းပေါင်း ၅၈၀ ကျော်ကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHDB)နှင့် ချိတ်ဆက်၍ ရှစ်နှစ်အရစ်ကျငွေချေစနစ်ဖြင့် နှစ်ကြိမ် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်း(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**

## ထင်သာမြင်သာပြုပြင်စရာ

### တံတားချဉ်းကပ်လမ်း မြေထိန်းနံရံအက်ကွဲနေမှု ပြုပြင်ပေးစေလို

**ဟိုင်းကြီးကျွန်း ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ရာဇမိရာဇ်လမ်းပေါ်ရှိ မေတ္တာပေါင်းကူးတံတား(၂) တွင် ချဉ်းကပ်လမ်းမြေထိန်းနံရံများ အက်ကွဲလာမှုကြောင့် မိုးရွာသည့်အချိန်တွင် ယင်းအက်ကွဲကြောင်းမှတစ်ဆင့် မိုးရေနှင့်အတူ သဲများပါ ထွက်ကျလျက်ရှိ၍ ပြန်လည်ပြုပြင်ပေးရန် ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

မြေထိန်းနံရံအက်ကွဲနေမှုမှာ တံတား၏( ဝဲယာ )နှစ်ဖက်စလုံးတွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး အဆိုပါတံတားမှာ ၂၀၁၄ ခုနှစ်အတွင်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆန်းသစ်အောင်မြင်ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ခဲ့သော တံတားဖြစ်ကာ အရှည် ၁၆ ပေ၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။ တံတားချဉ်းကပ်လမ်း မြေထိန်းနံရံအက်ကွဲနေသည့်နေရာမှ ပိုမို၍ ပျက်စီးမှုများ ဖြစ်ပွားမလာစေရန်အတွက် အဆိုပါ အက်ကွဲနေသည့်နေရာကို အချိန်မီပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဒေသခံများ လိုလားလျက်ရှိသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## ကနောင်မြို့ ကမ်းနားတစ်လျှောက် ကမ်းပြိုမှုအတွက် အကူအညီပေးနိုင်ရန် ကွင်းဆင်းကြည့်ရှု

**မြန်အောင် ဇူလိုင် ၁၀**

မြန်အောင်မြို့နယ် ကနောင်မြို့မြစ်ကမ်းနားတစ်လျှောက်တွင် ကမ်းပြိုကျမှုများ ဖြစ်ပေါ်နေသဖြင့် လိုအပ်သော အကူအညီများ ပံ့ပိုးမှုပေးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအဖွဲ့က မြစ်ကမ်းနားတစ်လျှောက်တွင် ဇူလိုင် ၈ ရက်က မော်တော်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ ကနောင်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်း၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးထွန်းအောင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးထိန်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးဝင်းမင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးသိန်းဝင်းတို့က ကနောင်မြို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြစ်ကမ်းနားတစ်လျှောက် ကမ်းပြိုကျမှုအခြေအနေများကို မော်တော်ဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။ ထို့နောက် ကမ်းပြိုကျနေသော အခြေအနေများ၊ ရပ်ရွာလူထုက ကာကွယ်ထိန်းသိမ်းမှု ဆောင်ရွက်နေသည့်အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ကနောင်မြို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးကြပြီး ကမ်းပြိုကျမှုကာကွယ်ရေးအတွက် လိုအပ်သောရန်ပုံငွေရရှိရေး ဆက်လက်တင်ပြသွားရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။



ကနောင်မြို့သည် ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိပြီး မြန်အောင်တာမိုင်(၁၃/၅) မှ (၁၅/၀)အတွင်း အရှေ့ဘက် ဧရာဝတီမြစ်ဘက်ခြမ်းတွင် ရပ်ကွက်(၄) ခုရှိကာ အိမ်ခြေ ၅၉၀ ဦး လူဦးရေ ၂၃၆၃ ဦး နေထိုင်ကြောင်း၊ နှစ်စဉ် မြစ်ရေတက်ချိန်တွင် မြစ်ကမ်းပါးပြိုလျက်ရှိရာ ပြိုကျမှုလျော့နည်းစေရန် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကာတန်းများ ပြုလုပ်ခြင်း၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ ဒေသအစီအစဉ်ဖြင့် ကမ်းပြိုမှုသက်သာစေရန် ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာများကို ပြန်လည်ပြုပြင်၍ မြစ်ရေဝင်ရောက်မှုမရှိအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ကမ်းပြိုကျမှုကို ကာကွယ်ကာ နေထိုင်လျက်ရှိကြကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

## စိုးရိမ်ရေမှတ်ကျော်နေသော ချင်းတွင်းမြစ်တစ်လျှောက်ဒေသများတွင် ရေဘေးပညာပေးပိုစတာများ ချိတ်ဆွဲထား

**မုံရွာ ဇူလိုင် ၁၀**

စိုးရိမ်ရေမှတ်ကျော်လွန်နေသည့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဒေသများတွင် ဒေသခံပြည်သူများ သိရှိစေရန် ရေဘေးအသိပညာပေးပိုစတာများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လိုက်လံချိတ်ဆွဲ အသိပေးထားသည်ကို တွေ့ရသည်။

ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်၊ ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် လိုက်နာရမည့် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် လုပ်ဆောင်ရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များကို ထုတ်ပြန်ကြေညာ အသိပေးထားခြင်းဖြစ်သည်။

ချင်းတွင်းမြစ်နှင့်ဆက်စပ်လျက်ရှိသော မုံရွာမြို့ တောင်ဘက် ကျွန်းကြီးကျေးရွာဝန်းကျင် ကျေးရွာများတွင် ရေစတင်ဝင်ရောက်နေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူအချို့မှာ ရေလွတ်ရာ တာပေါင်လမ်းပေါ် ပြောင်းရွှေ့နေထိုင်ရမှုများရှိနေကြောင်း သိရသည်။ ရေဝင်ရောက်နေမှုကြောင့် အချို့ကျောင်းများလည်း ပိတ်ထားရသလို ကုန်စည်သယ်ယူစရိတ် မြင့်တက်ခြင်းကြောင့် ကုန်ဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## ကျေးလက်နေပြည်သူများအား ဆိုလာမီးပုံးများလှူဒါန်း

**ညောင်ဦး ဇူလိုင် ၁၀**

ညောင်ဦးမြို့နယ် ကံကျဲကျေးရွာအုပ်စု ကျခုတ်တဲတိုက်မှ ဒေသခံ ကျေးလက်နေပြည်သူများမှာ လျှပ်စစ်မီးမရရှိသေးသည့်အတွက် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသဖြင့် မကွေးမြို့ စည်ဖြိုးသူဖောင်ဒေးရှင်းအဖွဲ့က ဆိုလာမီးပုံးများကို ဇူလိုင် ၈ ရက်က သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျခုတ်တဲတိုက်တွင် အိမ်ထောင်စု ၆၇ စုခန့် နေထိုင်ကြပြီး လူဦးရေ ၄၀၀ နီးပါးခန့်ရှိသည်။ ကျခုတ်တဲတိုက်တွင် လျှပ်စစ်မီးမရရှိသေးသည့်အတွက် ဒေသခံပြည်သူများမှာ ညဘက်တွင် ဖယောင်းတိုင်မီးကိုသာ အားထားအသုံးပြုနေရ၍ မီးဘေးအန္တရာယ်ကို စိုးရိမ်နေကြရသဖြင့် မကွေးမြို့မှ ဖြိုးစည်သူဖောင်ဒေးရှင်းအဖွဲ့ အသင်းသားများက ဒေသခံပြည်သူများ မီးဘေးအန္တရာယ် လုံခြုံစိတ်ချရမှုရှိစေရန်နှင့် ဖယောင်းတိုင်ဝယ်ယူသုံးစွဲရခြင်းကြောင့် ငွေကြေးကုန်ကျမှုမှ သက်သာစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆိုလာမီးပုံးတစ်လုံးစီ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး စက်ဘီးချစ်သူများအဖွဲ့က လှည့်လည်လှုံ့ဆော်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း၌ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ကြရေးအတွက် အသိပညာပေး လှုပ်ရှားမှုအဖြစ် သန်လျင်စက်ဘီးချစ်သူများအဖွဲ့မှ အဖွဲ့ဝင်များစုပေါင်း၍ ဇူလိုင် ၉ ရက်က သန်လျင်မြို့တွင်း ရပ်ကွက်ခုနစ်ခုတွင် လှည့်လည်လှုံ့ဆော် အသိပညာပေးခဲ့ကြောင်း သိရသည်။

သန်လျင်စက်ဘီးချစ်သူများအဖွဲ့မှ အဖွဲ့ဝင်အင်အား ၇၀ ကျော် စုပေါင်းပါဝင်၍ စည်းကမ်းတကျ အမှိုက်ပစ်စို့ စာတန်းပါ အသိပညာပေးအင်္ကျီများ ဝတ်ဆင်ကာ သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ Calorie (Café & Bakery) ဆိုင်ရှေ့မှ စတင် ထွက်ခွာကြပြီး မြို့သစ်အရှေ့ရပ်ကွက်၊ မြို့သစ်အလယ်ရပ်ကွက်၊ မြို့သစ်အနောက်ရပ်ကွက်၊ ဒါရ်ကာရပ်ကွက်၊ မြို့မမြောက်ရပ်ကွက်၊ မြို့မတောင်ရပ်ကွက်နှင့် ပဲခူးစုရပ်ကွက်များအတွင်းသို့ စက်ဘီးများစီး၍ လှည့်လည်ကာ ရပ်ကွက်နေပြည်သူများအား စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေးအတွက် အသိပညာပေး လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။



သန်လျင်မြို့သူမြို့သားများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီပြီး ကျန်းမာရေးနှင့် ညီညွတ်သော စက်ဘီးစီးခြင်းဖြင့် အသိပညာပေးသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကာ သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းစင်သော မြို့တစ်မြို့ ဖြစ်စေရေးအတွက်လည်း စုပေါင်းပါဝင်ကြစေလိုကြောင်း စက်ဘီးဖြင့် လှည့်လည်လှုံ့ဆော်ပွဲတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ပြောသည်။

သန်လျင်စက်ဘီးချစ်သူများ စုပေါင်းအဖွဲ့အနေဖြင့် သန်လျင်မြို့တွင်းမှ အခြားပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

# ကျွန်းစုမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**ကျွန်းစု ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုငွေဖြင့် လူထုဗဟိုပြုစီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထနှစ်၏ စီမံကိန်းလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် စီမံကိန်း၏အကျိုးကျေးဇူးများစွာကို ဒေသခံပြည်သူများ ရရှိခံစားနေရပြီဖြစ်ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်မှထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်ပြီး Mercy Corps အဖွဲ့မှ နည်းပညာ အကြံပေးများ၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ မှ ကျေးရွာပေါင်း ၁၆၃ ရွာ ရှိသည့်အနက် ၁၅၄ ရွာတွင် ဒေသခံပြည်သူများ အဓိက လိုအပ်လျက်ရှိသည့် လမ်း၊ တံတား၊ ဆိပ်ခံတံတား၊ ရေရရှိရေးနှင့် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ပညာရေးအတွက် စာသင်ကျောင်းများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ကျန်းမာရေးအတွက် ဆေးခန်းအဆောက်အအုံများ အသစ်တည်ဆောက်ခြင်းနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၆-၂၀၁၇ စတုတ္ထနှစ် စီမံကိန်းကာလတွင် ကျေးရွာ ၁၅၄ ရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျွန်းစုမြို့နယ်အတွင်း ကျေးရွာများ၌ လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ပထမနှစ် စီမံကိန်းကာလတွင် ကျေးရွာပေါင်း ၁၄၃ ရွာ၌ ကျပ် ၅၄၇၁ သိန်းကျော်ဖြင့် လုပ်ငန်း ၁၄၃ ခု၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဒုတိယနှစ် စီမံကိန်းကာလတွင် ကျေးရွာပေါင်း ၁၅၂ ရွာ၌ ကျပ်သန်းပေါင်း ၁၃၂၀ ဖြင့် လုပ်ငန်း ၁၇၂ ခု၊ ၂၀၁၅-၂၀၁၆ ခုနှစ် တတိယနှစ်စီမံကိန်းကာလတွင် ကျေးရွာပေါင်း ၁၄၉ ရွာ၌ ကျပ်သန်းပေါင်း ၁၅၈၀ ဖြင့် လုပ်ငန်း ၁၇၀ တို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခု ၂၀၁၆-၂၀၁၇ ခုနှစ် စီမံကိန်းစတုတ္ထနှစ်ကာလတွင် ကျေးရွာပေါင်း ၁၅၄ ရွာ၌ ကျပ် ၁၆၀၆ သန်းဖြင့် စီမံကိန်းလုပ်ငန်း ၁၇၃ ခုတို့ကို ဆောင်ရွက်လျက်ရှိသည်။

**မြင့်ဦး(မြိတ်)**

# သဘာဝဘေးဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေးစီမံကိန်း စာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် နယ်သာလန်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် Consortium of Dutch NGO's(CDN)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း မြို့နယ်ရှစ်ခု၌ သဘာဝဘေးဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာနှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ လက်မှတ်ရေးထိုးပွဲကို



ဇူလိုင် ၆ ရက်က စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၌ ကျင်းပခဲ့သည်။

လက်မှတ်ရေးထိုးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် CDN အဖွဲ့မှ Country Director ဖြစ်သူ Mr.Gareth Edward Brindley Hughes တို့က ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းမှ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြားနှင့် မြောက်ဦးမြို့နယ်များတွင် သဘာဝဘေးဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစီမံကိန်းအရ CDN အဖွဲ့အနေဖြင့် သဘာဝဘေးဒဏ်ခံရသော ဒေသများတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သီးနှံမျိုးကွဲအလိုက် အရည်အသွေးကောင်းမွန်၍ ဒေသနှင့်ကိုက်ညီသော သီးနှံမျိုးများ ပွားများဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ဝင်သီးနှံဖြစ်သော ဖာလာ၊ ကော်ဖီနှင့် အခြားဈေးကွက်အလားအလာကောင်းသောသီးနှံများ ထုတ်လုပ်မှုမြင့်တက်စေရန် ဆောင်ရွက်ခြင်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် တန်ဖိုးမြင့်တက်လာရန် ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများ၏ အသိပညာနှင့် စွမ်းဆောင်ရည်မြင့်မားလာရေးအတွက် စိုက်ပျိုးနည်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးခြင်း၊ မိသားစု စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် အိမ်ခြံဝင်း ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကာ ကျေးလက်ဒေသနေပြည်သူများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**



# အင်းတော်ကြီးဒေသ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**မိုးညှင်း ဇူလိုင် ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သဘာဝနယ်မြေအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က အမှာစကားပြောကြားပြီး တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးမိတ်ဆွေများအသင်း(FOW)ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အသင်းဝင် ဦးဝင်းကိုကိုနိုင်ထွန်းတို့က အင်းတော်ကြီးအင်းကို အမှီပြု၍ တံငါလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာများနှင့် အဆိုပါကျေးရွာများမှ အိမ်ထောင်စုဝင်များ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားကာ ဆွေးနွေးပွဲတက်ရောက်သူများက အင်းတော်ကြီးဒေသ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

မိုးညှင်းမြို့နယ်တွင် အင်းတော်ကြီးအင်းကို အမှီသဟဲပြု၍ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများမှာ ကျေးရွာပေါင်း ၁၅ ရွာမှ တံငါသည် ၅၄၆ ဦးရှိသည်။ အင်းအတွင်း ငါးမဖမ်းဆီးရသောနေရာ ၂၉ နေရာကို သတ်မှတ်ထားပြီး ငါးဖမ်းရာတွင်လည်း တစ်လက်မထက်သေးငယ်သောပိုက်များကို အသုံးပြုပါက ငါးသယံဇာတများ ရှားပါးလာနိုင်သဖြင့် တစ်လက်မနှင့်အထက် ပိုက်များကိုသာ အသုံးပြုရန် သတ်မှတ်ထားကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် အင်းတော်ကြီးဒေသ ငါးသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဝ၆၇)**

# မိုးသည်းထန်၍ ၁၅ ပေအရှည် ကွန်ကရစ်တံတားတစ်စင်းပျက်စီး

**တာချီလိတ် ဇူလိုင် ၁၀**

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့မိုင်းပါလျှိုးကျေးရွာအုပ်စု ဝမ်လန်းကျေးရွာအနီး၌ ဇူလိုင် ၉ ရက် နံနက် ၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ စီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ အရှည် ၁၅ ပေ၊ အကျယ် ၂၂ ပေရှိ ကွန်ကရစ်တံတားတစ်စင်း ရေတိုက်စားပျက်စီးမှုဖြစ်ပွားခဲ့ပြီး ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

ရေတိုက်စားမှုကြောင့် တာလေ-ကျိုင်းလပ် ကားလမ်းပေါ် မိုင်တိုင်အမှတ် (၃၄) နှင့် (၃၅)ကြားရှိ တံတားအမှတ် (၁/၂၂) ကွန်ကရစ်တံတားသည် ထိပ်နှစ်ဖက်ချဉ်းကပ်ခုံများ ရေမျောပါ ပျက်စီးသွားခဲ့ခြင်းဖြစ်သည်။ ပျက်စီးသွားသော တံတားချဉ်းကပ်ခုံများကို ပြန်လည်ပြုပြင်ရန်အတွက် တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်လမ်းဦးစီးဌာနမှူး ဦးမာကုနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကာ လမ်းကို အမြန်ဆုံး ပြန်လည်သွားလာအသုံးပြုနိုင်ရေးအတွက် တံတားပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း (ပြန်/ဆက်)**



ပျက်စီးသွားသောတံတားကို ယာယီပြုပြင်မှုများ ဆောင်ရွက်နေစဉ်

# ဝက်သည်းကန်ရွှေမုဋ္ဌောဘုရား အနေကဇာတင်နှင့် ဝါဆိုသင်္ကန်းကပ်

**စလင်း ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဝက်သည်းကန် ရွှေမုဋ္ဌောဘုရားတွင် ဇူလိုင် ၇ ရက် နံနက်က ရှစ်မျက်နှာဘုရားများ အနေကဇာတင်နှင့် သံဃာတော်များကို ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဝက်သည်းကန် ရွှေမုဋ္ဌောစေတီမှာ သီရိမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီပေါင်းရှစ်သောင်းလေးထောင်မှ တစ်ဆူအပါအဝင်ဖြစ်သည်။ ရှစ်မျက်နှာဘုရားများအား အလှူရှင်များကောင်းမှုဖြင့် ရောင်တော်ဖွင့်ပြုပြင်ပြီး အနေကဇာတင် အခမ်းအနားပြုလုပ်၍ ပင့်သံဃာခုနစ်ပါးကို ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဂေါပကအတွင်းရေးမှူးဦးကြည်ရွှင်နှင့် ဂေါပကအဖွဲ့ဝင်များက အလှူရှင်များကို မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်း၊ ဓာတ်ဆေးပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာမဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် E-Government (Website Production with Secure contact Management System) များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)ရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၅-၇-၂၀၁၇ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၂-၈၀၇၃၅၊ ၀၂-၈၀၇၃၆၊ ၀၂-၈၁၂၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ကျောက်ဆည်စိုက်ပျိုးရေးသုတေသနခြံနှင့် မြင်းခြံစိုက်ပျိုးရေးသုတေသနခြံတို့၌ ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ (၂) ခန်းတွဲ (၂)ထပ် ရေ၊ မီး၊ အိမ်သာ၊ ရေစင်၊ သံပန်းပါ (၆၀'×၄၀'×၂၀') နှစ်လုံးဆောက်လုပ်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇မှ ၁၁-၈-၂၀၁၇ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါရောင်းချမည့်နေရာ** - တိုင်းဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၁-၈-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၂၈၄၈၆၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## အနာကြီးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၉-၈-၂၀၁၇ရက် ညနေ ၄း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အနာကြီးရောဂါအထူးကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၅၀၂၅၇၃၊ ၀၉-၆၅၀၂၅၈၃**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၈C¹၊မြေကွက်အမှတ်-၆၃ ဈေ/၃၊မြေကွက်တည်နေရာ-အမှတ်(၄၁/က)၊သံတံတားလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊(၁)ဦးမျိုးအောင်(၁၂/ပဇတ(နိုင်)၀၁၄၀၉၈)၊(၂)ဒေါ်ခင်စန်းဝေ(၁၂/တမန(နိုင်)၀၃၂၆၉၀)၊(၃)ဦးစိုးအောင်(၁၂/တမန(နိုင်)၀၀၁၉၄၅)၊(၄)ဦးတိုးဝင်း(၁၂/စခန(နိုင်)၀၃၁၁၈၈)၊(၅)ဦးမျိုးမြင့်(၁၂/တမန(နိုင်)၀၆၁၀၉၁)၊(၆)ဒေါ်ခင်စန်းလင်း(၁၂/တမန(နိုင်)၀၃၃၁၈၄)၊(၇)ဒေါ်ချယ်ရီ(၁၂/တမန(နိုင်)၀၀၃၄၂၀)၊(၈)ဦးကျော်ဇင်(၁၂/တမန(နိုင်)၀၀၁၉၆၉)၊(၉)ဒေါ်မြတ်မြတ်သင်း(၁၂/တမန(နိုင်)၀၉၆၁၄၈)၊(၁၀)ဦးအောင်နိုင်(၁၂/တမန(နိုင်)၀၉၈၀၆၉)၊(၁၁)ဒေါ်ခင်စမ်းရီ(၁၂/စခန(နိုင်)၀၂၄၂၃၁)၊(၁၂)ဦးသိန်းတန်(၁၂/စခန(နိုင်)၀၂၃၇၉၈)၊(၁၃)ဒေါ်ခင်စိန်ရီ(၁၂/သဃက(နိုင်)၀၁၃၄၂၅)အမည်ပေါက်ဧရိယာ(၀.၀၅၈)ဧကရှိမြေပိုင်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်(၂၅'×၅၀')ရှိမြေကွက်အားစမ်းချောင်းမြို့နယ် တရားရုံးတရားမကြီးမှုအမှတ်(၂၅/၂၀၁၀)၊ယင်းဒီကရီအရတရားမဇာရီမှုအမှတ်-၁/၂၀၁၁တို့အရအရောင်းအဝယ်စာချုပ်အမှတ်-၁၇၇၀/၂၀၁၃(၈-၅-၂၀၁၃)ဖြင့်ဒေါ်ခင်စမ်းရီ၊ဦးသိန်းတန်၊ဒေါ်ခင်စိန်ရီတို့မှဝယ်ယူကြောင်း တင်ပြ၍တဖက်သတ်မြေကွက်ခွဲမြေပုံမြေရာဇဝင်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ စက်ဆီ/ချောဆီ ၁၃ မျိုးတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moee.gov.mm နှင့် ရုံးရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၁-၇-၂၀၁၇ ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၁၀-၈-၂၀၁၇ ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - | ၁၅း၀၀ နာရီ |

**တင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

---

## ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
## Commerce Graduates' Association (Myanmar)
# ဟောပြောပွဲကျင်းပမည်

| | |
|---|---|
| **ဟောပြောပွဲခေါင်းစဉ်နှင့် ဟောပြောမည့်သူ** | - (၁) Guide to Computerised Accounting Implementation ဦးသိန်းလွင် (CEO-United Amara Bank)<br>(၂) How modern solutions lead to new PIC business Mr.Desmond Jiang (Business Development Manager, U2 Asia Solutions Pte Ltd.)<br>(၃) Accounting software in today's business world Mr.Sam Wong (Regional Business Development Manager, Account Software) |
| **ကျင်းပမည့်ရက်နှင့်အချိန်** | - ၂၀၁၇ခုနှစ် ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ |
| **ကျင်းပမည့်နေရာ** | - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ ၁/၁၉၊သခင်မြပန်းခြံလမ်း၊အလုံမြို့နယ်၊ရန်ကုန်မြို့။ |
| **ဆက်သွယ်ရမည့်သူများ** | - ဦးကျော်စွာဝင်း (CGA အသင်းရုံးခန်း) (၀၉-၉၇၈၄၂၃၇၈၄၊ ၀၁-၈၆၁၀၃၆၂) MICPA ရုံးခန်း(၀၉-၃၁၇၁၈၁၄၉၊ ၀၁-၂၃၁၄၆၅၃) (ရုံးချိန်အတွင်း) |
| **မှတ်ချက်** | - စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး ဇူလိုင် ၁၄ရက်၊ ညနေ(၃)နာရီ နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းပါရန်။ |

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### လားရှိုးမြို့နယ်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဒုတပ်ကြပ်ဝင်းကျော်ဇင်ဦး နှင့် ဒေါ်ယဉ်ယဉ်ဌေး
**တရားလို** **တရားပြိုင်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ(၆)၊ ရပ်ကွက်(၁၀) (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင်ဖြစ်သော ဒေါ်ယဉ်ယဉ်ဌေး သိစေရမည်။

သင့်အပေါ်၌ တရားလို ဒုတပ်ကြပ်ဝင်းကျော်ဇင်ဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်များကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပေးပို့ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာအေးလွင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**လားရှိုးမြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### လားရှိုးမြို့နယ်တရားရုံးတော်၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄

ဒေါ်စန္ဒာမိုး နှင့် ဦးလောက်ကြွယ်
**တရားလို** **တရားပြိုင်**

လားရှိုးမြို့နယ်၊ ရပ်ကွက်(၁၂)၊ ကုန်းဆုန်ကျေးရွာ၊ ကွက်သစ်တိုးချဲ့၊ အောင်သစ္စာလမ်းနေ တရားပြိုင် ဦးလောက်ကြွယ် (ဘ) ဦးရွှေခိုင် ရောင်းဝယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်စေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာအေးလွင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**လားရှိုးမြို့နယ်တရားရုံး**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ 33kV ကောင်းကင်ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) 33kV သန်လျင်-သုံးခွ ကောင်းကင်ဓာတ်အားလိုင်း (၁၆ဒသမ ၂၆)မိုင်ခန့် တည်ဆောက်ခြင်း

| | | | |
|---|---|---|---|
| (၁) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၂-၇-၂၀၁၇ |
| (၂) | **တင်ဒါပိတ်မည့်ရက်** | - | ၁၁-၈-၂၀၁၇ |
| (၃) | **တင်ဒါပိတ်မည့်အချိန်** | - | ၁၄း၀၀ နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊**
**ပစ္စည်းစီမံရေးဌာန-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

---

# အလုပ်ကြော်ငြာ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံအတွင်း ရေကြီး၊ ရေလျှံနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း (Myanmar Flood and Landslide Emergency Recovery Credit -ERC)၊ နေပြည်တော်တွင်တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| စဉ် | ရာထူးအမည် | Reference | ကာလ | ဦးရေ |
|---|---|---|---|---|
| (က) | National Social Safeguards and Gender Specialist | C4-IST-ICO3 | ၁၂ လ | ၁ ဦး |
| (ခ) | National Environmental Safeguards Specialist | C4-IST-IC04 | ၁၂ လ | ၁ ဦး |
| (ဂ) | National Procurement Assistant | C4-DRD-CS03 | ၁၂ လ | ၁ ဦး |
| (ဃ) | National FM Accountant | C4-DRD-CS05 | ၁၂ လ | ၁ ဦး |
| (င) | National Interpreter | C4-DRD-CS10 | ၁၂ လ | ၁ ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်၊ မိမိလျှောက်ထားလိုသောရာထူးနှင့် Reference နံပါတ်များကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၂၈-၇-၂၀၁၇ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့် လုပ်ငန်းတာဝန်အကြောင်း ရာထူးတစ်ခုစီအတွက် လိုအပ်သောအရည်အချင်း အသေးစိတ်ပါဝင်သော (Terms of Reference-TOR)ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်ရယူနိုင်ပါသည်။

**လိပ်မူရန်**

ဒေါ်တင်မိုးမြင့် (ညွှန်ကြားရေးမှူး)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ်(၁၄)၊ နေပြည်တော်
ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၉၄၁၀
ဖက်စ်ဖုန်း-၀၆၇-၄၀၉၂၁၀
Email: rbbdrd@gmail.com, ruralroad.drd @ gmail.com

---

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ညနေပိုင်းမဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (EMBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (EMPA)
(ဂ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (EMDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက်(၈)နှစ် ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level (စီမံခန့်ခွဲမှုအဆင့်) လုပ်သက်(၈)နှစ် ရှိရမည်။
(ဃ) ၁-၉-၂၀၁၇ ရက်တွင် အသက်(၃၀)ပြည့်ပြီးသူ ဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(စ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၁၀-၇-၂၀၁၇ရက်မှ စတင်ရယူပြီး ၇-၈-၂၀၁၇ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ အဆိုပါဌာနများ၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) EMBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)။
(ခ) EMPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန (အခန်း ၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) အင်းလျားလမ်း။
(ဂ) EMDevS သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း-၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁၃ ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။

(က) EMBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA နှင့် EMDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ အသက်ထောက်ခံချက် မပြည့်စုံသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-(EMBA-၆၆၁၇၃၆၊ ၆၆၄၆၈၄၊ ၆၆၀၈၂၂) (EMPA-၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆) (EMDevS-၅၁၀၂၁၃) ရုံး-၅၃၆၄၃၆ တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(၃၀/လုံလော့ရပ်)၊ ဦးပိုင်(၁၄/၈-၁)၊ ဧရိယာ ၀ဒသမ ၀၃၇ဧကရှိ မြေကွက်ကို ဒေါ်နန်းထွေးခမ်း ၁၃/လရန(နိုင်) ၁၀၅၆၉၈ မှ မြေခွန်ပြေစာများဖြင့် အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁)ပတ်အတွင်း ခရိုင် ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁) နဝမတန်း($C_1$)မှ မလဖိုင်ထုရော်၏ဖခင်အမည်မှန်မှာ ဦးလဖိုင်ဂမ် ဖြစ်ပါသည်။

---

## အမည်မှန်နှင့် မိဘအမည်မှန်

ပူတာအိုမြို့ အထက(ဒုတ္တန်)၊ တက္ကသိုလ်ဝင်တန်း(A)မှ မရှိန်းလွန်း၏အမည်မှန်မှာ မရင်ထန်နင်ရှိန်းလွန်း ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးရင်ထန်ခင်နှင့် ဒေါ်ဒိန်ခန်းနွန်ဇီ ဖြစ်ပါသည်။

---

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(စီတာပူ) တက္ကသိုလ်ဝင်တန်း($B_1$)မှ မရွယ်နန်၏အမည်မှန်မှာ မရှုဒန်ခန်ရွယ်နန် ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးရှုဒန်ခန်တူးအောင် ဖြစ်ပါသည်။

## "လုပ်ငန်းရှင်ကြီးများအတွက် သတင်းကောင်း"

လုပ်ငန်းရှင်ကြီးများအတွက် လမ်းမကြီးဘေးမေးတင်၊ နေရာကောင်း၊ မြေနေရာအကျယ်(၉)ဧကခန့်ရှိ (ဂရန်မြေ) မြေကွက်အကျယ်ကြီးရောင်းရန် နေပြည်တော်တွင် ရှိနေပြီ။ ဈေးနှုန်း(ညှိနှိုင်း)

ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၉၇၀၀၇၂၁၁၁၊ ၀၉-၈၃၀၀၄၄၂၊ ၀၉-၄၅၈၀၂၃၆၁၀၊ ၀၉-၉၅၄၅၂၃၆၁၀









ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မြင့်

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ နေကြာသာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ တိုက်(၈)၊ အခန်း(၁၀၁)နေ(ဦးအောင်မြင့်)၏ဇနီး၊ ဒေါက်တာချိုချိုမြင့်[ကထိက(ငြိမ်း)၊ ဆေးဝါးဗေဒဌာန၊ ဆေး(၁)]၏ချစ်လှစွာသောမိခင်၊ ဒေါက်တာဖေဇော်ဦး(Favorite ပုံနှိပ်တိုက်နှင့်စာအုပ်ထုတ်ဝေရေး)-ဒေါက်တာမြတ်မွန်သူဇာတို့၏ အဘွား၊ မမြတ်သီရိဇော်(MIS)၏ ဘွားဘွားကြီးသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၇း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မြင့်

**အသက်(၉၃)နှစ်**

ပဲခူးမြို့၊ လိပ်ပြာကန်(၁)လမ်းနေ (ဦးဖိုးမြ-ဒေါ်မိ)တို့၏သမီး၊ (ဦးမေအောင်-ဒေါ်အေးသာ)တို့၏သမီးချွေးမ၊ (ဦးဖိုးခွေး-ဒေါ်ရှိ)၊ (ဦးစောထွန်းတိတ်-ဒေါ်သန်းညွန့်)၊ (ဒေါ်ခင်လေး)၊ (ဦးသန်းမောင်-ဒေါ်မြကြည်)၊ (ဒေါ်တင်တင်)၊ (ဦးမောင်မောင်ခင်-ဒေါ်သန်းရင်)၊ (ဦးချစ်သိန်း-ဒေါ်ဟန်)၊ (ဦးညွန့်မောင်-ဒေါ်မြသင်)၊ (ဦးလှမြင့်)-ဒေါ်ခင်နွယ်တို့၏ညီမ၊ ဒေါ်အမာ၊ ဦးဇော်ဝင်း(ထက်မိုးယံ-၁၁၅မိုင်)-ဒေါ်တင်သန်း(စိန်ပန်းပြာစတိုး)တို့၏အစ်မ၊ (ဒေါ်သန်းမြင့်)၊(ဒေါ်ကြည်မြင့်)၊ (ဒေါ်ကြင်ဥ)၊ (ဦးလှမြင့်-ဒေါ်ခင်ဆွေမြင့်)၊ (ဦးအောင်တင့်)-ဒေါ်တင်တင်ဦးတို့၏အစ်မသည် ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြင်ဆိုင် အသက်(၈၀)

ဦးတင်မောင်အေး(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၁၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်သင်းသင်းစိုးတို့၏မိခင် ဒေါ်ကြင်ဆိုင်သည် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၅နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု**
**စီမံခန့်ခွဲရေးဦးစီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယရဲမှူးအုန်းဖေ

**(ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး)**

**အသက်(၅၉)နှစ်**

ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးဝင်းနေ ဒေါ်တင်မာရွှေ၏ခင်ပွန်း၊ မသက်သက်မွန်၊ မဝေဝေထွန်း၊ မမိုမိုစံနှင့်မပြည့်ပြည့်စံတို့၏ဖခင် ဒုတိယရဲမှူးအုန်းဖေသည် ၉-၇-၂၀၁၇ရက် နံနက် ၅း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲမှူးကြီး ကြည်စိုးနှင့် ဇနီး ဒေါ်စိုးစိုးလှိုင်**
**ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊ M.O.G.E ရေနံဝန်ထမ်းအိမ်ရာ၊ နက(၅)နေ ဦးစိုးသိန်း-(ဒေါ်ခင်လှ)တို့၏သား၊ ဒေါ်စိုးရည်ဦး၏မောင်၊ ဦးအောင်ဇော်ဝင်း-ဒေါ်ရွှေရည်ဦး၊ ဒေါ်စိုးရည်ထွေး၊ ဦးဝေယံထွန်း-ဒေါ်စိုးငယ်ငယ်ထွေးတို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေး ဦးအောင်စိုးဦး(ဒု-အထွေထွေမန်နေဂျာ၊ အထွေထွေစီမံခန့်ခွဲရေးဌာန၊ စမ်းလှဲ့မေရုံး(ရန်ကုန်ရုံးခွဲ)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)သည် ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

---

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း

## ဒေါ်မြင့်မြင့်ကြည်

**(အထက-၄၊ တောင်ကြီး)**

**အလယ်တန်းပြ(ငြိမ်း)**

၁၁-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားသောဇနီးသည် ဒေါ်မြင့်မြင့်ကြည်အားရည်စူး၍ ၁၁-၇-၂၀၁၇ရက်တွင် (၁)လပြည့် ကောင်းမှုကို ကိုးလုံးကွင်းစာသင်တိုက်၌ ကောင်းမှုကုသိုလ်ပြုလုပ်ပေးမည်ဖြစ်သဖြင့် ဇနီးသည် ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်တင်တင်ဝင်း(ခ)လုံးမ (မြင်းခြံ)

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၁၂၊ အခန်း(ဘီ)၊ လေးလွှာနေ (ဦးဘလှ-ဒေါ်ဒေါင်းလှ)တို့၏သမီး၊ ဦးတင်ဖေ-(ဒေါ်ခင်စန်း)တို့၏သမီးချွေးမ၊ (ဒေါ်စန်းစန်းဝင်း)၊ (ဒေါ်ငွေးငွေးဝင်း)တို့၏ညီမ၊(ဦးရဲမြင့်)-ဒေါ်သင်းသင်းစိုးတို့၏အစ်မ၊ ဦးအောင်ဇော်ဦး(ခ)ဖိုးတွတ်၏ချစ်လှစွာသောဇနီး၊ မဖူးပွင့်သီရိခိုင်၊ မနန်းအေးသော်၊ မနန်းဆွဲခယ်(အထက-၄၊ တာမွေ)တို့၏မိခင်၊ ဒေါ်မြတ်သန္တာစိုး၊ မောင်မင်းသူဇင်၊ မလှဲ့လှဲ့ဝင်း၊ မောင်ဟန်မင်းသူတို့၏အဒေါ်သည် ၁၀-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စောလွင် (မဘောဘီ)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ် ၇၅နေ (ဦးတင်ဝင်း)၏ဇနီး၊ ဦးဇာလီဝင်းစော-ဒေါ်ခင်နှင်းဖြူ၊ ဒေါ်တင်ထားဝင်း၊ ဦးထူးရာဇာဝင်း-ဒေါ်တင်နှင်းသူရတို့၏မိခင်၊ မအေးသုခ၊ မနီကိုးနှင်းရာဇာတို့၏ဘွားဘွားသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## Yeo Eng Kyu(ခ) ဦးမြင့်စိုး အသက်(၆၉)နှစ်

**ပုသိမ်ကောလိပ်(ကံရှာ)**

ရန်ကုန်မြို့၊ လမ်း ၅၀နေ (ဦးချစ်ရင်-ဒေါ်ရှုသင်း)တို့၏သား၊ ပုသိမ်မြို့နေ (ဦးသန်းလွင်-ဒေါ်ရှုရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၂၅၃နေ ဒေါ်မေရီ၏ခင်ပွန်း၊ ဒေါက်တာမေသဇင်စိုး၊ ဒေါက်တာမင်းရဲထွဋ်အောင်တို့၏ချစ်လှစွာသောဖခင်၊ ပုသိမ်မြို့နေ(ဦးဝေလွင်)-ဒေါ်ရင်ရင်မြင့်၊ ဦးကျော်အေး-(ဒေါ်စန်းစန်းမြင့်)တို့၏မောင်၊ ရန်ကုန်မြို့နေ ဦးမြင့်မောင်-ဒေါ်ခင်ကြည်တို့၏ညီ၊ ဦးအောင်ရွှေ-ဒေါ်တင်လွှမ်း၊ ဦးတင်စိုး-ဒေါ်မြင့်မြင့်အေး၊ ဦးအေးသိန်း-ဒေါ်မြင့်မြင့်ရီတို့၏အစ်ကိုသည် ၉-၇-၂၀၁၇ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှနု

**အသက်(၆၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နေ ဦးထွန်းရီ-ဒေါ်ခင်စိန်တို့၏သမီး၊ စစ်ကွင်းမြို့နေ ဦးအေးကြွယ်၏ဇနီး၊ နေပြည်တော်နေ ဦးနိုင်လင်း-ဒေါ်ခင်ချိုမာဦး၊ ဦးအောင်သန်းဝင်း-ဒေါ်ချိုချိုသန်း(ဥပဒေအကြံပေး)၊ ဦးသိန်းနိုင်ဦး-ဒေါ်စန်းနွယ်ဦး၊ ဒေါ်ရီရီသန့်(သမဝါယမဦးစီးဌာန)၊ ဒေါ်ငွေးငွေးခိုင်(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ည ၉း၀၅နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်တွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၆နာရီမှ ၉နာရီအထိ ပုဗ္ဗသီရိမြို့နေ ဒေါ်ငွေးငွေးခိုင် နေအိမ်နှင့် နံနက် ၇နာရီမှ ၁၁နာရီအထိ ဇမ္ဗူသီရိမြို့နယ်၊နေသိဒ္ဓိရပ်ကွက် ဦးနိုင်လင်း-ဒေါ်ချိုမာဦး(စွမ်းထက်စားသောက်ဆိုင်)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညွန့်ညွန့်လွင်

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ မော်လမြိုင်လမ်း၊ အမှတ် ၁နေ (ဦးတင်-ဒေါ်လန်းကြည်)တို့၏သမီး၊ (ဦးကျော်ညွန့်)အရာခံဗိုလ်၏ဇနီး၊ ဦးဝင်းစိုး-ဒေါ်မြင့်မြင့်လွင်တို့၏ညီမ၊ ဦးကျော်ဇင်-ဒေါ်အေးအေးသွယ်၊ ဒေါ်သီသီလွင်၊ ဒေါ်သူဇာလွင်၊ ဦးငွေးလွင်-ဒေါ်သန်းသန်းစိုးတို့၏အစ်မ၊ မောင်ရဲသီဟ-မရီရီဝင်းတို့၏မိခင်၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးနိုင်ဝင်း (ပ/၄၁၆၀) အသက်(၄၇)နှစ်

**(16 th Batch) GAD**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊စီမံခန့်ခွဲရေးအဆင့်(၁)အပတ်စဉ်(၁၆)မှ ချစ်သူငယ်ချင်း မျိုးနိုင်ဝင်း(ပ/၄၁၆၀)သည် ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အထိမ်းအမှတ်ပွဲတိုင်း ရောက်အောင်လာခဲ့ပြီး အပတ်စဉ်တူ သူငယ်ချင်းတွေအပေါ် တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ သံယောဇဉ်ကို သက်သေပြခဲ့သော စိတ်ထားဖြူစင် ပြုံးရွှင်နေတတ်သည့် ချစ်သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**(16 th Batch) GAD သူငယ်ချင်းများ**

---

## ဦးအောင်စိုးဦး

**ဒု-အထွေထွေမန်နေဂျာ**
**(စီမံခန့်ခွဲရေး)**
**စမ်းလှဲ့မေရုံး(ရန်ကုန်ရုံးခွဲ)**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**အသက်(၅၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊ M.O.G.E ရေနံဝန်ထမ်းအိမ်ရာ၊ နက(၅)နေ ဦးစိုးသိန်း-(ဒေါ်ခင်လှ)တို့၏သား၊ ဒေါ်စိုးရည်ဦး၏မောင်၊ ဦးအောင်ဇော်ဝင်း-ဒေါ်ရွှေရည်ဦး၊ ဒေါ်စိုးရည်ထွေး၊ ဦးဝေယံထွန်း - ဒေါ်စိုးငယ်ငယ်ထွေးတို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည် ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစောခင်မောင် (စစ်တွေ)

**အသက်(၆၉)နှစ်**

စစ်တွေမြို့၊ ရှာကြီးလမ်းနေ(ဦးထွန်းစိန်ဦး-ဒေါ်အောင်ကြာဖြူ)တို့၏သား၊ စစ်တွေမြို့၊ ပါဒလိတ်ချိုတ်၊ ပန်းခြံလမ်းနေ (ဦးမောင်သာဇံ)-ဒေါ်မအုံးခင်တို့၏သားသမက်၊ အမှတ် ၈၃၁၊ ၃လမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်အေးခင်၏ခင်ပွန်း၊ ကိုအောင်ကျော်မင်း-မခင်ခင်စုလှိုင်၊ကိုမောင်မောင်မျိုးလှိုင်-မအင်ကြင်းခိုင်တို့၏ ချစ်လှစွာသောဖခင်၊ ထက်ဝေယံလင်း၊ မခင်ယမုံလှိုင်(ခ)ချိုဝမ်တို့၏ အဘိုးရှင်သည် ၈-၇-၂၀၁၇ရက်(စနေနေ့)နံနက်၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၇-၂၀၁၇ရက်(သောကြာနေ့)နံနက် ၆နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ မွေးရပ် ဒါယိကာမကြီး

## ဒေါ်နုသာဦး

**အသက်(၉၄)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်စပါးတုံ့ရွာနေ ဦးအောင်သာလှ-ဒေါ်နီနီ၊ (ဦးအောင်သာထွန်း)-ဒေါ်မအောင်ကျန်၊ (ဦးအောင်သာဇံ-ဒေါ်လှစိန်)၊ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဝွတ္တလစ်နေ ဦးကျော်သာဇံ - ဒေါ်ခင်သန်းနု၊ (ဦးကျော်ဖေ)-ဒေါ်ခင်ထွေးရီ၊ ဦးသောင်းကျော်-ဒေါ်ထွေးတို့၏မိခင်၊ မြေး ၁၅ ယောက်၊မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးအောင်ကျော်)၏ ဇနီးသည် ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၄၃၊ နေသူရိန်လမ်း၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဝင်း(ခ) ဦးလှကြည်

**(က·စ·လ၊ ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ အမှတ် ၅၀၂နေ (ဦးဘိုးရှမ်း-ဒေါ်ရွှေဝိုင်း)တို့၏သား၊ (ဦးအေးချို-ဒေါ်အေးလှိုင်)တို့၏သားသမက်၊ ဦးဝင်းတင်(Win & Win Co.,Ltd.)-ဒေါ်မြမြအေး(MRT Co.,Ltd.)၊ ဦးညွန့်စိုး(ပြည်တွင်းရေကြောင်း)၊ (ကိုမြင့်သူ)-ဒေါ်နီနီအောင်(ဆ/မ)၊ ဒေါ်စီစီဝင်း(MPT)၊ ဦးဇော်မင်းနိုင်(ကားဝပ်ရှော့)-ဒေါ်လှလှကျင်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ဒေါ်လှအေး၏ချစ်လှစွာသောခင်ပွန်းသည် ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

## ဦးသန်းမြင့်

**လ/ထကြီးကြပ်ရေးမှူး**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**အသင်းဝင်အမှတ်(၀၈၄၆)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး(တောင်)ရပ်နေ ဦးသန်းမြင့်သည် ၅-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးလှဦး

**အခြေခံပညာဦးစီးဌာန**
**(လ/ထကြီးကြပ်ရေးမှူး၊ ငြိမ်း)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၄၉လမ်း၊ အမှတ် ၅၇/၅၉၊ တတိယထပ်နေ(ဦးရွှေထုတ်-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးညွန့်-ဒေါ်အုန်းခင်)တို့၏သားသမက်၊ ဒေါ်သင်းလွင်လွင်(ဆရာမ၊ ငြိမ်း၊ အထက-၂၊ ဗိုလ်တထောင်)၏ခင်ပွန်း၊ ဦးသီဟအောင်(GTZ Company) - မလွင်လွင်သက်(5Plus)၊Capt; အောင်ဇေယျ(Maersk Line )-မခိုင်သင်းနွယ်ဦး(Electrical Engineer, TUV Rheinland Singapore Pte. Ltd)၊ ဦးနေမျိုးသူရ(NSM, Liuvia Company Ltd, Premier Coffee) - မလှဲ့ကေခိုင်(K-Line)တို့၏ဖခင်၊ မောင်ဘုန်းပြည့်စုံ၊ မောင်သုစွမ်းဇေယျ၊ မောင်ရှင်းပိုင်သီဟတို့၏အဘိုးသည် ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## GANGAMMA TAIKLA

**အသက်(၁၀၉)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အောက်)၊ အမှတ်(၁၀၇-ဘီ)နေ (MAHALA CHIMI NAIDU)၏ဇနီး၊ (ဦးသစ်သီး)-ဒေါ်စန်းစန်းအေး၊ (Lakshmi)တို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ် ၁၉ယောက်တို့၏ ဘွားဘွားကြီးသည် ၁၀-၇-၂၀၁၇ရက် နံနက် ၃း၃၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၁၇ရက် ညနေ ၃နာရီတွင် ဟိန္ဒူ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကွမ်းရင် (လားရှိုးမြို့)

**အသက်(၉၅)နှစ်**

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးနေဝင်းအောင်၏မိခင်ဖြစ်သူ ဒေါ်ကွမ်းရင်သည် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးမောင်မောင်မြ(ခ)မိုက်ကယ်မြ

**ဒုစက်ရုံမှူး(ငြိမ်း)၊ မြန်မာ့ဆေးဝါးလုပ်ငန်း**
**အသက်(၉၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း၊ အမှတ် ၁၉နေ (ဦးစောရွှေမြ-ဒေါ်စိန်နီ)တို့၏သား၊ (ဗိုလ်မှူး ဒေါက်တာရီတာမြ-ဗိုလ်မှူးကြီးမောင်အေး)၊ (ဒေါ်ရူဘီမြ-ဦးစောလှပု)၊ ဒေါက်တာရီနာမြ-(မန်းထွန်းရင်စံငွေး)၊ နော်ရို့စ်မြ-Rev စောစိန်အောင်တို့၏အစ်ကို၊ နော်ကယ်ရိုမြ[သရုပ်ပြ (ငြိမ်း)၊ ရက္ခဗေဒဌာန၊ ပုသိမ်တက္ကသိုလ်]၏ ချစ်လှစွာသောခင်ပွန်း၊ နော်မြမြ-(စောကျော်ခိုင်ထွန်း)၊ နော်သန်းသန်းမြ၊ စောထွေးမြ(Myanmar CP Livestock)၊ နော်သင်းသင်းမြ-(ဦးကျော်ဇင်သိန်း)တို့၏ဖခင်၊ နော်လွယ်မူးဖော-John Mercer (Texas, USA)၊ နော်ဒေးမူးဖော(Christian Aid Myanmar)၊ စောနေဇင်သိန်း(Melbourne Co.,Ltd)-မလှိုင်မေမြင့်၊ နော်စူဇဲနာဆဲမူးဖော(World Vision Myanmar)တို့၏ဘိုးဘိုးကြီးသည် ၁၀-၇-၂၀၁၇ရက် နံနက် ၃း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကြည်

**ဒု-ညွှန်မှူး(ငြိမ်း)၊ ပြည်တွင်းအခွန်**
**(မန္တလေးအသင်း သက်ကြီးပူဇော်ခံ)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အလုံပထမသီရိရိပ်သာ၊ အမှတ် ၁၆၆/၅နှင့် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီးဝန်ထမ်း Duplex အိမ်ရာ၊ အမှတ်(G)နေ (ဦးဘိုးညိန်-ဒေါ်ဖွားမြစ်)တို့၏သား၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာတင့်တင့်ကြည်၊ (ဦးတင်ရွှေ) ဒေါ်မြင့်မြင့်ကြည်၊ ဒေါက်တာနေမျိုးဒေါ်အေးအေးထွန်းမျိုး၊ ဒေါက်တာကျော်စိုး(ဒုညွှန်မှူး၊ ဆေးသု) ဒေါ်ခင်မြင့်မြင့်ဦးတို့၏ဖခင်၊ ကိုဖြိုးသန့်၊ မဇွန်ဝေ၊ မမေမိုးသန့်၊ မောင် Nathan ဇော်မျိုး၊ မောင်သန့်ထက်စိုးတို့၏အဘိုးသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၀၀း၅၄နာရီတွင် နေပြည်တော် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေပြည်တော် ခုတင်-၁၀၀၀ဆေးရုံကြီး ဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုးသိမ်း (သုံးဆယ်)

**ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ စိုးသိမ်းထွဋ်**
**ရုပ်ရှင်သရုပ်ဆောင် ဆိုးပေ**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၄၂နေ(ဦးချူ-ဒေါ်လှတင်)တို့၏သား၊ (ဦးကြွက်သိုး-ဒေါ်စိန်)တို့၏သားသမက်၊ ဦးသာထွဋ်-ဒေါ်ခင်မြတ်သက်တို့၏ညီ၊ ဒေါ်ရီရီသိန်း-(ဦးလှမြင့်)၊ ဒေါ်နီနီသိန်းတို့၏အစ်ကို၊ ဒေါ်အေးအေးဆင့်၏ခင်ပွန်း၊ ဦးစိုးထွဋ်(HYUN DAI HEAVY INDUSTRIES, KOREA)-ဒေါက်တာမြထွေးငယ်(ခုတင်-၅၀၀)အထူးကုဆေးရုံကြီး၊ ဦးသက်တင်ဝင်းလွင်(Double S.T Co Ltd)-ဒေါ်ငြိမ်းငြိမ်းထွဋ်၊ မဇင်ဇင်ထွဋ်တို့၏ဖခင်၊ မသုသုဟေသီ၊ မောင်မင်းထွဋ်မြတ်တို့၏အဘိုးသည် ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၁၉နာရီတွင် Grand Hantha International ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှကြည်

**B.Sc, DSA - ၁၂**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၃၃/ကနေ (ဒေါ်အေးမြင့်ကြည်)၏ခင်ပွန်း ဦးလှကြည်သည် ၈-၇-၂၀၁၇ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် သူငယ်ချင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**DSA-၁၂ ကျောင်းဆင်းသူငယ်ချင်းမိသားစုများ**

---

## ကိုမင်းသိန်းထွန်း (ရန်ကုန်၊ သုဝဏ္ဏ)

**ဘီအေ (စိတ်ပညာ)**
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ တိုက် ၅၂၊ အခန်း ၃နေ (ဦးကျော်ဇံ)-ဒေါ်တင်ငွေ(နကသ၊ ငြိမ်း)တို့၏ချစ်လှစွာသောသား၊ ဦးငြိမ်းချမ်း - ဒေါ်မြသန္တာ (ကုန်သွယ်/ဦးစီး)တို့၏မောင်၊ ဦးဇော်ဝင်းထွန်း(MRTV-TCL)-ဒေါ်အေးမြတ်သီတာ၊ ဒေါ်သီသီယဉ်(အမက-၂၈၊ လှိုင်သာယာ)၊ ဦးရဲတိုက်-ဒေါ်သီသီလွင်(အထက၊ ဥက္ကံ)တို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဦးလေးသည် ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မဟာမြတ်မုနိကျောင်းတိုက်မှ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၇ရက် (စနေနေ့)တွင် တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ MRTV(ရုံးဝင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်ကြားရှိ Y ပုံသဏ္ဍာန်ခုံးကျော်တံတားနှင့် မြို့မြင်ကွင်းကျယ်ကို ဝေဟင်မှတွေ့မြင်ရစဉ်

# ရန်ကုန်မြို့သစ်တည်ဆောက်ရေးစီမံကိန်း ပြန်လည်ဆွေးနွေးသုံးသပ်မည်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့သစ် တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး လွှတ်တော်တွင်း၌ သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အရေးပေါ်(ပထမနေ့) အစည်းအဝေးမှ သိရသည်။

ယနေ့ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်(ပထမနေ့) အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ရန်ကုန်မြို့သစ်စီမံကိန်းနှင့် ပတ်သက်၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ ဒေါ်စန္ဒာမင်း (ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်)က လွှတ်တော်အတွင်း ပြန်လည်ဆွေးနွေးသုံးသပ်ရန် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် တင်ပြခဲ့သဖြင့် လာမည့်အစည်းအဝေးတွင် ရန်ကုန်မြို့သစ်တည်ဆောက်ရေး စီမံကိန်းနှင့်ပတ်သက်ပြီး လွှတ်တော်အတွင်း ပြန်လည်ဆွေးနွေးသုံးသပ်ရန် လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုခဲ့ပြီး ဆွေးနွေးလိုသည့် အကြောင်းအရာများကို ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားတင်ပြရမည်ဖြစ်ကြောင်း လွှတ်တော်မှ အတည်ပြုခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❁

## နှစ် (၇၀)ပြည့် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၀**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက် (ဗုဒ္ဓဟူးနေ့)၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်း အဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နှစ် (၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့အား အခမဲ့ဖွင့်လှစ်ပြသမည်

**နေပြည်တော် ဇူလိုင် ၁၀**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့ကို ရဟန်းရှင်လူ ပြည်သူလူထုနှင့် နိုင်ငံခြားသားများ အခမဲ့ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် (နတ်မောက်)တို့ကို ဇူလိုင် ၁၉ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ ဇူလိုင် ၂၀၊၂၁၊၂၂၊၂၃ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ကို ဇူလိုင် ၁၉၊ ၂၀၊ ၂၁ ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ *စာမျက်နှာ ၁၄ ကော်လံ ၁* ✻

## ချင်းတွင်းမြစ်ရေ စိုးရိမ်မှတ်ကျော်လွန်၍ မြို့တွင်းသို့ဝင်ရောက်



**ခန္တီး ဇူလိုင် ၁၀**

ဒုတိယအကြိမ်မြောက် ခန္တီးမြို့တွင် မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီခွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တိုင်းထွာချက်အရ ၁၄၉၇ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် ခန္တီးမြို့၏ စိုးရိမ်အမှတ် ၁၃၆၀ စင်တီမီတာထက် ကျော်လွန်၍

*စာမျက်နှာ ၈ ကော်လံ ၅* ❄

